# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၄ ခုနှစ် ၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၄) ရက် ၊ တနင်္လာနေ့ ၊ (21-11-2022) ၊ အတွဲ (၃၁) ၊ အမှတ် (၂၀၅)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

(၁) ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီဆက်လက်လုပ်ဆောင်သွားမည်။

(၂) လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

(၃) ကိုဗစ်-၁၉ ကပ်ရောဂါကြောင့်ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

(၄) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

(၅) အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီ စံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)မှ အထူးကုဆေးအဖွဲ့က ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် နိုဝင်ဘာ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် ရောက်ရှိနေသည့် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)သည် ယနေ့တွင် ပုသိမ်မြို့နယ် ငွေဆောင်မြို့ရှိ ပြည်သူ့ဆေးရုံတွင်အခြေပြု၍ ဒေသခံပြည်သူ ၁၀၆၆ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ

**စာမျက်နှာ ၁၈ ကော်လံ ၁** ☞

# အရှေ့တောင်အာရှရှိ တတိယအကြီးဆုံးအိုင်သို့ ဆောင်းခိုငှက်မျိုးစိတ် ၁၉ မျိုးတွင် ရေပျော်ငှက်ကောင်ရေ ၉၆၀ ကျော် စတင်ဝင်ရောက်နားခို

**ရန်ကုန် နိုဝင်ဘာ ၂၀**

အရှေ့တောင်အာရှတွင် တတိယအကြီးဆုံးအိုင်ဖြစ်သော ကချင်ပြည်နယ် မိုးညှင်းခရိုင်ရှိ အင်းတော်ကြီးအိုင်သို့ အောက်တိုဘာလကုန်ပိုင်းမှစ၍ ကမ္ဘာ့မြောက်ခြမ်းမှ ဆောင်းခိုငှက်များ စတင်ဝင်ရောက်ခဲ့ရာ ယခုနိုဝင်ဘာလ ဆောင်းရာသီသို့ ဝင်ရောက်လာချိန်တွင် ကမ္ဘာ့ရှားပါးရေပျော်ငှက်အပါအဝင် ဆောင်းခိုငှက်မျိုးစိတ် ၁၉ မျိုးဝင်ရောက်လျက်ရှိပြီး ရေပျော်ငှက် ၉၆၆ ကောင် ဝင်ရောက်နားခိုကျက်စားလျက်ရှိကြောင်းသိရသည်။

၂၀၂၁ ခုနှစ် ဆောင်းဦးရာသီ၌ ဆောင်းခိုငှက်မျိုးစိတ် ၂၀တွင် **စာမျက်နှာ ၂၀ ကော်လံ ၁** ■



အင်းတော်ကြီးအိုင်၏ ဒေသမျိုးရင်းဖြစ်ပြီး မျိုးသုဉ်းရန် အန္တရာယ်ရှိနေသည့် မယ်ညိုရေပျော်ငှက် (Grey headed Swamphen) ဆောင်းဦးရာသီတွင် ဝင်ရောက်ကျက်စားနေမှုကို တွေ့ရစဉ်။




ရတနာပုံ
၂၀၂၂ ခုနှစ် နိုဝင်ဘာ ၂၁ ရက်
အယ်ဒီတာ့အာဘော်

# ပြည်ပ ပယောဂ ပြည်တွင်းအားဖြင့်တွန်းလှန်

မြန်မာနိုင်ငံသည် လွတ်လပ်ရေးရရှိချိန်မှစ၍ လွတ်လပ်၍ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ချမှတ်ကျင့်သုံးသည်။ ထို့ပြင် နိုင်ငံများကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး အခြေခံမူကြီး(၅)ချက်ကိုကိုင်စွဲလျက် ကုလသမဂ္ဂအခြေခံမူများ ရည်မှန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်လျက်ရှိသည်။ သို့သော်လည်း နိုင်ငံတော်၏တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို မလိုလားသူများက နည်းလမ်းအမျိုးမျိုးဖြင့် သွေးထိုးနှောင့်ယှက်နေသည်ကို တွေ့မြင်နေရသည်။

လက်ရှိ ကမ္ဘာ့နိုင်ငံရေးအဖြစ်အပျက်များကို လေ့လာကြည့်လျှင် အနောက်အုပ်စုရှိ အင်အားကြီးနိုင်ငံတစ်နိုင်ငံက ကမ္ဘာ့နိုင်ငံရေးလောကဇာတ်ခုံကို အမျိုးမျိုးခြယ်လှယ်မှုပြုလျက်ရှိသည်။ အဆိုပါနိုင်ငံကြီး၏ ကြိုးဆွဲရာလိုက်ပါသည့်နိုင်ငံများ၊ ၎င်း၏အကျိုးစီးပွားကို ဖြည့်ဆည်းဆောင်ရွက်ပေးသည့်နိုင်ငံများ စသည့်နိုင်ငံတို့တွင် လူ့အခွင့်အရေးချိုးဖောက်မှုများ၊ မင်းမဲ့စရိုက်ဆန်သောအပြုအမူများ၊ သူတစ်ပါးနိုင်ငံအပေါ် ဝင်ရောက်စွက်ဖက်မှု သို့မဟုတ် ပိုင်နက်ကျူးကျော်မှုများ စသည်တို့ကို ကျူးလွန်သော်လည်း မည်သည့်အရေးယူမှုမျှ ဆောင်ရွက်ခြင်းမပြုပေ။ မျက်ကွယ်ပြုပြီး အကာအကွယ်ပေးမှုပင်ပြုလုပ်ပေးကြသည်။

ထို့ပြင် ၎င်းတို့၏အလိုကိုမလိုက်လျောသည့်နိုင်ငံ၊ ၎င်းတို့၏ ဗိုလ်ကျစိုးမိုးမှုကို လက်မခံသောနိုင်ငံများကိုမူ ဒီမိုကရေစီဟူသော ခေါင်းစဉ်တပ်ကာ အသံကောင်းဟစ်ကြသည်။ ပိတ်ဆို့အရေးယူမှုအမျိုးမျိုးပြုလုပ်သည်။ ကုန်ကုန်ပြောရလျှင် ကုလသမဂ္ဂအခြေခံမူများ၊ ပဋိညာဉ်များကိုပင် ဖောက်ဖျက်မှုပြုကြသည်။ ၎င်းတို့လိုလားသည့် ရုပ်သေးအစိုးရတစ်ရပ်မရမချင်း လူ့အခွင့်အရေးအကြောင်းပြကာ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်မှုပြုမြဲသာဖြစ်သည်။

ယခုအခါ နိုင်ငံတော်အစိုးရသည် စစ်မှန်သည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုတည်ဆောက်ရေးကို ဦးတည်ဆောင်ရွက်နေသည့်အပြင် ဒီမိုကရေစီကျင့်စဉ်ကောင်းများပေါ်ထွန်းရေး၊ နိုင်ငံရေးအင်အားစုများ တောင့်တင်းခိုင်မာဖွံ့ဖြိုးရေးအတွက် ရွေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက်(၉)ရပ်ချမှတ်ကာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ လက်ရှိတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးကာ ထာဝရငြိမ်းချမ်းရေးတည်ဆောက်နိုင်ရန် ကြိုးပမ်းနေပြီး ကျွဲကူးရေပါဆိုသကဲ့သို့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် စစ်မှန်သောဒီမိုကရေစီစနစ်ထွန်းကားရေးအတွက်ပါ ကြိုးပမ်းဆောင်ရွက်နေသည်။

သို့ရာတွင် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကိုမလိုလားသော အနောက်နိုင်ငံတချို့နှင့် ၎င်းတို့၏ဩဇာခံပြည်ဖျက်မီဒီယာများက ပြည်တွင်းရေးကို စွက်ဖက်သွေးခွဲမှုများပြုလုပ်နေကြပြီး NUG၊ CRPH၊ PDF အမည်ခံအကြမ်းဖက်သမားများနှင့် မျက်ကန်းမျိုးချစ်သမားတို့သည် အကြမ်းဖက်မှုအမျိုးမျိုးကို ဆောင်ရွက်လျက်ရှိသည့်အပြင် လူသတ်၊ ဓားပြတိုက်မှုများ၊ သံဃာတော်များ၊ သာသနာ့အနွယ်ဝင်သီလရှင်ဆရာလေးများ၊ ပညာရေးဝန်ထမ်းများ စသည်တို့ကို လူမဆန်စွာ သတ်ဖြတ်နေကြသည်။

သို့သော် အမှန်တရားကိုမြတ်နိုးပြီး တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုကို လိုလားသောပြည်သူများ၏ ပူးပေါင်းပါဝင်မှုကြောင့် အဖွဲ့အစည်းလိုက်လည်းကောင်း၊ တစ်ဦးချင်းလိုက်လည်းကောင်း ပြစ်မှုကျူးလွန်သူများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက အချိန်တိုအတွင်း ဖော်ထုတ်အရေးယူနိုင်ခြင်းဖြစ်သည်။

ယခုအခါ ပြည်သူများအနေဖြင့် ပြည်ပသွေးထိုးလှုံ့ဆော်မှုပယောဂအမျိုးမျိုးကို အမှန်အတိုင်းရှုမြင်သုံးသပ်ပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုကိုလိုလားလျက်ရှိကြရာ သတိမူကမြူကိုပင်မြင်ရ ဆိုသကဲ့သို့ ပြည်ပ ပယောဂနှောင့်ယှက်မှုအမျိုးမျိုးကို ပြည်တွင်းအားဖြင့် တွန်းလှန်ကာ နိုင်ငံတော်နှင့် နိုင်ငံသားအကျိုးရှေးရှုဆောင်ရွက်ရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားအပ်ပေသည်။

# မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်



**မန္တလေး နိုဝင်ဘာ ၂၀**

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်လျက်ရှိကြောင်း ဘုရားဂေါပကအဖွဲ့များထံမှ သိရသည်။

ယနေ့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီး ဘုရားများဖြစ်သော မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်တော်နှင့်ဝေရောစနကျောက်စိမ်းစေတီတော်တို့တွင် ဘုရားဖူးရဟန်းသံဃာတော်များနှင့်ပြည်သူစုစုပေါင်း ၁၈၆၄၄ ဦး လာရောက်ဖူးမြော်ကြကြောင်း သိရသည်။

"ဒီနေ့ဟာ ကျောင်းပိတ်ရက်၊ ရုံးပိတ်ရက်ဖြစ်တာကြောင့် ဝေရောစန ကျောက်စိမ်းစေတီတော်ကို ဘုရားဖူးတွေ နယ်စုံကနေ လာရောက်ဖူးမြော်ကြပါတယ်။ ဘုရားဖူးဦးရေတိုးလာပါတယ်။ နားနေဆောင်မှာလဲ ဝင်ရောက်နားခိုကြပါတယ်။ သနပ်ခါးကျောက်ပျဉ်ကြီးတွေမှာလဲ ဝင်ရောက်လိမ်းခြယ်ကြတာကို တွေ့ရပါတယ်။ ဆိုင်ခန်းတွေလဲ ဖွင့်လှစ်ရောင်းချနေပါတယ်။ ကျောက်စိမ်းလိုဏ်ဂူအတွင်းကိုလဲ ဘုရားဖူးတွေက ဝင်ရောက်လေ့လာကြပါတယ်"ဟု ဝေရောစနကျောက်စိမ်းစေတီတော် ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဦးက ပြောပြသည်။

ဝေရောစနကျောက်စိမ်းစေတီတော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ညနေထိ ဘုရားဖူး ၁၉၆၅ ဦး လာရောက်ဖူးမြော်ကြောင်း သိရသည်။

မဟာမုနိရုပ်ရှင်တော်သို့ ယနေ့ညနေထိ ဘုရားဖူး ၁၈၃၇၇၁ ဦး လာရောက် ဖူးမြော်ခဲ့ကြောင်း၊ ဘုရားကို နံနက် ၄ နာရီ မိနစ် ၃၀ မှ ညနေ ၆ နာရီထိ ဖွင့်လှစ်ထားပြီး ဘုရားဖူး ရဟန်းရှင်လူပြည်သူများအနေဖြင့် မုခ်လေးခုစလုံးမှ ဝင်ရောက်ဖူးမြော်နိုင်ကြောင်း မဟာမုနိရုပ်ရှင်တော်ဂေါပကအဖွဲ့ ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြသည်။

ထို့အတူ မန္တလေးတောင်တော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ပေးထားကြောင်း၊ ယနေ့ ညနေထိ ဘုရားဖူး ၇၁၂ ဦး လာရောက်ဖူးမြော်ကြောင်း မန္တလေးတောင်တော်ဂေါပကအဖွဲ့ အုပ်ချုပ်ရေးမှူး ဦးစိုးကြည်က ပြောပြ၍ သိရသည်။ (၁၈၅)

# ယခုတစ်ပတ်အတွင်း ပြည်တွင်းရွှေဈေး တည်ငြိမ်နေ

**မန္တလေး နိုဝင်ဘာ ၂၀**

ယခုတစ်ပတ်အတွင်း ကမ္ဘာ့ရွှေဈေး တည်ငြိမ်မှု မရှိသော်လည်း ပြည်တွင်းရွှေဈေးနှုန်းများတည်ငြိမ်နေကြောင်း မန္တလေး ရွှေဈေးကွက်အတွင်းမှ သိရသည်။

ယခုတစ်ပတ်အတွင်း ပြည်တွင်းရွှေဈေးနှုန်းများ တည်ငြိမ်နေပြီး အရောင်းအဝယ်အနေဖြင့် ပုံမှန်အခြေအနေတွင်သာရှိနေကြောင်း သိရသည်။

"အခုတစ်ပတ်ထဲမှာ ကမ္ဘာ့ရွှေဈေးက အလှုပ်အခတ်ရှိခဲ့တယ်လို့ ပြောရမှာပေါ့။ ပြည်တွင်းရွှေဈေးနှုန်းကော အရောင်းအဝယ်ပါ ငြိမ်နေတယ်။ လာမဲ့တစ်ပတ်ထဲမှာ ကမ္ဘာ့ရွှေဈေးက တည်ငြိမ်မှုမရှိနိုင်သေးဘူး။ အခြေအနေကတော့ အကျဘက်မှာဆိုတော့ စောင့်ကြည့်ရအုံးမှာပါ"ဟု မန္တလေးမြို့မှ ရွှေကုန်သည် ဦးအောင်နိုင်မင်းက ပြောပြသည်။

ကမ္ဘာ့ရွှေဈေးကွက်တွင် တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၇၆၀ ဖြင့် ဈေးတန်းဖွင့်ခဲ့ပြီး ဒေါ်လာ ၁၇၈၆ ဒေါ်လာထိ အမြင့်ဆုံးတက်ခဲ့ကြောင်း၊ ထို့နောက် တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၇၄၇ ဒေါ်လာထိ အနိမ့်ဆုံးကျဆင်း၍ ဒေါ်လာ ၁၇၅၀ ဖြင့် ဈေးတန်းပိတ်ခဲ့ကြောင်း သိရသည်။

နိုဝင်ဘာ ၁၃ ရက်တွင် ကမ္ဘာ့ရွှေဈေး တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၇၅၄ ဒေါ်လာ၊ ပြည်တွင်း အခေါက်ရွှေ ၁၆ ပဲရည် တစ်ကျပ်သားလျှင် ငွေကျပ် ၂၅၁၀၀၀၀၊ ၁၅ ပဲရည် တစ်ကျပ်သားလျှင် ငွေကျပ် ၂၄၀၈၀၀၀၊ ငွေလဲလှယ်နှုန်းမှာ အမေရိကန်ဒေါ်လာ တစ်ဒေါ်လာလျှင် ငွေကျပ် ၂၁၀၀ ရှိကြောင်း သိရသည်။

နိုဝင်ဘာ ၁၉ ရက်တွင် ကမ္ဘာ့ရွှေဈေး တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၇၅၀၊ ပြည်တွင်း အခေါက်ရွှေ ၁၆ ပဲရည် တစ်ကျပ်သားလျှင် ငွေကျပ် ၂၅၁၀၀၀၀၊ ၁၅ ပဲရည်တစ်ကျပ်သားလျှင် ငွေကျပ် ၂၄၀၈၀၀၀၊ ငွေလဲလှယ်နှုန်းမှာ အမေရိကန်ဒေါ်လာ တစ်ဒေါ်လာလျှင် ငွေကျပ် ၂၁၀၀ ရှိကြောင်း သိရသည်။

ယနေ့တွင် ကမ္ဘာ့ရွှေဈေး တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၇၅၀၊ ပြည်တွင်း အခေါက်ရွှေ ၁၆ ပဲရည် တစ်ကျပ်သားလျှင် ငွေကျပ် ၂၅၉၀၀၀၀၊ ၁၅ ပဲရည် တစ်ကျပ်သားလျှင် ငွေကျပ် ၂၅၁၀၀၀၀၊ ငွေလဲလှယ်နှုန်းမှာ အမေရိကန် ဒေါ်လာ တစ်ဒေါ်လာလျှင် ငွေကျပ် ၂၁၀၀ ရှိကြောင်း သိရသည်။ (၁၇၃)

# မန္တလေးဈေးကွက်အတွင်း တရုတ်အာလူးများ ဈေးကောင်းရရှိ

**မန္တလေး နိုဝင်ဘာ ၂၀**

မန္တလေး ဈေးကွက်အတွင်း တရုတ်အာလူးများ အဝယ်လိုက်လာခြင်းကြောင့် ဈေးကောင်းရရှိနေကြောင်း မန္တလေးမြို့မှ အောင်ကြက်သွန်နှင့် အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။

ယခင်က မန္တလေးဈေးကွက်အတွင်း တရုတ်အာလူးများ အရောင်းအဝယ် အေးလျက်ရှိကြောင်း၊ ယခုအခါ မန္တလေးဈေးကွက်အတွင်း တရုတ်အာလူးများ အရောင်းအဝယ်ပြန်လည်ကောင်းမွန်လာခြင်းကြောင့် ဈေးကောင်းရရှိလာကြောင်း သိရသည်။

"တရုတ်အာလူးက နိုဝင်ဘာလ ပထမပတ်ထဲမှာ အရောင်းအဝယ် အေးနေခဲ့ပြီး ပြည်တွင်းကထွက်တဲ့ အာလူးလောက် ဈေးကောင်းမရခဲ့ဘူး။ အခုလတ်တလောမှာတော့ မန္တလေးဈေးကွက်ထဲမှာ တရုတ်အာလူးတွေ အဝယ်ပြန်လိုက်လာပြီး အရောင်းအဝယ်ကလဲ ကောင်းမွန်နေတာကြောင့် ဈေးကောင်းပြန်ရနေပါတယ်"ဟု ဒေါ်မေသဲဆွေက ပြောပြသည်။

မန္တလေး ဈေးကွက်အတွင်း နိုဝင်ဘာလ ပထမပတ်အတွင်းက တရုတ်အာလူးဈေးနှုန်းမှာ တစ်ပိဿာလျှင်ငွေကျပ် ၁၇၀၀ ခန့်သာ ရှိခဲ့သော်လည်း ယနေ့တွင် တရုတ်အာလူးတစ်ပိဿာလျှင် ငွေကျပ် ၁၉၅၀ ခန့် ထိပေါက်ဈေးရှိကြောင်း သိရသည်။

"အခုလတ်တလောကတော့ တရုတ်နိုင်ငံကနေ ပြည်တွင်းကို အာလူးတင်ပို့မှုက တော်တော်လေး အားကောင်းလာတယ်။ တရုတ်အာလူးအသစ်တွေကလဲ အခု မန္တလေးဈေးကွက်ထဲ ဆက်တိုက်ဝင်နေပြီး အရောင်းအဝယ်ကောင်းတဲ့အပြင် ဈေးကောင်းလဲရနေပါတယ်"ဟု ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။ (၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၅၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ကျွန်းလှမြို့နယ် ဇီးတော-ချောင်းကွေ့ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းညှိနှိုင်းစည်းဝေး

**ကျွန်းလှ နိုဝင်ဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဇီးတော-ချောင်းကွေ့ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျွန်းလှမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိဏ်းမောင်က ဇီးတော-ချောင်းကွေ့ကျေးရွာသည် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း ပထမနှစ်စက်ဝန်းကို စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ကျေးရွာဖြစ်ပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း တစ်နှစ်ပြည့်မြောက်ပြီဖြစ်သဖြင့် ယခုကဲ့သို့ နှစ်ပတ်လည် လုပ်ငန်းညှိနှိုင်းအစည်းအဝေးပွဲ ကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသော ဒေသခံပြည်သူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းမှ ရရှိလာသည့် အကျိုးကျေးဇူးများ၊ တွေ့ကြုံရသော အခက်အခဲများ၊ အားနည်းချက်၊ အားသာချက်များ ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များကို မြို့နယ်ဦးစီးမှူးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဇီးတော-ချောင်းကွေ့ကျေးရွာသည် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၂၉၈ သိန်းကို အသင်းသား၊ အသင်းသူ ၆၄ ဦးအား ထုတ်ချေးပေးခဲ့ကြောင်း၊ ချေးယူသူအသင်းသားများအနေဖြင့် ယခုစီမံကိန်းသည် အတိုးနှုန်းနည်းနည်းဖြင့် ချေးရပြီး ရရှိလာသော အတိုးငွေများကို ကျေးရွာအတွက် ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်ရခြင်း၊ စီမံကိန်းမရရှိမီနှင့် နှိုင်းယှဉ်ကြည့်လျှင် မိသားစုဝင်များ အဆင်ပြေလာခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ကြောင်း ကျွန်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိဏ်းမောင်က ပြောပြ၍ သိရသည်။

**အေးသူ**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ မိတ္တဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ ရွှမ်းပွဲရပ်နေ ဦးရိုးလွင်-ဒေါ်မြင့်မြင့်သန်း (ခင်ယော်ပလတ်စတစ်)မိသားစုက သား ကိုဝင်းသန့်(မွေးနေ့)အထိမ်းအမှတ်အဖြစ် ဆွမ်းပဒေသာပင်အတွက် ငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ ဒုတိယဆေးရုံအုပ် ဒေါက်တာဒေါ်ရီရီမြင့်နှင့် ရုံးအဖွဲ့မှူး ဦးသန့်ဇင်တို့က လက်ခံရယူစဉ်။

# ကျောက်ဖြူသဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံစီမံကိန်း ၂၀၂၃ ခုနှစ် ဇန်နဝါရီလအတွင်းပြီးမြောက်နိုင်ရေး ဆောင်ရွက်နေ



**နေပြည်တော် နိုဝင်ဘာ ၂၀**

ကျောက်ဖြူသဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံစီမံကိန်းကို ၂၀၂၃ ခုနှစ် ဇန်နဝါရီလအတွင်း ပြီးမြောက်နိုင်ရေး ဆောင်ရွက်နေကြောင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ သတင်းများအရ သိရသည်။

အဆိုပါ ကျောက်ဖြူသဘာဝဓာတ်ငွေ့နှင့်စွန့်ပစ်အပူသုံးလျှပ်စစ်ဓာတ်ငွေ့အားပေးစက်ရုံ စီမံကိန်းကို ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်တွင် ၂၀၂၀ ပြည့်နှစ်က စတင်အကောင်အထည်ဖော် တည်ဆောက်နေခြင်းဖြစ်ကြောင်း၊ အဆိုပါ စီမံကိန်းကို Powerchina Resources Ltd (powerchina Group) နှင့် မြန်မာတိုင်းရင်းသားပိုင် နည်းပညာဦးဆောင်မှုကုမ္ပဏီ ရှယ်ယာများ ထည့်ဝင်လုပ်ကိုင်ဆောင်ရွက်နေကြောင်း သိရသည်။

စီမံကိန်းလုပ်ငန်း စတင်ဆောင်ရွက်ချိန်မှ လက်ရှိအချိန်ထိ နိုင်ငံခြားသား အင်ဂျင်နီယာဦးရေ ၂၀၀ ကျော်၊ မြန်မာနိုင်ငံသားအင်ဂျင်နီယာနှင့် အခြားဝန်ထမ်းဦးရေ ၃၀၀ ကျော်ဖြင့် နေ့ဆိုင်း၊ ညဆိုင်းခွဲကာ အချိန်အဟုန်ဖြင့် လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျောက်ဖြူသဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ စီမံကိန်းတွင် ဂျာမနီနိုင်ငံကထုတ်လုပ်ပြီး မြန်မာနိုင်ငံတွင် ပထမဆုံးတပ်ဆင်အသုံးပြုမည့် စွမ်းအားအမြင့်ဆုံးနှင့် သဘာဝဓာတ်ငွေ့သုံးစွဲမှု အသက်သာဆုံး တာဘိုင်စက်များကို ယခုနှစ် အောက်တိုဘာ ၁၀ ရက်က တပ်ဆင်ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ စီမံကိန်းကို ၂၀၂၃ ခုနှစ် မေလတွင် လုပ်ငန်းများ ဆောင်ရွက်ပြီးစီးကာ စီးပွားဖြစ်လည်ပတ်ဆောင်ရွက်နိုင်ရန် လျာထား ဆောင်ရွက်ခဲ့သော်လည်း လက်ရှိဆောင်ရွက်ပြီးစီးမှု အခြေအနေများအရ ၂၀၂၃ ခုနှစ် ဇန်နဝါရီလအတွင်း ပြီးစီးနိုင်ရေး ဆောင်ရွက်နေကြောင်း သိရသည်။

စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးသွားပါက နိုင်ငံတော်ဓာတ်အားစနစ်တွင် ဓာတ်အားပိုမိုထွက်ရှိလာမည်ဖြစ်ပြီး နိုင်ငံတော် ဓာတ်အားစနစ်မှတစ်ဆင့် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်နှင့် နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားပိုမိုဖြန့်ဖြူး ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ သတင်းများအရ သိရသည်။

**SKL**

# ချောက်မြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)များစိုက်ပျိုးနေမှု စစ်ဆေး

**ချောက် နိုဝင်ဘာ ၂၀**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ရွာသစ်ကျေးရွာ၌ ဆောင်းနေကြာ စိုက်ပျိုးနေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ချောက်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးလွင်၊ ချောက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးမြင့်မြတ်သင်း၊ ချောက်မြို့နယ် ဥမင်ကိုးပေါက်ရေအရင်းအမြစ်တာဝန်ခံ ဦးထွန်းကျော်နှင့် ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက ရွာသစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ဆီထွက်သီးနှံ ဆောင်းနေကြာ စိုက်ပျိုးနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရသစ်ကျေးရွာအုပ်စု ရွာသစ်ကျေးရွာရှိ ဆီထွက်သီးနှံ စိုက်ပျိုးသော တောင်သူ ၅၆ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) ရန်ပုံငွေကျပ်သိန်း ၂၀၀ ကို အတိုးနှုန်းသက်သာစွာ ထုတ်ချေးပေးထားပြီး အဆိုပါ စီမံကိန်း ရန်ပုံငွေများဖြင့် ဆီထွက်သီးနှံ ဆောင်းနေကြာ ၂၅ ဧက စိုက်ပျိုးထားကြောင်း ချောက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**အထွေး**

# ပွင့်ဖြူမြို့နယ် မုန်တောကြီးကျေးရွာတွင် ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှု ကွင်းဆင်းစစ်ဆေး

**ပွင့်ဖြူ နိုဝင်ဘာ ၂၀**


မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေကျပ် ၃၁ ဒသမ ၅ သန်းဖြင့် ဆောင်ရွက်သည့် မုန်တောကြီးကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှု အခြေအနေများကို နိုဝင်ဘာ ၁၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်း၊ ပွင့်ဖြူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှငွေးမောင်၊ တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာကော်မတီဝင်များနှင့်အတူ မုန်တောကြီးကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစေရေး ကြီးကြပ်ဆောင်ရွက်သွားရန် လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်၌ ပွင့်ဖြူမြို့နယ် မုန်တောကြီးကျေးရွာတွင် အရှည် ၆ ဒသမ ၄ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့်တစ်ပေ ကိုးလက်မရှိ မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းနှင့် ၎င်းလမ်းပေါ်၌ Slab Culvert နှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများကို ယခုနှစ် ဇူလိုင် ၇ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးပါက ကျေးရွာရှိ အိမ်ခြေ ၁၄၁၃ အိမ်၊ လူ ၆၅၅၁ ဦး၏ စိုက်ပျိုးမြေများမှ ထွက်ရှိသော သီးနှံများ ဈေးကွက်သို့ လွယ်ကူလျင်မြန်စွာ ပို့ဆောင်နိုင်မည်ဖြစ်ကြောင်း မင်းဘူးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းက ပြောပြ၍ သိရသည်။

**ခင်မာ**



# မိသားစုတန်ဖိုး

ချစ်နိုင်(စိတ်ပညာ)

ကောင်းသည်ဟုလည်း မပြောပါ။

မကောင်းဘူးဟု၍လည်း မဆိုပါ။

ထိုနည်းတူ ဘယ်အရာက ပို၍ကောင်းသည်ဟုလည်း နှိုင်းယှဉ်ဖော်ပြလိုခြင်းမရှိပါ။ အဘယ်ကြောင့်ဆိုသော် ယဉ်ကျေးမှုဆိုသည်မှာ အသီးသီး၏နောက်ကြောင်း၊ နောက်ခံအရင်းအမြစ်အရ နှစ်ရှည်လများ ဖွံ့ဖြိုးဖြစ်တည်ခဲ့ကြခြင်းသာဖြစ်သဖြင့် ဘယ်အရာက ပိုနိမ့်သည်၊ ပိုမြင့်သည်ဟု နှိုင်းယှဉ်ရကောင်းသော အရာမျိုးမဟုတ်ပါ။

အရှိတရားအတိုင်း မတူတာကိုတော့ မတူကြပါကြောင်း ပြောရမည်။ ပြောပိုင်ခွင့်ရှိသည်။

အမှန်ပင် အနောက်တိုင်းယဉ်ကျေးမှုနှင့် အရှေ့တိုင်းယဉ်ကျေးမှုမှာ မတူသောအချက်များရှိနေသည်။ ဥပမာ-အာရှဒေသက **"မိသားစုတန်ဖိုး"** ဆိုသော သဘောတရားကို လွန်ခဲ့သောနှစ်ပေါင်း ၂၅၀၀ ကာလဆီမှ ယနေ့ထိ အထူးအမြတ်တနိုးတန်ဖိုးထားကြသည်။ ဥရောပနှင့် အမေရိကတွင်မူ မိသားစုတန်ဖိုးကို အာရှလောက် အလေးအနက်မရှိလှပေ။ ရှိတော့ရှိသည် အဓိကမကျလှချေ။

မိသားစုအတွင်း ကြီးသူကို ငယ်သူက ရိုသေလေးစားရမည်။ တန်ဖိုးထားခြင်း၊ လေးစားခြင်း၊ နေရာပေးခြင်း၊ ညီညွတ်မျှတစွာနေထိုင်ခြင်းဆိုသည့် ဓလေ့ထုံးစံများကို မျိုးရိုးစဉ်ဆက်လက်ဆင့်ကမ်း၍ လိုက်နာခဲ့ကြသည်။

ကိုယ်ပိုင်ဓလေ့ထုံးစံနှင့် ယဉ်ကျေးမှုအစဉ်အလာကို လိုက်နာထိန်းသိမ်းခြင်းသည် ခေတ်နောက်ကျခြင်း မဟုတ်ပေ။ လူ့အဖွဲ့အစည်းအတွင်း အညမည သဟဇာတဖြစ်စေရန် ကျင့်ဝတ်ကျင့်ထုံးများနှင့် ပျိုးထောင်လေ့ကျင့်ပေးမှသာ မသမာမှု၊ မတရားမှု၊ မိုက်မဲရမ်းကားမှု၊ ရက်စက်ကြမ်းတမ်းမှုနှင့် မငြိမ်မသက်ဖြစ်မှု၊ ဆူပူတိုက်ခိုက်မှုများကို ကာကွယ်တားဆီးနိုင်လေသည်။ ဘာကြောင့်လဲ။

လူ့စိတ်သဘာဝသည် ကောင်းသည်လည်းရှိ၏။

မဆိုးမကောင်းလည်း ရှိနိုင်၏။

ဆိုးသည်လည်း ရှိတတ်၏။

လူ့စိတ်က မျောက်စိတ်လိုပဲ ပြောင်းလဲလွယ်၍ ဆော့မြူးခုန်ပေါက်၊ ဟိုရောက်ဒီရောက်။ ကောင်းသည့်အခါ နတ်ဒေဝတာကိုယ်ထင်ပြသကဲ့သို့ သူတစ်ပါးကို ကူညီတတ်သည်။ ပေးဝေသည်။ ကြင်နာသည်။ အားပေးသည်။ စောင့်ရှောက်ဖေးမသည်။ သူတော်စင်ပမာ။

တစ်ခါတစ်ရံတော့ လူပီပီလျစ်လျူရှုသည်။ မဆိုင်သလိုနေသည်။ ကောင်းတာလည်း လုပ်မပေး။ ဆိုးတာလည်း ဝင်မလုပ်။ ဘာသိဘာသာနေချင်နေသည်။ အကောင်းဘက်လည်းမပါ။ အဆိုးဘက်လည်း မလုပ်။

တစ်ခါတစ်ရံ စိတ်ရှုးဖောက်လျှင်ကား ကျားပမာ၊ ခြင်္သေ့ပမာရိုင်းစိုင်းရက်စက်တတ်သည်။ ဝံပုလွေလို ကောက်ကျစ်သည်။ မြေခွေးလိုစဉ်းလဲသည်။ ခွေးအများလို အုပ်စုလိုက် မိုက်ကန်းသည်။ တောခွေးများလို လုယက်သတ်ဖြတ်တတ်သည်။ လူသည် စိတ်မိုက်၊ စိတ်ရိုင်းလည်း ဝင်တတ်၏။

ထို့ကြောင့် လူသားတစ်ယောက်၏တန်ဖိုးအစစ်အမှန်မှာ ကိုယ်ကျင့်စာရိတ္တ၊ စာနာထောက်ထား၊ တရားမျှတမှုရှိသော ကိုယ်ကျင့်တရားပြည့်စုံခြင်းနှင့် ဉာဏ်ပညာအမြော်အမြင်ရှိခြင်းပင် မဟုတ်ပေလော။ လူ၏တန်ဖိုး။

**ကိုယ်ကျင့်တရားနှင့် ပညာဉာဏ်**

ဤကိုယ်ရည်ကိုယ်သွေး နှစ်ချက်သည် လူသား၏ အမြင့်မြတ်ဆုံး၊ တန်ဖိုးအရှိဆုံးဂုဏ်ရည် နှစ်ရပ်ပင်။

ကျောက်သံပတ္တမြား၊ စိန်ရွှေရတနာများက အဖိုးထိုက်တန်သည်။ မှန်၏။ ၎င်းတို့ထက်ပို၍ လူတစ်ဦးအတွက် ပိုပြီးအဖိုးထိုက်တန်သည့်အရာကား ကိုယ်ကျင့်စာရိတ္တနှင့် ဉာဏ်ပညာအမြော်အမြင်။

မြန်မာ့ရိုးရာအစဉ်အလာကမူ ဂုဏ်ဟူ၍လည်းကောင်း၊ သိက္ခာဟူ၍လည်းကောင်း တန်ဖိုးအကြီးမြတ်ဆုံးအရည်အသွေးများအဖြစ် သတ်မှတ်ပြဋ္ဌာန်းသော အရာ သုံးချက်ရှိသည်။

**သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်**

ရဟန်းသံဃာဆိုပါက သီလသိက္ခာ၊ သမာဓိသိက္ခာနှင့် ပညာသိက္ခာဟုလည်း ခေါ်ဝေါ်လေ့ရှိကြ၏။

❖ မိသားစုနှင့် စာသင်ကျောင်းများသည် နိုင်ငံနှင့် လူမျိုးအတွက် အားကိုးထိုက်သော စာရိတ္တအရည်အသွေး ကိုယ်ကျင့်တရားကောင်းသူများ၊ ဉာဏ်ပညာ၊ အတတ်ပညာ၊ အသိပညာ ပြည့်ဝသူများဖြစ်လာကြစေရန် မွေးမြူအားပေးကြရသည်။ အရှေ့တိုင်းယဉ်ကျေးမှုက ဆရာမိဘတို့ကို ကျေးဇူးရှင်အဖြစ် ရှိခိုးဦးတင်ရိုသေကိုင်းရှိုင်းလေးစားရန် ပျိုးထောင်ပေးသည်။ အနောက်တိုင်းကတော့ မိသားစုတန်ဖိုး၏ယဉ်ကျေးမှုကို ဤမျှ အလေးအနက်မထားပေ။ အနောက်တိုင်းက ၁၉ ရာစု၊ ၂၀ ရာစုမှာ ချမ်းသာကြွယ်ဝပြည့်စုံပြီး အရှေ့တိုင်းက လက်အောက်ခံဘဝ ဆင်းရဲနိမ့်ကျကျန်ရစ်ခဲ့ရသော လူနေမှုဘဝအခြေအနေကြောင့် သူတို့ယဉ်ကျေးမှုက သာလွန်ကောင်းမွန်သယောင် လွှမ်းမိုးဝါးမျိုခြင်းမျိုးလည်း ရှိခဲ့၏။ ❖

အဖိုးထိုက် အဖိုးတန်လူဖြစ်ဖို့ရာ စိန်ရွှေရတနာဝတ်ချင်ဝတ်ပါ။ မဝတ်ချင်နေပါ။ ရာထူးဂုဏ်ရှိန်ရှိချင်ရှိပါ။ မရှိလျှင်လည်း အရေးမကြီးပါ။ ဂုဏ်သိက္ခာတော့ ပြည့်စုံမှ တန်ဖိုးမြင့်မားသူပုဂ္ဂိုလ်။ ကလေးဘဝ၊ လူငယ်ဘဝ၊ မိဘက ပြုစုပျိုးထောင်ရာမှာလည်း ကိုယ်ကျင့်စာရိတ္တ၊ ဗဟုသုတဉာဏ်ပညာတို့ကို အလေးထားလေ့ကျင့်ပြည့်စွမ်းပေးကြရသည်။ ကျောင်းစာသင်ခန်းမှာ ဆရာ၊ ဆရာမတို့ကလည်းကောင်း၊ ဆရာတော်၊ သံဃာတော်များကလည်းကောင်း တပည့်ကျောင်းသားများကို ဤဂုဏ်သိက္ခာများဖြင့် ကျင့်ကြံနေထိုင်တတ်အောင် သင်ကြားပြသလမ်းညွှန်လေ့ကျင့်ပေးကြရသည်။ ယဉ်ကျေးမှုအမွေ။

မိသားစုနှင့် စာသင်ကျောင်းများသည် နိုင်ငံနှင့် လူမျိုးအတွက် အားကိုးထိုက်သော စာရိတ္တအရည်အသွေး ကိုယ်ကျင့်တရားကောင်းသူများ၊ ဉာဏ်ပညာ၊ အတတ်ပညာ၊ အသိပညာ ပြည့်ဝသူများဖြစ်လာကြစေရန် မွေးမြူအားပေးကြရသည်။ အရှေ့တိုင်းယဉ်ကျေးမှုက ဆရာမိဘတို့ကို ကျေးဇူးရှင်အဖြစ် ရှိခိုးဦးတင်ရိုသေကိုင်းရှိုင်းလေးစားရန် ပျိုးထောင်ပေးသည်။ အနောက်တိုင်းကတော့ မိသားစုတန်ဖိုး၏ယဉ်ကျေးမှုကို ဤမျှအလေးအနက်မထားပေ။ အနောက်တိုင်းက ၁၉ ရာစု၊ ၂၀ ရာစုမှာ ချမ်းသာကြွယ်ဝပြည့်စုံပြီး အရှေ့တိုင်းက လက်အောက်ခံဘဝ ဆင်းရဲနိမ့်ကျကျန်ရစ်ခဲ့ရသော လူနေမှုဘဝအခြေအနေကြောင့် သူတို့ယဉ်ကျေးမှုက သာလွန်ကောင်းမွန်သယောင် လွှမ်းမိုးဝါးမျိုခြင်းမျိုးလည်း ရှိခဲ့၏။

ယနေ့ခေတ် ၂၁ ရာစုလူငယ်များ ပထဝီဝင်ကိုလည်းကောင်း၊ ရာဇဝင်သမိုင်းကိုလည်းကောင်း ကျောင်းစာသင်ခန်းထဲမှ သင်ခန်းစာမျှသာမက ပကတိလောကပြင်ကျယ်ထိ သိမြင်နားလည်အောင် ပညာကို မွှတ်သိပ်တောင့်တစွာရှာမှီးဆည်းပူးကြစေလိုပေသည်။ အမြင်ကျယ်ရမည်။

ဆယ်စုနှစ်၊ ဆယ်စုနှစ် အချိန်ကာလများအတွင်းမှာပင် စည်းလုံးညီညာစွာ ကြိုးစားအားထုတ်ကြသော တိုင်းပြည်နှင့်လူမျိုးတို့သည် မျက်စိအောက် လက်တွေ့အချိန်အတွင်းမှာပင် ဖွံ့ဖြိုးတိုးတက်သွားခဲ့ကြသည်ကို မြင်တွေ့နေကြရပေသည်။ မိမိတို့က သိသိသာသာ နောက်ကျကျန်ရစ်နေခဲ့ရသည်ကို အမှန်အတိုင်း ဝန်ခံကြရပေလိမ့်မည်။ သိပ္ပံနှင့်စက်မှု၊ နည်းပညာများမှာလည်း ခေတ်နောက်ကျသည်။ နိုင်ငံတကာဗဟုသုတနှင့် နိုင်ငံရေးအမြင်၊ ပထဝီနိုင်ငံရေးအမြင်၊ စီးပွားရေးအမြင်၊ ကုန်ထုတ်လုပ်မှု၊ ကုန်သွယ်မှု၊ ဝန်ဆောင်မှုနည်းပညာနည်းစနစ်များမှာလည်း တိုးတက်ခေတ်မီအောင် ယခုအခြေအနေထက် ပိုမိုကြိုးစားကြရဦးမည် အမှန်ပင်။

"ရပါတယ်၊ မလုပ်မရှုပ်၊ မပြုတ်ပေါ့ကွာ"၊ "ရေအိုးစင်ဖင်ပေး၊ အေးအေးနေစမ်းပါကိုယ့်လူရာ"အစရှိသော ရေသာခိုအချောင်သမားများ များပြားနေလျှင် အထနှေးလိမ့်မည်။ ဝီရိယစိုက်မှဖြစ်မည်။ ရှင်သန်တက်ကြွ၊ နိုးထလှုပ်ရှားအောင် အခြေခံအကျဆုံးသော့ချက်အရာကား အဘယ်နည်း။

ဘာမှမခက်ပါ။ စာများများဖတ်ကြဖို့သာပင်။ စာဖတ်သမျှ အသိဉာဏ်ဗဟုသုတတိုးလာသမျှ၊ လူလိမ္မာလူညာတို့က ဖြီးသမျှ၊ လှိမ့်သမျှ အလိမ်အညာမိကာ ဟုတ်ယောင်ထင်ရသော လမ်းမှားများသို့ မလိုက်ပါမိဘဲ လမ်းဖြောင့်လမ်းမှန်ကိုသဲကွဲစွာသိမြင်ပေလိမ့်မည်။ သူများပြောတိုင်းမယုံ။ ဝေခွဲချင့်ချိန်နိုင်ကြပေလိမ့်မည်။ အမြင်ကျယ်မှဖြစ်မည်။

"ယာလည်းညက်၊ ကြက်လည်းပန်းအောင် အိမ်ကြက်ချင်း အိုးမဲသုတ်ပြီး အခွပ်ခိုင်းနေကြသည်"ကိုပင် အမှန်အတိုင်းမမြင်သူအချို့ကိုကြည့်ပါ။ မသိခြင်း၏ အမှောင်အကန်းကြောင့် ချောက်မှန်းမသိ၊ ကျင်းမှန်းမသိ ရှေ့ကိုတိုး၍ ဆိုးမိုက်နေကြသူများ ရှိလေ၏။ ဘယ်သို့ကယ်တင်ကြမလဲ။

ကလေးအရွယ်ကပင် စာပေဖတ်ရှုနေရအောင် ကလေးစာပေဖွံ့ဖြိုးစေရမည်။ ကလေးစာပေရေးသူ၊ ထုတ်ဝေသူများကို အားပေးချီးမြှောက်သင့်ပေသည်။ ကျည်ဆန်ထက်ပို၍ အကျိုးရှိသည်။

လူငယ်စာပေရေးသူ၊ ထုတ်သူတို့ကိုလည်း ရွေးချယ်ပံ့ပိုးကူညီသင့်သည်။ စာအုပ်ကောင်းဖတ်ရမှာ၊ မှတ်ရမှာ၊ ဖတ်သင့်သည့်စာအုပ်များ ပျံ့နှံ့အောင် ကူညီအားပေးသင့်လေသည်။ ဗုံး စသောလက်နက်အမျိုးမျိုးထက်ပို၍ ထိရောက်၏။

အလယ်တန်းကျောင်းသားအရွယ်၊ အထက်တန်းကျောင်းသားအရွယ် အသက် ၁၂ နှစ်မှ ၁၈ နှစ်အတွင်း အချိန်ကာလ ခုနစ်နှစ်လောက်ကိုသာ ကျောင်းသား၊ ကျောင်းသူများကို စာကြည့်တိုက်ကောင်းကောင်းနှင့် စာအုပ်ကောင်း(သူတို့ဖတ်ချင်စဖွယ် ဆွဲဆောင်အားလည်းကောင်း၊ ဉာဏ်ပညာဆင်ခြင်တုံတရားလည်းတိုးစေမည့် စာအုပ်ကောင်း)များကို စိစစ်ရွေးချယ်လျက် ကျောင်းတိုင်းတွင် စနစ်တကျထားရှိပေးသင့်သည်။ ပညာရေးဌာနတွင်လည်း စေတနာလို၏။

မိမိတို့ နိုင်ငံ့တာဝန်ကိုကျရာနေရာ၊ ရောက်ရာဒေသ၌ မညည်းမညူပျော်ပျော်ရွှင်ရွှင် တက်တက်ကြွကြွ နှစ်ပေါင်းများစွာ တာဝန်ထမ်းဆောင်နိုင်ခဲ့ကြခြင်းမှာ လူငယ်ဘဝ စာများများဖတ်ခဲ့ရခြင်းက အရင်းခံဝမ်းစာခွန်အားဖြစ်ကြောင်း ပြန်လည်ဆင်ခြင်သုံးသပ်မိသည်။ နိဂုံးမချုပ်မီ ကျေးဇူးစကားဆိုပါရစေ။ အောက်ပါစာအုပ်များနှင့် ရေးသားခဲ့သော စာရေးဆရာများသည်ကား ဤစာရေးသူ၏ အထူးမမေ့ထိုက်သော ကျေးဇူးရှင်ဆရာအချို့ပင်ဖြစ်ပါပေသည်။ ကျေးဇူးကြီးကြလေသည်။

၁။ စုံထောက်မောင်စံရှားရေးသူ **ရွှေဥဒေါင်း**

၂။ စုံထောက်ဦးထင်ကျော်ရေးသူ **ဒဂုန်ရွှေမျှား**

၃။ စုံထောက်တင်မောင်ဆွေရေးသူ **မိုးဝေ**

၄။ မိုက်ခဲထွန်းရွှေရေးသူ **ရွှေဝံ**

၅။ ကပ္ပိယစုံထောက် ဦးဖြူသီးရေးသူ **တင့်ဆန်း**

၆။ စုံထောက်စိုးအောင်ရေးသူ **ဇော်ဇော်အောင်**

၇။ ဆားပုလင်းနှင်းမောင်ရေးသူ **မင်းသိင်္ခ**

ပင်တိုင်ဇာတ်ကောင်ထားသည်ဖြစ်စေ၊ မထားသည်ဖြစ်စေ စဉ်းစားဆက်စပ်ဆင်ခြင်သုံးသပ်ဉာဏ်ကို နမူနာပြ၍ စုံထောက်ဝတ္ထုများထိ ရေးသားခဲ့ကြသော **နတ်နွယ်၊ မောင်သက်နောင်၊ တက္ကသိုလ်တင်မြင့်၊ ဆွေလှိုင်ဦး၊ ဆွေမြင့်၊ ရဲအောင်ဇေ(မြသန်းတင့်)၊ ဓနိကိုင်းအေးလွင်၊ မောင်သိန်းဆိုင်** စသော စာရေးဆရာကြီးများ၊ ကလေးစာပေကို အလေးထား၍ ဂရုတစိုက်ပြုစုပျိုးထောင်ခဲ့ကြသော **ဝဝနှ၊ မင်းသုဝဏ်၊ ပျဉ်းမနားမောင်နီသင်း၊ ပန်းချီဦးဘကြည်၊ ကာတွန်းသန်းကြွယ်၊ အောင်ရှိန်၊ မောင်စိန်၊ သော်က၊ ငွေကြည်၊ မြတ်ထွန်းအောင်၊ သစ်ထွဋ်၊ မြေဓာ** စသော ကျေးဇူးတင်ထိုက်သူပုဂ္ဂိုလ်များစွာကို ဦးညွတ်ဂုဏ်ပြုလျက် အမှတ်တရကျေးဇူးစကားဆိုပါ၏။ အထူးလေးစားရပါ၏။

ကလေးစာပေနှင့် စုံထောက်ဝတ္ထုများသည် ကလေးလူငယ် စာဖတ်စများအတွက် စာဖတ်ကျင့်ကို လမ်းခင်းခြင်း၊ လှေကားထောင်ပေးခြင်းများဖြင့် မိဘနှင့် ဆရာတို့၏ မိသားစုတန်ဖိုးကို ကြီးမားစွာအားဖြည့်ပေးခဲ့ကြသူများဖြစ်ပါကြောင်း ဤတင်ပြချက်ဆောင်းပါးဖြင့် မီးမောင်းထိုးပြပါရစေ။

ချစ်လို့ပြောခြင်းဖြစ်ပါသည်။

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ် ၁၀မှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# ဟုမ္မလင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၅၉၀၃ ဧက စိုက်ပျိုးပြီးစီး

**ဟုမ္မလင်း နိုဝင်ဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းခရိုင် ဟုမ္မလင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၅၉၀၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟုမ္မလင်းမြို့နယ်တွင် ပဲမျိုးစုံ ၁၄၇၂၈ ဧကစိုက်ပျိုးရန် လျာထားပြီး အောက်တိုဘာလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ပဲမျိုးစုံ ၅၉၀၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဟုမ္မလင်းမြို့နယ်အတွင်း ပဲမျိုးစုံဧက ၁၀၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ပဲမျိုးစုံဧက ၅၀၀ ကျော်စိုက်ပျိုးပြီးပါပြီ။ အခုလက်ရှိမှာလဲ ဆက်လက်စိုက်ပျိုးနေပါတယ်။ ပဲသီးနှံအထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့အတွက် လိုအပ်တဲ့မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်နေပါတယ်" ဟု ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စုစုထွေးက ပြောပြသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟုမ္မလင်းမြို့နယ်တွင် ပဲမျိုးစုံစိုက်ပျိုးသည့် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ ပိုးမွှားရောဂါကျရောက်မှုအန္တရာယ် ကင်းရှင်းရေးတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဟုမ္မလင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှံစားသီးနှံအုပ်စု ၁၂၀၄၉ ဧက၊ ပဲမျိုးစုံ ၁၄၇၂၈ ဧက၊ ဆီထွက်သီးနှံဧက ၃၁၂၀၊ စားဖိုဆောင်သီးနှံ ၅၈၆ ဧက၊ အခြားသီးနှံ ၅၂၈၁ ဧက စုစုပေါင်း သီးနှံစုံ ၃၅၇၆၄ ဧက စိုက်ပျိုးရန်လျာထားကြောင်း၊ထို့ပြင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စစ်ကိုင်းတိုင်းဒေသကြီးတွင် ပဲမျိုးစုံဧက ၁၂ သိန်းကျော်စိုက်ပျိုးရန်လျာထားကြောင်း ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ (၂၀၆)



# ဟသ်ာတမြို့နယ် ဒယ်ကွင်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**ဟသ်ာတ နိုဝင်ဘာ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင် ဟသ်ာတမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် ဒယ်ကွင်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှုကို



နိုဝင်ဘာ ၁၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဧရာဝတီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးနေထက်ရှိန်နှင့် ဟသ်ာတခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်သက်ရှည်က မြို့နယ်တာဝန်ရှိသူများနှင့်အတူ ဒယ်ကွင်းကျေးရွာ၌ ကုန်ထုတ်လမ်း ဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီးဦးစီးမှူးက လုပ်ငန်းများသတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ဒယ်ကွင်းကျေးရွာ၌ တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေကျပ် ၅၄ ဒသမ ၇၈ သန်းဖြင့် ကုန်ထုတ်လမ်းအရှည် ၅ ဒသမ ၆ ဖာလုံ၊ အကျယ် ၁၄ ပေ၊ အမြင့် သုံးပေ ကိုးလက်မရှိ မြေသားတင်ချောင်းကျောက်ခင်းခြင်း၊ အရှည် ၁၆ ပေ၊ အကျယ် ငါးပေ၊ အမြင့် ငါးပေရှိ Box Culvert တစ်စင်းတည်ဆောက်ခြင်းလုပ်ငန်းကို မိုးဝဋ္ဋာကုမ္ပဏီက နိုဝင်ဘာလ ပထမပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၂၂ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **သံသာ**

# မေတ္တာ စေတနာ လူ့ဂုဏ်မှာ

\- ကောက်ညှင်းနှစ်ချိုး ဆန်တစ်ချိုးနှင့်
ရိုးရာမပျက် ရောနှောလျက်က
ထန်းလျက်လည်းပါ အုန်းတစ်ဖြာနှင့်
မြန်မာမုန့်များ နင့်အောင်စားလည်း
ကြောင်းလျားထူးထွေ မဖြစ်ချေသည်
တို့တွေငယ်က အာဟာရ၊
အောက်မေ့ခုတိုင် တသသ။

\- မြေကိုထိုးဆွ နွားချေးချ၍
ထိုမှသင့်ရာ ညီညွတ်ရာဝယ်
ရာသီအလိုက် သီးနှံစိုက်သော်
ထိုက်သင့်ညီသား သီးပွင့်များကို
အားပါးတရ စားခဲ့ကြလည်း
ဘေးခသည်ဟု မရှိဘူး၊
ဘဝငယ်စဉ် ကုသိုလ်ထူး။

\- ချိန်ခါတိုတောင်း မူဟန်ပြောင်းလို့
အကောင်းစုံစွ အမြင်လှအောင်
ဗိဇပြုပြင်
သီးပင်သားငါး အပြားပြားတည့်
စားသောက်စရာ အဖြာဖြာဝယ်
ဓာတုဓာတ်စုံ အဖုံဖုံကြောင့်
ရင်ခုန်စိုးစိတ် တထိတ်ထိတ်၊
ရောဂါတိုးပွား တရိပ်ရိပ်။

\- အို . . .
ထုတ်လုပ်ကြသူ ကြီးကြပ်သူတို့
ပြည်သူအများ တို့လူသားကို
ထောက်ထားစာနာ ထုတ်လုပ်ပါလော့
သတိကြီးစွာ စောင့်ကြည့်ပါလော့
ဓာတုစက်မှု ပေါင်းစပ်ပြုလျက်
တစ်ခုအမြတ် မရှုလတ်ဘဲ
ခတ်နှိပ်မေတ္တာ စေတနာတို့
မျှစွာထည့်သွင်းကြစေလို။ ။

**မောင်စိမ်းနောင်(လယ်ဝေး)**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ **Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။**

➤ **မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လေ့ကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။**

## နိုင်ငံတကာ သတင်းများ

# ယခုနှစ်နိုင်ဂျီးရီးယား၏ စီးပွားရေးဖွံ့ဖြိုးမှုနှုန်း နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ ပြန်လည်လျှော့ချ




**ဝါရှင်တန် နိုဝင်ဘာ ၂၀**

နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်)သည် နိုင်ဂျီးရီးယားနိုင်ငံ၏ ယခုနှစ်စုစုပေါင်းပြည်တွင်းစီးပွားရေးထုတ်လုပ်မှုတန်ဖိုးဖွံ့ဖြိုးမှုနှုန်းကို ပြန်လည်လျှော့ချသတ်မှတ်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အိုင်အမ်အက်ဖ်သည်နိုင်ဂျီးရီးယားနိုင်ငံ၏ ၂၀၂၂ ခုနှစ် စီးပွားရေးဖွံ့ဖြိုးမှုနှုန်းကို ယခုနှစ်ဇွန်လအတွင်း ၃ ဒသမ ၄ ရာခိုင်နှုန်းအဖြစ် သတ်မှတ်ခဲ့သည်။

သို့သော် ရေနံထုတ်လုပ်မှုနှုန်း ကျဆင်းလာမှုနှင့် ရေဘေးအကျိုးဆက်များကြောင့် နိုင်ဂျီးရီးယားနိုင်ငံ၏ယခုနှစ်စီးပွားရေးဖွံ့ဖြိုးမှုနှုန်းကို ၃ ဒသမ ၄ ရာခိုင်နှုန်းမှ ၃ရာခိုင်နှုန်းသို့ ပြန်လည်ပြင်ဆင်သတ်မှတ်လိုက်ကြောင်း နိုဝင်ဘာ ၁၈ ရက်တွင်ထုတ်ပြန်သည့် အိုင်အမ်အက်ဖ်၏ကြေညာချက်၌ဖော်ပြထားသည်။

နိုင်ဂျီးရီးယား နိုင်ငံသည် လက်ရှိအချိန်တွင် ရေနံစိမ်းခိုးယူမှုပြဿနာများ၊ ရေနံထုတ်လုပ်ရာနယ်မြေများ၌ လုံခြုံမှုပျက်ပြားနေမှုပြဿနာများနှင့် ရင်ဆိုင်နေရပြီး ရေနံထုတ်လုပ်မှုနှုန်း ကျဆင်းမှုပြဿနာ၊ အစိုးရဝင်ငွေကျဆင်းမှုပြဿနာများနှင့် ရင်ဆိုင်နေရသည်။

လက်ရှိအခြေအနေအရ နိုင်ဂျီးရီးယားနိုင်ငံ၏ ယခုနှစ်စီးပွားရေးဖွံ့ဖြိုးမှုနှုန်းမှာ ၃ ရာခိုင်နှုန်းထိသာရှိနိုင်ပြီး နောင်နှစ်များတွင် အနည်းငယ် ပြန်လည်မြင့်တက်လာနိုင်ကြောင်း အိုင်အမ်အက်ဖ်က ခန့်မှန်းထားသည်။

နိုင်ဂျီးရီးယားနိုင်ငံသည် လက်ရှိအချိန်တွင် ငွေကြေးတန်ဖိုးတည်ငြိမ်ရေး၊ ငွေတန်ဖိုးဖောင်းပွမှုထိန်းချုပ်ရေးတို့အတွက်လည်း ရုန်းကန်နေရကြောင်း သိရသည်။ KKO

# တရုတ်နှင့်အမေရိကန်ကာကွယ်ရေးဝန်ကြီးများ ကမ္ဘောဒီးယား၌တွေ့ဆုံရန် တရုတ်လမ်းဖွင့်ထား

**ပေကျင်း နိုဝင်ဘာ ၂၀**

ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပမည့် ဒေသတွင်းလုံခြုံရေးညီလာခံကာလအတွင်း တရုတ်ကာကွယ်ရေးဝန်ကြီးနှင့် အမေရိကန်ကာကွယ်ရေးဝန်ကြီးတို့ကြားတွေ့ဆုံဆွေးနွေးနိုင်ရေးအတွက် လမ်းဖွင့်ထားကြောင်း တရုတ်ကာကွယ်ရေးဝန်ကြီးဌာနက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

ဖနွမ်းပင်မြို့၌ နိုဝင်ဘာ ၂၃ ရက်တွင် ကျင်းပမည့် အာဆီယံကာကွယ်ရေးဝန်ကြီးများနှင့် မိတ်ဖက်နိုင်ငံများမှ ကာကွယ်ရေးဝန်ကြီးများညီလာခံသို့ တရုတ်ကာကွယ်ရေးဝန်ကြီးနှင့် အမေရိကန်ကာကွယ်ရေးဝန်ကြီးတို့တက်ရောက်ရန်စီစဉ်ထားကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

တရုတ် ကာကွယ်ရေးဝန်ကြီး ဝေဖန်ဟီးနှင့် အမေရိကန်ကာကွယ်ရေးဝန်ကြီးလွိုက်အော်စတင်တို့အနေဖြင့် အဆိုပါဒေသတွင်းဆွေးနွေးပွဲ၌ သီးခြားတွေ့ဆုံဆွေးနွေးရန် အစီအစဉ် ရှိ၊ မရှိ မသိရသေးကြောင်း သိရသည်။

တရုတ်နိုင်ငံသည် အမေရိကန်အောက်လွှတ်တော်အမတ် နန်စီပီလိုစီ၏ တရုတ်(ထိုင်ပေ) ခရီးစဉ်ကိုတုံ့ပြန်သည့်အနေဖြင့် နှစ်နိုင်ငံစစ်ဘက်ဆိုင်ရာ၏ တာဝန်ရှိသူများကြား ပုံမှန်ဆွေးနွေးပွဲများကို ယခုနှစ်ဩဂုတ်လမှစ၍ ရပ်ဆိုင်းထားသည်။

သို့သော် ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပမည့် ဒေသတွင်းလုံခြုံရေးညီလာခံ၌ နှစ်နိုင်ငံကာကွယ်ရေးဝန်ကြီးများ တွေ့ဆုံဆွေးနွေးနိုင်ရေးအတွက် မိမိတို့လမ်းဖွင့်ထားကြောင်း တရုတ်ကာကွယ်ရေးဝန်ကြီးဌာနသတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

လက်ရှိအချိန်တွင် ကာကွယ်ရေးဝန်ကြီးနှစ်ဦး တွေ့ဆုံနိုင်ရေးအတွက် နှစ်ဖက်စလုံးမှ တာဝန်ရှိသူများညှိနှိုင်းနေကြောင်း တရုတ်ကာကွယ်ရေးဝန်ကြီးဌာန၏ အဆိုအရ သိရသည်။ KKO

# မလေးရှားဝန်ကြီးချုပ်ဟောင်း မဟာသီယာမိုဟာမက် ၅၃ နှစ်အတွင်း ပထမဆုံးအကြိမ် ရွေးကောက်ပွဲရှုံးနိမ့်

**ကွာလာလမ်ပူ နိုဝင်ဘာ ၂၀**

မလေးရှားအထွေထွေရွေးကောက်ပွဲ၌ ဝါရင့်နိုင်ငံရေးခေါင်းဆောင် ဝန်ကြီးချုပ်ဟောင်း မဟာသီယာမိုဟာမက်မှာ ၅၃ နှစ်တာ ကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် ရှုံးနိမ့်ခဲ့ရကြောင်း ရိုက်တာသတင်းဌာနက နိုဝင်ဘာ ၁၉ ရက်တွင် ဖော်ပြခဲ့သည်။




နိုဝင်ဘာ ၁၉ ရက်က ကျင်းပခဲ့သည့် မလေးရှားအထွေထွေရွေးကောက်ပွဲတွင် လန်ကာဝီမဲဆန္ဒနယ်၌ ပါဝင်ယှဉ်ပြိုင်ခဲ့သည့် အသက် ၉၇ နှစ်ရှိ မဟာသီယာမိုဟာမက်မှာ ၎င်း၏ လွှတ်တော်အမတ်နေရာကို ဆုံးရှုံးခဲ့ရကြောင်း သိရသည်။

အဆိုပါအရှုံးရလဒ်သည် ဝန်ကြီးချုပ်ဟောင်း မဟာသီယာမိုဟာမက်အတွက် ၁၉၆၉ ခုနှစ်နောက်ပိုင်း ပထမဆုံး ရွေးကောက်ပွဲရှုံးနိမ့်မှုဖြစ်သည်။

နိုဝင်ဘာ ၁၉ ရက် ရွေးကောက်ပွဲရလဒ်သည် မဟာသီယာမိုဟာမက်၏ နှစ် ၇၀ ကြာ နိုင်ငံရေးခရီးလမ်း၏နိဂုံးဖြစ်လာနိုင်သည်ဟု လေ့လာသူများက သုံးသပ်ထားကြောင်း သိရသည်။

ယခုနှစ် အထွေထွေရွေးကောက်ပွဲ၌ ရှုံးနိမ့်ခဲ့ပါက နိုင်ငံရေးလောကမှ အနားယူမည်ဖြစ်ကြောင်း ပြီးခဲ့သည့်လအတွင်း ပြုလုပ်ခဲ့သည့် တွေ့ဆုံမေးမြန်းခန်းတစ်ခု၌ မဟာသီယာမိုဟာမက်က ပြောကြားထားသည်။

လန်ကာဝီကျွန်း မဲဆန္ဒနယ်တွင် မဟာသီယာမိုဟာမက်ကို ဝန်ကြီးချုပ်ဟောင်း မူယစ်ဒင်ယာဆင် ဦးဆောင်သည့် ညွန့်ပေါင်းအုပ်စုမှ အမတ်လောင်းတစ်ဦးက အနိုင်ရခဲ့ကြောင်း သိရသည်။ KKO

# ရုရှားနိုင်ငံ ဆာခါလင်ကျွန်း၌ ဓာတ်ငွေ့ပေါက်ကွဲမှုကြောင့် အဆောက်အအုံပြိုကျ

**မော်စကို နိုဝင်ဘာ ၂၀**

ရုရှားနိုင်ငံ၏ ပစိဖိတ်ဒေသကျွန်းတစ်ကျွန်းဖြစ်သည့်ဆာခါလင်ကျွန်း၌ ငါးထပ်အဆောက်အအုံတစ်လုံး နိုဝင်ဘာ ၁၉ ရက်တွင် ပြိုကျခဲ့ရာ လူ ငါးဦးသေဆုံးခဲ့ရကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အဆိုပါအဆောက်အအုံသည် ဓာတ်ငွေ့ပေါက်ကွဲမှု တစ်ရပ်ကြောင့် ပြိုကျခဲ့ခြင်းဖြစ်နိုင်ကြောင်း ရုရှား ပြည်တွင်းမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

အဆောက်အအုံပြိုကျမှုသည် မီးဖိုခန်းအတွင်းရှိ မီတာ ၂၀ ဆံ့ ဓာတ်ငွေ့အိုးပေါက်ကွဲမှုနှင့်ဆက်စပ်နေနိုင်ကြောင်း ရုရှားတာဝန်ရှိသူများက ပြည်တွင်းမီဒီယာများကို ထုတ်ဖော်ပြောကြားထားသည်။

လက်ရှိအချိန်တွင် အဆောက်အအုံ အပြိုအပျက်များအောက်၌ ပိတ်မိနေဖွယ်ရှိသူများကိုကယ်ဆယ်ရေးသမားများက ရှာဖွေနေဆဲဖြစ်ကြောင်း ဆာခါလင်ကျွန်းအာဏာပိုင်များက ပြောကြားခဲ့သည်။

ဓာတ်ငွေ့ ပေါက်ကွဲမှုကြောင့် ပြိုကျခဲ့ရသည့်အဆောက်အအုံ၌ နေထိုင်သူဦးရေမှာ ၃၃ ဦးထိရှိနိုင်ကြောင်း သိရသည်။

အဆိုပါ ဆာခါလင်ကျွန်းသည် ဂျပန်နိုင်ငံ၏ မြောက်ဘက်ပစိဖိတ်သမုဒ္ဒရာအတွင်းတည်ရှိနေကြောင်း သိရသည်။ KKO



# အီကွေတိုရီရယ်ဂီနီယာနိုင်ငံရွေးကောက်ပွဲ၌ လက်ရှိသမ္မတ အိုဘီယန်အင်ဂွီမာ ထပ်မံအနိုင်ရဖွယ်ရှိ

**မာလာဘို နိုဝင်ဘာ ၂၀**

အနောက်အာဖရိကဒေသနိုင်ငံတစ်နိုင်ငံဖြစ်သည့် အီကွေတိုရီရယ်လ်ဂီနီယာနိုင်ငံ၌ ယနေ့တွင် အထွေထွေရွေးကောက်ပွဲများကျင်းပနေကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အဆိုပါရွေးကောက်ပွဲ၌ ကမ္ဘာ့ရာထူးသက်တမ်းအရှည်ဆုံးဝန်ကြီးချုပ်အဖြစ် သတ်မှတ်ခံထားရသော လက်ရှိသမ္မတ အိုဘီယန်အင်ဂွီမာသာ ထပ်မံအနိုင်ရဖွယ်ရှိကြောင်း သိရသည်။

သမ္မတ အိုဘီယန်အင်ဂွီမာသည် အီကွေတိုရီရယ်လ်ဂီနီယာနိုင်ငံကို ၄၃ နှစ်ကြာ အုပ်ချုပ်ခဲ့သူဖြစ်သည်။

အီကွေတိုရီရယ်ဂီနီယာအထွေထွေရွေးကောက်ပွဲတွင် နိုင်ငံ့လူဦးရေ ၁ ဒသမ ၅ သန်းအနက် ဦးရေ ၄၀၀၀၀၀ ကျော်တို့ ပါဝင်မဲပေးမည်ဖြစ်သည်။


အဆိုပါ ရွေးကောက်ပွဲတွင် အီကွေတိုရီရယ်ဂီနီယာပြည်သူများသည် အောက်လွှတ်တော်အမတ်နေရာ ၁၀၀နှင့်အထက်လွှတ်တော်အမတ်နေရာ ၇၀ အနက် ၅၅နေရာတို့အတွက် လွှတ်တော်အမတ်သစ်များကို ရွေးချယ်ပေးရမည်ဖြစ်သည်။

အသက် ၈၀ နှစ်ရှိ သမ္မတ အိုဘီယန်အင်ဂွီမာသည် ယခင်အထွေထွေရွေးကောက်ပွဲများတွင် ထောက်ခံမဲရာနှုန်း ၉၀ ရာခိုင်နှုန်းအထက်ဖြင့် အမြဲတမ်းအနိုင်ရခဲ့သူဖြစ်ကြောင်း သိရသည်။

KKO

# SCIENCE AND TECHNOLOGY

## ရှန်ကျိုး-၁၄ အာကာသယာဉ်မှူးများက အာကာသစခန်းယာဉ်ပြင်ပသို့ တတိယမြောက်နှင့်နောက်ဆုံးကြိမ်အဖြစ် ထွက်ခွာခဲ့



**ပေကျင်း နိုဝင်ဘာ ၂၀**

တရုတ်နိုင်ငံ၏ ရှန်ကျိုး-၁၄ အာကာသယာဉ်မှူးများသည် ၎င်းတို့၏ တတိယမြောက်နှင့်နောက်ဆုံးအကြိမ် အာကာသစခန်းယာဉ်ပြင်ပ ထွက်ခွာမှုကို နိုဝင်ဘာ ၁၇ ရက်က ပြုလုပ်ခဲ့ကြကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က နိုဝင်ဘာ ၁၉ ရက်က ရေးသားတင်ပြထားသည်။

တရုတ်အာကာသယာဉ်မှူး ချန်တောင်းနှင့်ကိုရှုကျဲတို့သည် နိုဝင်ဘာ ၁၇ ရက်က ဝန်တီယန်ပင်မကိုယ်ထည် ထွက်ပေါက်မှတစ်ဆင့် တီယန်ကောင်း အာကာသစခန်းပြင်ပသို့ ထွက်ခွာခဲ့ကြသည်။

တီယန်ကောင်း အာကာသစခန်းယာဉ်ပြင်ပသို့ ရောက်ရှိနေစဉ် တရုတ်အာကာသယာဉ်မှူး နှစ်ဦးသည် တီယန်ဟီပင်မကိုယ်ထည်နှင့် မင်တီယန်သုတေသနခန်း ပင်မကိုယ်ထည်တို့ကို ကိရိယာတစ်မျိုးဖြင့် ချိတ်ဆက်ပေးခဲ့ကြောင်း သိရသည်။

ထို့ပြင် တရုတ်အာကာသယာဉ်မှူး နှစ်ဦးသည် ဝန်တီယန်သုတေသနခန်း ပင်မကိုယ်ထည်၏ မြင်ကွင်းကျယ် ကင်မရာကိုလည်း အထက်သို့ မြှင့်တင်ပေးခဲ့သည်။

တရုတ် အာကာသယာဉ်မှူး နှစ်ဦး၏ အာကာသစခန်းပြင်ပ ထွက်ခွာချိန်မှာ ၅ ဒသမ ၅ နာရီထိ ကြာမြင့်ခဲ့ကြောင်း သိရသည်။

ယခုနှစ် ဇူလိုင်လမှစ၍ တီယန်ကောင်းအာကာသစခန်းသို့ ရောက်ရှိခဲ့ကြသော ရှန်ကျိုး-၁၄ အာကာသယာဉ်မှူးများသည် မကြာမီကာလအတွင်း ကမ္ဘာမြေပေါ်သို့ပြန်ဆင်းသက်ရေးအတွက် ပြင်ဆင်မှုများ စတင်မည်ဖြစ်သည်။

ရှန်ကျိုး-၁၄ အာကာသယာဉ်မှူးများသည် ယခုနှစ်စက်တင်ဘာလအတွင်း အာကာသစခန်းယာဉ်ပြင်ပသို့ နှစ်ကြိမ်ထွက်ခွာခဲ့ပြီးဖြစ်ကြောင်း သိရသည်။ KKO

## နှစ်တစ်သန်းကြာမီးတောင်ပေါက်ကွဲမှုများကြောင့် သောကြာဂြိုဟ်သည် ရာသီဥတုမျှတစိုစွတ်သည့်ဂြိုဟ်တစ်စင်းအဖြစ်မှ အက်စစ်ဂြိုဟ်တစ်စင်းအဖြစ် ပြောင်းလဲခဲ့

**ဝါရှင်တန် နိုဝင်ဘာ ၂၀**

နှစ်ပေါင်း တစ်သန်းကြာမြင့်ခဲ့သည့် မီးတောင်လှုပ်ရှားမှုများနှင့် ပြင်းထန်သည့် ပေါက်ကွဲမှုများကြောင့် သောကြာဂြိုဟ်သည် ရာသီဥတုမျှတ၍ စိုစွတ်သည့်ဂြိုဟ်တစ်စင်းအဖြစ်မှ ယနေ့ခေတ်တွေ့မြင်ရသော အက်စစ်ဂြိုဟ်တစ်စင်းအဖြစ် ပြောင်းလဲခဲ့ခြင်းဖြစ်ကြောင်း သိပ္ပံပညာရှင်များ၏ အဆိုကို ကိုးကား၍ Phys.org သတင်းဝက်ဘ်ဆိုက်က နိုဝင်ဘာ ၁၉ ရက်က ရေးသားတင်ပြထားသည်။

ယနေ့ခေတ် သောကြာဂြိုဟ်သည် မျက်နှာပြင်အပူချိန် ၈၆၄ ဒီဂရီဖာရင်ဟိုက်ထိရှိပြီး လေထုလွှာမျက်နှာပြင်ဖိအားမှာ ကမ္ဘာ့လေထုလွှာ မျက်နှာပြင်ဖိအားထက် အဆ ၉၀ ပို၍မြင့်မားကြောင်း သိရသည်။

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ) သိပ္ပံပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ သောကြာဂြိုဟ်၏ လက်ရှိအခြေအနေသည် နှစ်ပေါင်းများစွာဖြစ်ပွားခဲ့သော မီးတောင်လှုပ်ရှားမှုများကြောင့် ပေါ်ထွက်လာခြင်းဖြစ်နိုင်ကြောင်း သိရသည်။



အထူးသဖြင့် နှစ်တစ်သန်းထိ ကြာမြင့်ခဲ့သည့် ဘူမိခေတ်ကာလတစ်လျှောက် အကြိမ်ကြိမ်ဖြစ်ပွားခဲ့သည့် မီးတောင်ပေါက်ကွဲမှုများနှင့်အတူ ဖန်လုံအိမ်အာနိသင်အကျိုးသက်ရောက်မှုရှိလာပြီး နွေးထွေးစိုစွတ်သည့်ဂြိုဟ်အဖြစ်မှသည် ပူပြင်းခြောက်သွေ့သည့် ဂြိုဟ်အဖြစ် ပြောင်းလဲခဲ့ခြင်းဖြစ်နိုင်ကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။

သောကြာဂြိုဟ်မြေမျက်နှာပြင်တစ်ခုလုံး၏ ၈၀ ရာခိုင်နှုန်းကို အလွန်ကြီးမား မာကျောသော မီးသင်းကျောက်လွှာကြီးများက ဖုံးလွှမ်းထားကြောင်း နာဆာ သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

လက်ရှိအချိန်တွင် နာဆာအဖွဲ့သည် သောကြာဂြိုဟ်ကိုလေ့လာရန် ဒါဗင်ချီအမည်ရှိ အာကာသယာဉ်တစ်စင်းကို ၂၀၃၀ ပြည့်နှစ်ကာလနှောင်းပိုင်းတွင် လွှတ်တင်ရန် စီစဉ်ထားကြောင်း သိရသည်။ KKO

## လက်ရှိအချိန်တွင် အနီရောင်ကန္တာရဂြိုဟ်တစ်စင်းဖြစ်သော အင်္ဂါဂြိုဟ်သည် တစ်ချိန်က သမုဒ္ဒရာကြီးများတည်ရှိရာ အပြာရောင်ဂြိုဟ်တစ်စင်းဖြစ်ခဲ့ဖူး

**ကိုပင်ဟေဂင် နိုဝင်ဘာ ၂၀**

လက်ရှိအချိန်တွင် အနီရောင်ကန္တာရဂြိုဟ်တစ်စင်းဖြစ်သည့်အင်္ဂါဂြိုဟ်သည် တစ်ချိန်သောကာလက သမုဒ္ဒရာကြီးများတည်ရှိရာ အပြာရောင်ဂြိုဟ်တစ်စင်းဖြစ်ခဲ့ဖူးကြောင်း သိပ္ပံပညာရှင်များ၏အဆိုကို ကိုးကား၍ The Daily Mail သတင်းစာက နိုဝင်ဘာ ၁၉ ရက်က ရေးသားတင်ပြထားသည်။

အင်္ဂါဂြိုဟ်ပေါ်၌ တစ်ချိန်သောအခါက ရေထုရှိခဲ့ဖူးကြောင်း သိပ္ပံပညာရှင်များက လက်ခံထားပြီးဖြစ်သော်လည်း ရေပမာဏမည်မျှရှိခဲ့သည်ဆိုသော အချက်မှာ အငြင်းပွားနေဆဲဖြစ်ကြောင်း သိရသည်။

သို့ရာတွင် ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်တက္ကသိုလ်မှ သိပ္ပံပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ လွန်ခဲ့သောနှစ်ပေါင်း ၄ ဒသမ ၅ ဘီလီယံက အင်္ဂါဂြိုဟ်တစ်ခုလုံးကို အနက် ၉၈၄ ပေနှင့် ပေ ၃၁၈၀ ကြားရှိ သမုဒ္ဒရာများဖုံးလွှမ်းနေခဲ့ကြောင်း သိရသည်။

အဆိုပါရေများသည် ရေခဲများဖြင့်ဖွဲ့စည်းထားသည့် ဂြိုဟ်သိမ်ကြီးများက အင်္ဂါဂြိုဟ်ပေါ်သို့ သယ်ယူလာသောရေများဖြစ်နိုင်ကြောင်း သိပ္ပံပညာရှင်များက ယူဆထားသည်။

ထိုနည်းတူ ရေခဲဂြိုဟ်သိမ်ကြီးများသည် အင်္ဂါဂြိုဟ်ပေါ်သို့ အမိုင်နိုအက်စစ်ကဲ့သို့ ဇီဝမော်လီကျူးများကိုလည်း သယ်ယူလာခဲ့ကြဖွယ်ရှိကြောင်း သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။ KKO

# HEALTH

## အူမကြီးကင်ဆာလူနာများ၏ ဘဝသက်တမ်းကို လေ့ကျင့်ခန်းပုံမှန်ပြုလုပ်ခြင်းဖြင့် ဆန့်ထုတ်ပေးနိုင်

**နယူးယောက် နိုဝင်ဘာ ၂၀**

အထိုက်အလျောက် အားစိုက်ရသည့်လေ့ကျင့်ခန်းများ ပုံမှန်ပြုလုပ်ခြင်းသည် အူမကြီးကင်ဆာလူနာများ၏ ဘဝသက်တမ်းကို ဆန့်ထုတ်ပေးနိုင်ကြောင်း သုတေသန ပညာရှင်များ၏အဆိုကို ကိုးကား၍ Health Day News ဆေးပညာ သတင်းဝက်ဘ်ဆိုက်က နိုဝင်ဘာ ၁၉ ရက်က ရေးသားတင်ပြထားသည်။

ထို့ပြင် လေ့ကျင့်ခန်းပြုလုပ်မှုသည် အဝလွန် အူမကြီးကင်ဆာလူနာများမှာပင် ရောင်ရမ်းမှုများကို လျှော့ချနိုင်ခြင်း၊ အစာခြေလမ်းကြောင်းစနစ် ဇက်တီးရီးယားစုဖွဲ့မှုပုံစံကို မြှင့်တင်ပေးခြင်းစသည့် အကျိုးကျေးဇူးများပေးနိုင်ကြောင်း အမေရိကန် သုတေသန ပညာရှင်များ၏ အဆိုအရ သိရသည်။

ရောင်ရမ်းမှု ပြဿနာသည် အူမကြီးကင်ဆာရောဂါဖြစ်ပွားရာတွင် အဓိကအခန်းကဏ္ဍ၌ ပါဝင်နေပြီး ကိုယ်ခန္ဓာဖြပ်ထုအညွှန်းကိန်း (BMI) မြင့်မားသူများတွင် ရောင်ရမ်းမှုပြဿနာများ ရှိနေတတ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များသည် အူမကြီးကင်ဆာလူနာ ၁၇၉ ဦးတို့၏ ကျင်ကြီးနမူနာများကို လေ့လာခဲ့ကြသည်။

လေ့လာချက် ရလဒ်များအရ လေ့ကျင့်ခန်းပုံမှန်ပြုလုပ်သူ အူမကြီးကင်ဆာ လူနာများ၏ အစာခြေလမ်းကြောင်းစနစ် ဇက်တီးရီးယားစုဖွဲ့မှုပုံစံ ပြောင်းလဲလာပြီး အူမကြီးကင်ဆာရောဂါ ပိုဆိုးစေရန် လှုံ့ဆော်ပေးတတ်သည့် ဇက်တီးရီးယားအုပ်စုများ နည်းပါးသွားကြောင်း သိရသည်။

အထက်ပါ အကျိုးကျေးဇူးများဖြင့် ဘဝသက်တမ်း ဆန့်ထုတ်နိုင်ရေးအတွက် အူမကြီးကင်ဆာလူနာများအနေဖြင့် လေ့ကျင့်ခန်းပုံမှန်ပြုလုပ်ပေးရန်သာ လိုကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

KKO

## DCVAX- L စမ်းသပ်ဆဲဆေးတစ်မျိုးက ဦးနှောက်ကင်ဆာလူနာများ၏ သက်တမ်းကိုမြှင့်တင်နိုင်

**လန်ဒန် နိုဝင်ဘာ ၂၀**

ဗြိတိန်နိုင်ငံ လန်ဒန်ဘုရင့်ကောလိပ်ဆေးရုံနှင့် အခြားကမ္ဘာတစ်ဝန်းဆေးရုံများ၌ စမ်းသပ်နေသော DCVAX -L ကာကွယ်ဆေးသည် ပြင်းထန်သည့် ဦးနှောက်ကင်ဆာရောဂါတစ်မျိုး ခံစားနေရသူများ၏ အသက်ရှင်ခွင့် အလားအလာကို မြှင့်တင်ပေးနိုင်ဖွယ်ရှိကြောင်း MSN သတင်းဝက်ဘ်ဆိုက်က နိုဝင်ဘာ ၁၉ ရက်က ရေးသားတင်ပြထားသည်။

စမ်းသပ်မှုမှ ထွက်ပေါ်လာသည့်ရလဒ်များအရ Recurrent Glioblastomo ခေါ် ဦးနှောက်ကင်ဆာလူနာများ အသက်ဆက်ရှင်နိုင်မည့်ကာလကို လအတန်ကြာ သို့မဟုတ် နှစ်နှင့်ချီ၍ ဆန့်ထုတ်ပေးနိုင်ကြောင်း သိရသည်။

DCVAX- L ဆေးစမ်းသပ်မှုတွင် လူနာ ၃၀၀ ကျော် ပါဝင်ခဲ့ပြီး ရှစ်နှစ်ကြာ အချိန်ယူပြုလုပ်နေသော စမ်းသပ်မှုဖြစ်ကြောင်း သိရသည်။

စမ်းသပ်မှုမှ ထွက်ပေါ်လာသည့် ရလဒ်များသည် Recurrent Glioblastomo ဦးနှောက်ကင်ဆာလူနာများအတွက် အားတက်ရဖွယ် ရလဒ်ဖြစ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

Recurrent Glioblastomo ဦးနှောက်ကင်ဆာသည် အရွယ်ရောက်သူများ၌ ဖြစ်ပွားတတ်သည့် အပြင်းထန်ဆုံး ဦးနှောက်ကင်ဆာဖြစ်ကြောင်း သိရသည်။

KKO



## နိုင်ငံတကာ အားကစားသတင်းများ

# LPGA Tour Championship ပြိုင်ပွဲအမှတ်ပေးဇယားကို လိုင်ဒီယာကိုနှင့် မက်ဂွဲယားတို့ ပူးတွဲဦးဆောင်




**ဝါရှင်တန် နိုဝင်ဘာ ၂၀**

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်တွင် ကျင်းပနေသည့် LPGA Tour Championship ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့အပြီးတွင် နယူးဇီလန်ဂေါက်သီးရိုက်မယ်လိုင်ဒီယာကိုနှင့် အိုင်ယာလန်ဂေါက်သီးရိုက်မယ်မက်ဂွဲယားတို့က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၅ ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယားကို ပူးတွဲဦးဆောင်ထားနိုင်ကြောင်း GA သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

တောင်ကိုရီးယား ဂေါက်သီးရိုက်မယ် ဂျွန်ဂင်လီနှင့် စကော့တလန်ဂေါက်သီးရိုက်မယ် ဒရိုင်းဘတ်တို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၀ ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာ၌ ပူးတွဲရပ်တည်ထားနိုင်ခဲ့သည်။

လိုင်ဒီယာကိုက "တတိယနေ့မှာတော့ ရလဒ်ပိုင်းကျဆင်းခဲ့တယ်။ ပထမနေ့နဲ့ ဒုတိယနေ့လောက်ကို အားမရဘူး။ တတိယနေ့မှာ မက်ဂွဲယားကစားသွားတာ အရမ်းကောင်းတယ်။ ကျင်းတစ်ကျင်းပြီးလိုက်တိုင်း Birdies ရိုက်ချက်တွေ တောက်လျှောက်ရတယ်။ တတိယနေ့မှာ ကစားသွားနိုင်တဲ့ မက်ဂွဲယားရဲ့ ကစားပုံဟာ အဆင့်တစ်ခုမှာ ရှိနေခဲ့ပါတယ်။ မက်ဂွဲယားကတော့ နောက်ကနေ လိုက်ကစားပြီးမှ အခုလို အမှတ်ပေးဇယားထိပ်ကို ရောက်လာတာဟာ အံ့အားသင့်စရာကောင်းတဲ့ စွမ်းဆောင်ရည်တစ်ခုကို ပြသနိုင်ခဲ့တာဖြစ်ပါတယ်။ ကျွန်မအနေနဲ့ နောက်ဆုံးနေ့မှာ သေချာအာရုံစိုက်သွားမယ်။ ကျင်းတစ်ကျင်းချင်းစီတိုင်းမှာ ရလဒ်ကောင်းရအောင် သေချာပြင်ဆင်သွားမယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

လိုင်ဒီယာကိုအနေဖြင့် ဒုတိယနေ့အပြီးတွင် ပြတ်သားသည့်ရလဒ်များဖြင့် ဦးဆောင်နိုင်ခဲ့သော်လည်း တတိယနေ့တွင် ရလဒ်ကျဆင်းခဲ့ပြီး မက်ဂွဲယားကလိုင်ဒီယာကိုအားအမီလိုက်နိုင်ခဲ့သည်။

လိုင်ဒီယာကိုနှင့် မက်ဂွဲယားတို့သည် အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်နေသောပြိုင်ဘက်များကို ရိုက်ချက်ငါးချက်ထိ ပြတ်ထားနိုင်သည့် အခြေအနေဖြစ်သည့်အတွက် နောက်ဆုံးနေ့တွင် ချန်ပီယံဆုအတွက် လိုင်ဒီယာကိုနှင့် မက်ဂွဲယားတို့ကြား အကြိတ်အနယ် ကစားသွားရဖွယ်ရှိနေသည်။ AZL

## ATP Finals ပြိုင်ပွဲဖိုင်နယ်လုပွဲစဉ်သို့ ဂျိုကိုဗစ်နှင့် ကပ်စပါရှင်ဒ်တို့ တက်ရောက်

**တူရင် နိုဝင်ဘာ ၂၀**

အီတလီနိုင်ငံ တူရင်မြို့တွင် ကျင်းပနေသည့် ATP Finals တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များအဖြစ် ဆားဘီးယားတင်းနစ်ကစားသမားဂျိုကိုဗစ်နှင့်အမေရိကန်တင်းနစ်ကစားသမား တေလာဖရစ်၊ ရုရှားတင်းနစ် ကစားသမား ရူဘလက်ဗ်နှင့် နော်ဝေ တင်းနစ်ကစားသမား ကပ်စပါရှင်ဒ်တို့ယှဉ်ပြိုင်ကစားခဲ့ရာ ဂျိုကိုဗစ်က တေလာဖရစ်ကို (၇-၆၊ ၇-၆) ရလဒ်ဖြင့် လည်းကောင်း၊ ကပ်စပါရှင်ဒ်က ရူဘလက်ဗ်ကို (၆-၂၊ ၆-၄) ရလဒ်ဖြင့်လည်းကောင်း အနိုင်ရရှိကာ ဖိုင်နယ်လုပွဲစဉ်သို့တက်ရောက်နိုင်ခဲ့သည်။

ဂျိုကိုဗစ်သည် တေလာဖရစ်အား နှစ်ပွဲပြတ်ရလဒ်ဖြင့် အနိုင်ရခဲ့သော်လည်း အကြိတ်အနယ်ရှိသည့်ပွဲစဉ်တစ်ပွဲဖြစ်ခဲ့ပြီး ပွဲငယ်နှစ်ပွဲစလုံး Tie-break ထိ ကစားခဲ့ရပြီးမှ ဂျိုကိုဗစ်က အနိုင်ရခဲ့ခြင်းဖြစ်သည်။

ကပ်စပါရှင်ဒ်က "အရင်နှစ်တုန်းက ဒီပြိုင်ပွဲမှာ ရူဘလက်ဗ်က ကျွန်တော့်ကို အနိုင်ရခဲ့တယ်။ ဒီနှစ်တော့ ကျွန်တော်သူ့ကို ပြန်အနိုင်ရခဲ့တယ်။ မနှစ်က တခြားပြိုင်ပွဲတွေမှာလဲ ရူဘလက်ဗ်နဲ့ ထိပ်တိုက်တွေ့ဆုံမှုတွေရှိခဲ့တယ်။ သူပဲအနိုင်ရခဲ့တာများတယ်။ အခုတော့ ရှုံးကြွေးတွေကို ပြန်ဆပ်နိုင်ခဲ့ပြီ။ တူရင်မြို့မှာ ရူဘလက်ဗ်နဲ့ ကစားခဲ့တဲ့ပွဲစဉ်ဟာ ကျွန်တော် အကောင်းဆုံး ကစားနိုင်ခဲ့တဲ့ပွဲစဉ်တွေထဲက တစ်ပွဲပါပဲ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။ AZL

## ဒေါ့မွန်ကစားသမား မူကိုကို ကိုခေါ်ယူရန် ဘိုင်ယန်ပြင်ဆင်

**ဘာလင် နိုဝင်ဘာ ၂၀**

ဘိုင်ယန်မြူးနစ်အသင်းက ယခုနှစ် ဘောလုံးရာသီအကုန်တွင် ဒေါ့မွန်အသင်းနှင့်စာချုပ်သက်တမ်းကုန်ဆုံးတော့မည့် မူကိုကို ကိုအလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူရန် ပြင်ဆင်လျက်ရှိနေသည်ဟု Bild သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၁၇နှစ်သာရှိသေးသည့် မူကိုကိုသည် ယခုနှစ်ဘောလုံးရာသီတွင် ဟော်လာဒဏ်ရာကြောင့် ကာလရှည် အနားယူနေရသည့်အတွက် ပွဲထွက်ကစားသမားအဖြစ် ပါဝင်ခွင့်ရရှိခဲ့ပြီးနောက် အကောင်းဆုံးခြေစွမ်း ပြသလျက်ရှိနေကာ အသင်းနှင့်အတူပြိုင်ပွဲစုံ ခြောက်ဂိုးသွင်းယူပြီး ဂိုးဖန်တီးမှု ခြောက်ကြိမ်ပြုလုပ်နိုင်ခဲ့ခြင်းဖြစ်သည်။

မူကိုကိုသည် ယခုနှစ်ဘောလုံးရာသီတွင် ဒေါ့မွန်အသင်းနှင့်အတူ အကောင်းဆုံး ခြေစွမ်းပြသနိုင်ခဲ့သည့်အတွက် ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ရောက်မည့် ဂျာမနီအသင်း၌ ရွေးချယ်ခံခဲ့ရသူဖြစ်ပြီး ၎င်းသည် ယခုနှစ် ဘောလုံးရာသီအကုန်တွင် ဒေါ့မွန်အသင်းနှင့် စာချုပ်သက်တမ်း ကုန်ဆုံးမည်ဖြစ်သောကြောင့် အသင်းကလည်း သက်တမ်းတိုးစာချုပ်အတွက် ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိနေသကဲ့သို့ ဘိုင်ယန်မြူးနစ်အသင်းကလည်း အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူရန်ပြင်ဆင်နေခြင်းဖြစ်သည်။

ဘိုင်ယန်မြူးနစ် အသင်းက အထောင်တိုက်စစ်နေရာအတွက် ကာလရှည်အသုံးပြုနိုင်မည့် မူကိုကိုကို ခေါ်ယူလိုနေပြီး ဘိုင်ယန်မြူးနစ်အသင်း ဝါရင့်ဂိုးသမားနွေအာကိုယ်တိုင်ကလည်း ၎င်းကို ဘိုင်ယန်မြူးနစ်အသင်းသို့ ပြောင်းရွှေ့ကစားရန်အတွက် လက်ရှိ ကမ္ဘာ့ဖလားပြိုင်ပွဲကာလတွင် စည်းရုံးမှုများပြုလုပ်နေကြောင်း သိရသည်။ STA

## အားကစားသတင်း အတိုအထွာများ

- ယခုနှစ်ဘောလုံးရာသီကုန်တွင် လိုင်ယွန်အသင်းမှ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာမည့် ကွင်းလယ်ကစားသမား ဟော့ဆန်အော်ရာကို အေစီမီလန်အသင်းက ခေါ်ယူရန် ကမ်းလှမ်းမှုပြုလုပ်ခဲ့သည်။
- မန်ယူအသင်းက လူငယ်ကစားသမားဂါနာချိုကို လုပ်ခလစာ စတာလင်ပေါင် ၅၀၀၀၀ ထိ တိုးမြှင့်၍ သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် ဆွေးနွေးနေကြောင်း သိရသည်။
- ဒဏ်ရာပြဿနာကြုံတွေ့နေသည့် ကွင်းလယ်ကစားသမား မက်ဒီဆင် ယနေ့ပြုလုပ်သည့် အင်္ဂလန်အသင်း၏ လေ့ကျင့်ရေးအစီအစဉ်ကို ပါဝင်နိုင်ခြင်းမရှိကြောင်း သိရသည်။

ML

**ကမ္ဘာ့ဖလားအဖွင့်ပွဲစဉ် ရလဒ်**

ကာတာ ၀ - ၂ အီကွေဒေါ (၀၄၀)

# လေ့ကျင့်ရေးအစီအစဉ်တွင် ရရှိခဲ့သည့်ဒဏ်ရာကြောင့် ဘင်ဇီးမား ပြင်သစ်အသင်းလူစာရင်းမှ ထွက်ခွာခဲ့ရ

**ပဲရစ် နိုဝင်ဘာ ၂၀**

ယခုနှစ်တွင် ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဆုရရှိထားသည့် တိုက်စစ်မှူး ဘင်ဇီးမားသည် ကမ္ဘာ့ဖလားယှဉ်ပြိုင်မည့် ပြင်သစ်အသင်းလူစာရင်းတွင် ရွေးချယ်ခံရသော်လည်း ပြီးခဲ့သည့် စနေနေ့က ပြုလုပ်ခဲ့သည့် လေ့ကျင့်ရေးအစီအစဉ်တွင် ကြွက်သားဒဏ်ရာရရှိခဲ့သောကြောင့် အသင်းလူစာရင်းမှ ထွက်ခွာခဲ့ရကာ ကမ္ဘာ့ဖလားနှင့် လွဲချော်ခဲ့ကြောင်း 90Min.com က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၃၄ နှစ်ရှိ ဘင်ဇီးမားသည် ယခုနှစ်ဘောလုံးရာသီတွင် ဒဏ်ရာပြဿနာများနှင့်သာ ရုန်းကန်ခဲ့ရသည့်အပြင် ကမ္ဘာ့ဖလားမစတင်မီ ရီးရဲလ်မက်ဒရစ်အသင်းတွင် ကစားခဲ့သည့် ပြိုင်ပွဲစုံ ငါးပွဲကိုလည်း ဒဏ်ရာကြောင့် လွဲချော်ခဲ့ရပြီးနောက် ဒဏ်ရာသက်သာလာသဖြင့် ပြင်သစ်အသင်းလူစာရင်း၌ ရွေးချယ်ခံခဲ့ရသည်။

သို့သော် ဘင်ဇီးမားသည် ပြီးခဲ့သည့် စနေနေ့က ပြင်သစ်အသင်းနှင့် လေ့ကျင့်ရေးအစီအစဉ်တွင် စတင်ပါဝင်ခဲ့ရာ ဘယ်ဘက်ပေါင်ကြွက်သားဒဏ်ရာကြောင့် လေ့ကျင့်ရေး အစီအစဉ်မပြီးဆုံးမီ ထွက်ခွာခဲ့ရပြီး စစ်ဆေးမှုများပြုလုပ်ခဲ့ရာ ကမ္ဘာ့ဖလားပြိုင်ပွဲကို ပါဝင်နိုင်မည်မဟုတ်သဖြင့် အသင်းလူစာရင်းမှ ထွက်ခွာခဲ့ရကာ ၎င်း၏ကမ္ဘာ့ဖလားအိပ်မက် အဆုံးသတ်ခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့် ရက်ပိုင်းအတွင်းကလည်း တိုက်စစ်မှူး အန်ကူကူနှင့် ခံစစ်ကစားသမား ကမ်ဘက်ပီတို့ ဒဏ်ရာကြောင့် နုတ်ထွက်ခဲ့ရသဖြင့် ကစားသမား ဖြည့်တင်းမှုများ ပြုလုပ်ခဲ့ရသည့် ပြင်သစ်အသင်းသည် ဩစတြေးလျအသင်းနှင့် လာမည့် နိုဝင်ဘာ ၂၂ ရက်မှ ကစားရမည်ဖြစ်၍ ဘင်ဇီးမား၏ နေရာတွင် ကစားသမားသစ်တစ်ဦး ထပ်မံအစားထိုးခွင့် ရှိသော်လည်း နည်းပြဒက်ချမ့်က လက်ရှိ ကစားသမား ၂၅ ဦးဖြင့်သာ ယှဉ်ပြိုင်ရန်ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။ ML



# ချဲလ်ဆီးအသင်းက ဂိုးသမားပစ်ဖို့ဒ်ကို ဦးစားပေးခေါ်ယူမည့် ကစားသမားစာရင်း၌ ထည့်သွင်း

**လန်ဒန် နိုဝင်ဘာ ၂၀**

ချဲလ်ဆီးအသင်း နည်းပြ ဂရာဟမ်ပေါ်တာက အသင်း၏ ဂိုးသမား အခက်အခဲကို ဖြေရှင်းနိုင်ရန် အဲဗာတန်အသင်းတွင် လက်စွမ်းပြကစားနေသည့်ဂိုးသမား ပစ်ဖို့ဒ်ကို ကစားသမားသစ် ခေါ်ယူမည့် စာရင်းတွင်ထည့်သွင်းခဲ့ပြီး ခေါ်ယူရန် ကြိုးပမ်းနေသည်ဟု The Mirror သတင်းစာက ယနေ့တွင် ဖော်ပြခဲ့ကြောင်း သိရသည်။

နည်းပြသစ် ဂရာဟမ်ပေါ်တာ လက်ထက်တွင် ချဲလ်ဆီးအသင်းဂိုးသမားများဖြစ်သည့် ဂိုးသမားမန်ဒီနှင့် ဂိုးသမားကီပါတို့သည် နည်းပြ၏ ကစားကွက်နှင့် ကိုက်ညီမှုမရှိသဖြင့် အသင်းမှထွက်ခွာရန် ပြင်ဆင်နေသောကြောင့် အသင်းတာဝန်ရှိသူများက နည်းပြဂရာဟမ်ပေါ်တာ၏ လိုအပ်ချက်ကိုဖြည့်ဆည်းပေးနိုင်ရန်အတွက် ပစ်ဖို့ဒ်ကိုခေါ်ယူရန် ကြိုးပမ်းနေသကဲ့သို့ လက်ရှိ ကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း ၎င်း၏ လက်စွမ်းပိုင်းကို စောင့်ကြည့်သွားမည်ဖြစ်ကြောင်း သိရသည်။

နည်းပြ ဂရာဟမ်ပေါ်တာသည် အသင်းသို့ စရောက်ချိန်ကတည်းက ဂိုးသမားသစ်ခေါ်ယူရန် ဆန္ဒရှိနေသူဖြစ်ပြီး ဘရန့်ဖို့ဒ်အသင်းဂိုးသမား ရာယာကို ခေါ်ယူရန် ကြိုးပမ်းနေသော်လည်း ဘရန့်ဖို့ဒ်အသင်းက မြင့်မားသည့် ပြောင်းရွှေ့ကြေးရရှိမှသာ ရောင်းချမည်ဟုပြောကြားခဲ့သောကြောင့် ယခုအခါ အဲဗာတန်အသင်းတွင် လက်စွမ်းပြသနေသည့် ဂိုးသမားပစ်ဖို့ဒ်ကိုသာ ပြောင်းလဲခေါ်ယူရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

အသက် ၂၈ နှစ်ရှိ ဂိုးသမားပစ်ဖို့ဒ်သည် ယခုနှစ်ဘောလုံးရာသီတွင် အဲဗာတန်အသင်းအတွက် Clean sheet သုံးကြိမ်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပြီး စက်တင်ဘာလအတွက် အကောင်းဆုံး ဂိုးသမားဆုကို ဆွတ်ခူးရရှိထားသူဖြစ်ကြောင်း သိရသည်။

ML

# ပီအက်စ်ဂျီအသင်းမှ ထွက်ခွာမှသာ အမ်ဘက်ပီ Ballon d'Or ဆုရနိုင်မည်ဟု နည်းပြဟောင်း ပိုချက်တီနို ပြောကြား






**ပဲရစ် နိုဝင်ဘာ ၂၀**

ပီအက်စ်ဂျီအသင်းနှင့် စာချုပ်သက်တမ်းတိုးထားသည့် တိုက်စစ်မှူး အမ်ဘက်ပီအနေဖြင့် အသင်းမှထွက်ခွာနိုင်မှသာ Ballon d'Or ဆုရနိုင်မည်ဖြစ်ကြောင်း နည်းပြဟောင်း ပိုချက်တီနိုက ထုတ်ဖော်ပြောကြားခဲ့သည်ဟုFotmob.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ပြင်သစ်အသင်းအား ၂၀၁၈ ကမ္ဘာ့ဖလားရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည့် တိုက်စစ်မှူး အမ်ဘက်ပီသည် ယခုကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း ချန်ပီယံဆုကို ကာကွယ်နိုင်ရန် အခွင့်အရေးကောင်းများ ရှိနေသော်လည်း ပီအက်စ်ဂျီအသင်းတွင် ဆက်လက်ကစားနေပါက Ballon d'Or ဆုရနိုင်မည်မဟုတ်ဘဲ အသင်းမှထွက်ခွာမှသာ ရရှိနိုင်မည်ဟု နည်းပြဟောင်း ပိုချက်တီနိုက ပြောကြားခဲ့သည်။

တိုက်စစ်မှူး အမ်ဘက်ပီသည် ပီအက်စ်ဂျီအသင်းနှင့် သုံးနှစ်သက်တမ်းတိုး စာချုပ်ချုပ်ဆိုထားသော်လည်း ပြီးခဲ့သည့် အောက်တိုဘာလက အနာဂတ်နှင့်ပတ်သက်၍ အသင်းတွင်ဆက်ရှိရန် မသေချာသည့် သတင်းများ ထွက်ပေါ်လာချိန်တွင် ရီးရဲလ်မက်ဒရစ်အသင်းက ခေါ်ယူရန် ထပ်မံချိတ်ဆက်မှုများပြုလုပ်နေသောကြောင့် နည်းပြ ပိုချက်တီနိုအနေဖြင့် ကစားသမားအတွက် အကြံပေးပြောကြားခဲ့ကြောင်း သိရသည်။

နည်းပြ ပိုချက်တီနိုက "အမ်ဘက်ပီဟာ ဘောလုံးလောကမှာ ခေါင်းဆောင်တစ်ယောက်ဖြစ်နိုင်ပါတယ်။ ဘာလို့လဲဆိုရင် သူဟာ ကမ္ဘာ့အကောင်းဆုံးဘောလုံးသမား တစ်ယောက်လို့ လူတိုင်းက မြင်နေလို့ပါ။ ဒါပေမဲ့ လက်ရှိ Ballon d'Or ဆုရရှိထားတာ တိုက်စစ်မှူး ဘင်ဇီမားဖြစ်ပါတယ်။ သူလဲ ပြင်သစ်အသင်း တိုက်စစ်မှူးပါ။ ဒါကို ကြည့်ရင် အမ်ဘက်ပီဟာ ပီအက်စ်ဂျီအသင်းမှ ထွက်ခွာမှသာ ဒီဆုကိုရယူနိုင်မှာပါ။ လက်ရှိသက်တမ်းတိုးခဲ့တာကတော့ အသင်းနဲ့ အသင်းပရိသတ်တွေအတွက် ကောင်းနိုင်ပေမဲ့သူ့အတွက်ကတော့ Comfort Zone ထဲက ထွက်နိုင်မှသာ ကမ္ဘာ့အကောင်းဆုံး ကစားသမားဆုရရှိနိုင်မှာပါ"ဟုပြောကြားခဲ့သည်။ML

# DP World Tour Championship ဂေါက်သီးရိုက်ပြိုင်ပွဲ အမှတ်ပေးဇယားကို စပိန်ကစားသမား ဂျွန်ရမ်း ဦးဆောင်

**ဒူဘိုင်း နိုဝင်ဘာ ၂၀**

ယူအေအီးနိုင်ငံ ဒူဘိုင်းတွင် ကျင်းပနေသည့် DP World Tour Championship ဂေါက်သီးရိုက်ပြိုင်ပွဲတတိယနေ့အပြီးတွင် စပိန်ဂေါက်သီးရိုက်ကစားသမား ဂျွန်ရမ်းက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၅ ချက်လျှော့ရိုက်ကာအမှတ်ပေးဇယားကို ဦးဆောင်ထားနိုင်ကြောင်း Golf Digest သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အင်္ဂလန်ဂေါက်သီးရိုက်ကစားသမားဖစ်ပက်ထရစ်က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၄ ချက်လျှော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်နေပြီး ဆွီဒင်ဂေါက်သီးရိုက် ကစားသမား နီရင်က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၃ ချက်လျှော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာ၌ ရပ်တည်လျက်ရှိသည်။

ဂျွန်ရမ်းသည် တတိယနေ့တွင် အကောင်းဆုံး လက်စွမ်းပြကာ ဒုတိယနေ့အပြီး အမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့သည့် ဖစ်ပက်ထရစ်အား ကျော်ဖြတ်ကာအမှတ်ပေးဇယားအား ဦးဆောင်နိုင်ခဲ့ခြင်းလည်းဖြစ်သည်။

ချန်ပီယံဆုကို ဆွတ်ခူးနိုင်ရန် ရေပန်းစားနေသည့် ကမ္ဘာ့အဆင့်(၁) ဂေါက်သီးရိုက် ကစားသမား မက်အီလ်ရွိုင်းသည်လည်း တတိယနေ့တွင် အကောင်းဆုံးပုံစံရခဲ့ပြီး စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၂ ချက်လျှော့ရိုက်ကာချန်ပီယံဆုဖလားအတွက် အမှတ်ပေးဇယားအား ဦးဆောင်နေသော ပြိုင်ပွဲဝင်များကို ဖိအားပေးထားနိုင်ဆဲဖြစ်သည်။

မက်အီလ်ရွိုင်းက "ဒီပြိုင်ပွဲဟာ ကျွန်တော့်အတွက် အရေးကြီးတဲ့ ပြိုင်ပွဲဖြစ်ပါတယ်။ ဒီပွဲမှာသာ အနိုင်ရရင် ကစားသမားဘဝအတွက် အဖိုးတန်တဲ့ မှတ်တမ်းကောင်းတစ်ရပ်ကို ရရှိမှာဖြစ်ပါတယ်။ ဂေါက်သီးရိုက်လောကမှာ ပရော်ဖက်ရှင်နယ်ကစားသမားဘဝအနေနဲ့ ကျင်လည်လာတာ ၁၅ နှစ်ရှိပြီ။ ကစားသမားဘဝ သက်တမ်းတစ်လျှောက်မရဖူးသေးတဲ့ မှတ်တမ်းကောင်းကို ပထမဦးဆုံးအကြိမ်ရယူသွားချင်တယ်။ တတိယနေ့ထိတော့ ကစားရတာ အဆင်ပြေနေပါသေးတယ်။ စိတ်ကျေနပ်စရာကောင်းတဲ့ ရလဒ်ကိုလဲ ရယူထားနိုင်တယ်။ နောက်ဆုံးနေ့မှာ ပုံစံကောင်းကို ဆက်ထိန်းနိုင်မယ်လို့ မျှော်လင့်ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

# လီဗာပူးအသင်းက ချိန်ဘာလိန်ကို အလွတ်ပြောင်းရွှေ့ကြေးဖြင့် လက်လွှတ်မည်

**လန်ဒန် နိုဝင်ဘာ ၂၀**

လီဗာပူးအသင်းက ကွင်းလယ်ကစားသမား ချိန်ဘာလိန်ကို သက်တမ်းတိုးစာချုပ် ချုပ်ဆိုတော့မည်မဟုတ်ဘဲ ယခုနှစ် ဘောလုံးရာသီအကုန်တွင် အလွတ်ပြောင်းရွှေ့ကြေးဖြင့် လက်လွှတ်သွားမည်ဟု အတည်ပြုကြေညာခဲ့ကြောင်း Liverpool Echo သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။




အသက် ၂၉ နှစ်ရှိ ချိန်ဘာလိန်သည် ပြီးခဲ့သည့် ၂၀၁၇ ခုနှစ်က အာဆင်နယ်အသင်းမှ လီဗာပူးအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး ယခုနှစ်ဘောလုံးရာသီကုန်တွင် အသင်းနှင့်စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သည်။

ချိန်ဘာလိန်သည် အစောပိုင်းနှစ်များက အသင်းတွင် အဓိကကစားသမားအဖြစ် ပါဝင်ကစားခွင့်ရရှိခဲ့သော်လည်း နောက်ပိုင်းနှစ်များတွင် ဒဏ်ရာပြဿနာများနှင့် ရုန်းကန်ခဲ့ရပြီးနောက်ပိုင်း လူစားဝင်ကစားသမားအဖြစ်သာ ပါဝင်ခွင့်ရရှိခဲ့သူဖြစ်ပြီး ယခုနှစ်ဘောလုံးရာသီတွင်လည်း ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် သုံးပွဲပါဝင်ကစားခွင့်ရရှိခဲ့သော်လည်း လူစားဝင်ကစားသမားအဖြစ်သာ ပါဝင်ခွင့်ရရှိခဲ့သည်။

လီဗာပူးအသင်းက ချိန်ဘာလိန်ကို အလွတ်ပြောင်းရွှေ့ကြေးဖြင့် လက်လွှတ်သွားမည်ဖြစ်သော်လည်း အသင်းကွင်းလယ်ပိုင်းတွင်ဒဏ်ရာရကစားသမားများရှိနေသည့်အတွက် အသင်းကွင်းလယ်ပိုင်းကို ကစားသမားသစ်များ ခေါ်ယူ အင်အားဖြည့်တင်းသွားမည်ဟု ကြေညာခဲ့ကြောင်း သိရသည်။

STA

# အုပ်စု(D) အဖွင့်ပွဲစဉ်မှာ ပြင်သစ်အနိုင်ရမှာပါ

**ပြင်သစ် Vs ဩစတြေးလျ**

**ကစားမည့်ရက်/အချိန် ၂၃-၁၁-၂၀၂၂ (နံနက် ၀၁း၃၀နာရီ)**

၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲအုပ်စု (D) မှာတော့ ပြင်သစ်၊ ဒိန်းမတ်၊ ဩစတြေးလျ၊ တူနီးရှားတို့ တစ်အုပ်စုတည်းကျရောက်နေပေမဲ့ ဒီအုပ်စုမှာ လက်ရှိချန်ပီယံ ပြင်သစ်အသင်းက ကစားသမားစုဖွဲ့မှုအကောင်းဆုံးဖြစ်နေပါတယ်။ ဒါပေမဲ့ ပြင်သစ်အသင်းရဲ့ ပြင်ဆင်မှုဟာ အခုကမ္ဘာ့ဖလားမှာ သိပ်ထင်ပေါ်မှုမရှိသလို သူ့ရဲ့ကစားကွက်နဲ့လူထုတ်ပုံဟာလဲ ပြီးခဲ့တဲ့ နေရှင်းလိဂ်ပြိုင်ပွဲမှာ အမျိုးမျိုးအသုံးပြုခဲ့တာဖြစ်ပါတယ်။ ဒါကိုကြည့်ရင် လက်ရှိချန်ပီယံဟာ ကမ္ဘာ့ဖလားကို ဘယ်လိုပြင်ဆင်ပြီး ဘာတွေလုပ်နေလဲဆိုတာ ခန့်မှန်းမရသေးတဲ့ အခြေအနေဖြစ်နေပါတယ်။ တစ်ဖက်မှာလဲ အကောင်းဆုံးတိုက်စစ်မှူးတွေဖြစ်တဲ့ အန်ကူကူ၊ ဘင်ဇီမား၊ ကွင်းလယ်က ကန့်တီ၊ ပေါ့ဂ်ဘာတို့လို ကစားသမားတွေ ဒဏ်ရာကြောင့် ပါဝင်လာခြင်းမရှိတာဟာလဲ ပြင်သစ်အသင်း လူထုတ်ပုံကို မှန်းဆမရသေးတာဖြစ်ပါတယ်။ ဒါပေမဲ့ သူတို့အသင်းဟာ ဥရောပကလပ်တွေမှာခြေစွမ်းပြနေတဲ့ ကမ္ဘာ့အဆင့်ကစားသမားတွေကို ပိုင်ဆိုင်ထားတဲ့အသင်းဖြစ်တာကြောင့် ဒီလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်မှာသေချာပါတယ်။

ဩစတြေးလျအသင်းဟာ အခုကမ္ဘာ့ဖလားကို အဆင့်ဆင့်ကျော်ဖြတ်ပြီးမှ ဝင်ခွင့်ရလာတဲ့ အသင်းဖြစ်ပါတယ်။ သူတို့အသင်းဟာ ၂၀၀၆ ခုနှစ်ကစလို့ ခြေစစ်ပွဲအမြဲအောင်မြင်ခဲ့ပေမဲ့ အမြင့်ဆုံး ၁၆ သင်းအဆင့်ထိပဲ ရောက်ရှိခဲ့တာပါ။ အခုအုပ်စုမှာလဲ ပြင်သစ်၊ ဒိန်းမတ်အသင်းတို့နဲ့ယှဉ်ရင် အဆင့်အတန်းတစ်ခုထိ ကွာဟနေတဲ့အသင်းဖြစ်ပါတယ်။ လက်ရှိသူတို့အသင်းအနေနဲ့အသင်းလိုက်ကစားပုံကောင်းနေပြီး နောက်ဆုံး ငါးပွဲဆက်ရှုံးပွဲမရှိသေးပေမဲ့ သူတို့တွေ့ဆုံခဲ့တဲ့အသင်းတွေဟာ ကစားသမားစုဖွဲ့မှုအားနည်းတဲ့ အသင်းတွေသာဖြစ်ပါတယ်။ ဒါ့ပြင်အသင်းရဲ့ ကစားသမားစုဖွဲ့မှုမှာလဲ ကမ္ဘာ့အဆင့်ခြေစွမ်းမျိုးရှိတဲ့ ကစားသမားတစ်ဦးမှ ပါဝင်ခြင်းမရှိတာကို တွေ့ရမှာပါ။ သူတို့အသင်းနည်းပြကတော့ အသင်းကြီးတွေနဲ့ဆိုခံစစ်အသားပေးကစားပြီး ပြိုင်ပွဲကို အာရုံစိုက်ချဉ်းကပ်တတ်ပေမဲ့ ပြင်သစ်လို တိုက်စစ်အားကောင်းတဲ့ အသင်းကိုတော့ ပွဲချိန်ပြည့်ထိန်းချုပ်နိုင်ပါ့မလားဆိုတာ စောင့်ကြည့်ရမှာပါ။ ဩစတြေးလျအသင်းအတွက် ကံကောင်းတာတစ်ခုကတော့ ပြင်သစ်အသင်းရဲ့ အဓိကကစားသမားအချို့ ပါဝင်နိုင်ခြင်းမရှိတော့တာကြောင့် ဒီပွဲမှာခံစစ်ကစားပုံကောင်းခဲ့ရင် ပြတ်သားတဲ့ရလဒ်ထွက်မှာ မဟုတ်ပေမဲ့ ပြင်သစ်အသင်းပဲ နိုင်ပွဲရသွားမှာပါ။

ML

**အင်တာနက်ခန့်မှန်း - ပြင်သစ် ၂ - ၁ ဩစတြေးလျ**



# ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စုပွဲစဉ် ပွဲကြိုသုံးသပ်ချက်

STA

**အာဂျင်တီးနား Vs ဆော်ဒီအာရေဗျ**

**ကစားမည့်ရက်/အချိန် ၂၂-၁၁-၂၀၂၂ (ညနေ ၀၄း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ် (မရှိ)**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **အာဂျင်တီးနား** | – | **အိမ်(နိုင်)** | **အိမ်(နိုင်)** | **ဧး(နိုင်)** |
| **ဆော်ဒီအာရေဗျ** | – | **အိမ်(သရေ)** | **အိမ်(နိုင်)** | **အိမ်(ရှုံး)** |

ဆော်ဒီအာရေဗျအသင်းအတွက် အာဂျင်တီးနားအသင်းကို သရေရလဒ်တောင်မျှော်လင့်လို့ရမှာမဟုတ်ဘဲ ဂိုးပြတ် မရှုံးနိမ့်အောင်သာ ကြိုးစားလာမှာပါ။ လက်ရှိအာဂျင်တီးနားအသင်းရဲ့ခြေစွမ်းပိုင်းနဲ့ ကစားသမားစုဖွဲ့မှုပိုင်းကတော့ အသာစီးမှာရှိနေလို့ အာဂျင်တီးနားအသင်းရဲ့ အနိုင်ရလဒ်က သေချာနေပါတယ်။

**အင်တာနက်ခန့်မှန်း - အာဂျင်တီးနား ၃ - ၀ ဆော်ဒီအာရေဗျ**

# ဂျာမနီ-ဗီယက်နမ် ကုန်သွယ်မှုအလားအလာ



ဂျာမနီဝန်ကြီးချုပ် အိုလက်ဖ်ရှောလက်ဇ်သည် နိုဝင်ဘာ ၁၃ ရက်က ဗီယက်နမ်နိုင်ငံသို့ အလည်အပတ်ခရီးရောက်ရှိခဲ့ပြီး စွမ်းအင်နှင့်ကုန်သွယ်ရေးနယ်ပယ်တို့တွင် ဗီယက်နမ်နှင့်ပူးပေါင်းဆောင်ရွက်သွားနိုင်ရေး နည်းလမ်းရှာဖွေရန်ရောက်ရှိခဲ့ခြင်းဖြစ်သည်။ ဂျာမနီဝန်ကြီးချုပ်သည် အရှေ့တောင်အာရှသုံးနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်စဉ် ဗီယက်နမ်သို့ ပထမဆုံးဝင်ရောက်ခဲ့ခြင်းဖြစ်သည်။

ဂျာမနီဝန်ကြီးချုပ် အိုလက်ဖ်ရှောလက်ဇ်သည် ဗီယက်နမ်နိုင်ငံမှ စင်ကာပူနိုင်ငံသို့ ဆက်လက်သွားရောက်ခဲ့ပြီးနောက် အင်ဒိုနီးရှားနိုင်ငံတွင် နိုဝင်ဘာ ၁၅ ရက်ကကျင်းပသည့် G-20 ထိပ်သီး ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည်။ ဗီယက်နမ်နိုင်ငံ သို့ရောက်ရှိစဉ် ဗီယက်နမ်ဝန်ကြီးချုပ် ဖန်မင်ချင်းက ရှောလက်ဇ်ကို ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုခဲ့သည်။ ရှောလက်ဇ်သည် ဗီယက်နမ်ကွန်မြူနစ်ပါတီအကြီးအကဲ ငုယင်ဖုထရောင်းနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

နှစ်နိုင်ငံခေါင်းဆောင်များသည် တွေ့ဆုံဆွေးနွေးစဉ် ယူကရိန်းအရေးကိုလည်း ထည့်သွင်းဆွေးနွေးခဲ့ကြပြီး ဗီယက်နမ်နိုင်ငံသည် ယူကရိန်းအရေးတွင် ဘက်မလိုက်ဘဲ ကြားနေဝါဒကျင့်သုံးလျက်ရှိကြောင်း ငုယင်ဖုထရောင်းက ပြောကြားသွားသည်။ ဂျာမနီဝန်ကြီးချုပ်ကမူ ယူကရိန်းအရေးသည် နိုင်ငံတကာဥပဒေ ချိုးဖောက်မှုပင်ဖြစ်ကြောင်း၊ နိုင်ငံငယ်များသည် နိုင်ငံကြီးများ၊ အထူးသဖြင့် အင်အားကြီးအိမ်နီးချင်းနိုင်ငံများ၏ ခြိမ်းခြောက်မှုကို စိုးရိမ်လာရပြီဖြစ်ကြောင်း ပူးတွဲသတင်းစာရှင်းလင်းပွဲ၌ ပြောကြားသွားသည်။

ဂျာမနီဝန်ကြီးချုပ်သည် အဖွဲ့ဝင် ၁၂ ဦးပါဝင်သော စီးပွားရေးအဖွဲ့ကိုဦးဆောင်ကာ ဗီယက်နမ်နိုင်ငံသို့ လာရောက်ခဲ့ခြင်းဖြစ်သည့်အတွက် ခရီးစဉ်၏ အဓိကရည်မှန်းချက်သည် စီးပွားရေးလုပ်ငန်းပင်ဖြစ်သည်။ ဂျာမနီဝန်ကြီးချုပ် အိုလက်ဖ်ရှောလက်ဇ်သည် ဗီယက်နမ်ဝန်ကြီးချုပ် ဖန်မင်ချင်းနှင့် ပူးတွဲသတင်းစာရှင်းလင်းပွဲပြုလုပ်စဉ် ဘာလင်အနေဖြင့် ဟန္နိုင်းနှင့်နက်ရှိုင်းသော စီးပွားရေးဆက်ဆံမှုထူထောင်သွားရန် မျှော်မှန်းထားကြောင်း၊ ဗီယက်နမ်နိုင်ငံ၏ အစိမ်းရောင်စီးပွားရေးဖော်ဆောင်မှုကို ကူညီပံ့ပိုးသွားမည်ဖြစ်ကြောင်း၊ ထို့ပြင် ဗီယက်နမ်၏ ရပ်ဆိုင်းထားသော မြို့ပြပို့ဆောင်ရေးစနစ်ဆက်လက်အကောင်အထည်ဖော်ရေးအတွက်လည်း ကူညီသွားမည်ဖြစ်ကြောင်း၊ ဂျာမနီနိုင်ငံသည် အနောင်အဖွဲ့ကင်းသောနိုင်ငံများတွင် အရောင်းဈေးကွက်ချဲ့ထွင်ရေး၊ ကုန်ကြမ်းအရင်းအမြစ်များနှင့် ထုတ်လုပ်ရေးလုပ်ငန်းခွင်များ တိုးချဲ့နိုင်ရေးတို့အတွက် နည်းလမ်းရှာဖွေသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဗီယက်နမ်နိုင်ငံသည် ကမ္ဘာလုံးဆိုင်ရာအရောင်းဈေးကွက်တွင် ပိုမိုနေရာယူလာကြောင်းကို ဂျာမနီဝန်ကြီးချုပ် ရှောလက်ဇ်၏ခရီးစဉ်က ထင်ဟပ်ပေါ်လွင်စေလျက်ရှိသည်။ ပေကျင်းနှင့်အနောက်အုပ်စုတို့ကြား တင်းမာမှုများ မြင့်တက်လျက်ရှိသည့်အချိန်တွင် ဂျာမနီကုမ္ပဏီကြီးများသည် တရုတ်နိုင်ငံအပြင် ဗီယက်နမ်နိုင်ငံတွင်လည်း ရင်းနှီးမြှုပ်နှံမှုများ တိုးချဲ့သွားရန် လုပ်ဆောင်လာလျက်ရှိသည်။

အမှန်တော့ ဆယ်စုနှစ် တစ်ခုကျော်ကာလအတွင်း ဂျာမနီခေါင်းဆောင်တစ်ဦးအနေဖြင့် ဗီယက်နမ်နိုင်ငံသို့လာရောက်ခဲ့သည့် ရှောလက်ဇ်၏ ခရီးစဉ်သည် ပြီးခဲ့သောသီတင်းပတ်အတွင်း တရုတ်နိုင်ငံသို့သွားရောက်ခဲ့ပြီးနောက် ထွက်ပေါ်လာခြင်းဖြစ်သည်။ ရှောလက်ဇ်သည် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားပြီးနောက်ပိုင်း အနောက်အုပ်စုခေါင်းဆောင်တစ်ဦးအနေဖြင့် တရုတ်နိုင်ငံသို့သွားရောက်ခဲ့ခြင်းဖြစ်သည်။ ရှောလက်ဇ်၏ ပေကျင်းခရီးစဉ်အပေါ် အနောက်အုပ်စုမှ လေ့လာသုံးသပ်သူများက စီးပွားရေးဆိုင်ရာအကျိုးစီးပွားများသည် ဘာလင်ကို တရုတ်နိုင်ငံ၏ ခြိမ်းခြောက်မှုကိုပင်လျှင် မမြင်နိုင်တော့ကြောင်း သုံးသပ်ပြောဆိုလျက်ရှိသည်။

ရှောလက်ဇ်အနေဖြင့် တရုတ်နိုင်ငံအပေါ် မှီခိုအားထားခြင်းသည် အတိတ်က ရုရှားနိုင်ငံအပေါ် မှီခိုအားထားခဲ့သည့် ဘာလင်၏မှားယွင်းသည့်လုပ်ရပ်မျိုးအတိုင်း တူညီသောအမှားကို ဆက်လက်ကျူးလွန်နေခြင်းဖြစ်ကြောင်း နိုင်ငံရေးသမားများက ဝေဖန်သုံးသပ်ပြောဆိုလျက်ရှိသည်။ သို့သော် ရှောလက်ဇ်ကမူ ဂျာမနီအနေဖြင့် အလယ်အလတ်လမ်းစဉ်အတိုင်း လျှောက်လှမ်းသွားမည်ဖြစ်ကြောင်း၊ ကမ္ဘာကြီးသည် နိုင်ငံပေါင်းစုံ အခင်းအကျင်းဖြစ်လာပြီဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံပေါင်းစုံနှင့်ဆက်ဆံရေးတိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဘာလင်အနေဖြင့် ကမ္ဘာကြီးတွင် အုပ်စုသစ်များပေါ်ပေါက်လာမှုမှ အကျိုးစီးပွား တစ်စုံတစ်ရာများမရရှိကြောင်း၊ တရုတ်နိုင်ငံ ကြီးပွားတိုးတက်လာမှုကြောင့် ပေကျင်းကို ကြဉ်ဖယ်ထားရန် မည်သည့်နိုင်ငံကမျှ တောင်းဆိုနေခြင်းမရှိသလို တရုတ်ကြီးစိုးသည့်ကမ္ဘာကြီးဖြစ်ပေါ်လာပြီဆိုသော စောဒကများကိုလည်း မတွေ့ရှိရသေးကြောင်း ပြောကြားသွားခဲ့သည်။

**❖ အမှန်တော့ ဆယ်စုနှစ်တစ်ခုကျော်ကာလအတွင်း ဂျာမနီခေါင်းဆောင်တစ်ဦးအနေဖြင့် ဗီယက်နမ်နိုင်ငံသို့ လာရောက်ခဲ့သည့် ရှောလက်ဇ်၏ ခရီးစဉ်သည် ပြီးခဲ့သောသီတင်းပတ်အတွင်း တရုတ်နိုင်ငံသို့ သွားရောက်ခဲ့ပြီးနောက် ထွက်ပေါ်လာခြင်းဖြစ်သည်။ ရှောလက်ဇ်သည် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားပြီးနောက်ပိုင်း အနောက်အုပ်စုခေါင်းဆောင်တစ်ဦးအနေဖြင့် တရုတ်နိုင်ငံသို့သွားရောက်ခဲ့ခြင်းဖြစ်သည်။ ရှောလက်ဇ်၏ ပေကျင်းခရီးစဉ်အပေါ် အနောက်အုပ်စုမှ လေ့လာသုံးသပ်သူများက စီးပွားရေးဆိုင်ရာ အကျိုးစီးပွားများသည် ဘာလင်ကို တရုတ်နိုင်ငံ၏ ခြိမ်းခြောက်မှုကိုပင်လျှင် မမြင်နိုင်တော့ကြောင်း သုံးသပ်ပြောဆိုလျက်ရှိသည်။ ❖**

ထို့ကြောင့် ဂျာမနီအစိုးရအနေဖြင့် စက်မှုလုပ်ငန်းများကို တရုတ်နိုင်ငံအပြင် ဗီယက်နမ်နိုင်ငံတွင်လည်း ရင်းနှီးမြှုပ်နှံမှုများ လုပ်ဆောင်လာခြင်းဖြစ်သည်။ ဗီယက်နမ်နိုင်ငံသည် အရှေ့တောင်အာရှတွင် ဂျာမနီ၏ အရေးပါဆုံးသော ကုန်သွယ်ဖက်နိုင်ငံဖြစ်ပြီး ဂျာမနီကုမ္ပဏီ ၅၀၀ ခန့်သည် ဗီယက်နမ်နိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ လုပ်ဆောင်လျက်ရှိသည်။ ၎င်းတို့အနက် ကုမ္ပဏီ ၈၀ ခန့်သည် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ လုပ်ဆောင်လျက်ရှိသည်။ အလားတူ ဂျာမနီသည် ဥရောပနိုင်ငံများအနက် ဗီယက်နမ်၏ ဒုတိယအကြီးမားဆုံး ကုန်သွယ်ဖက်နိုင်ငံဖြစ်သည်။ နယ်သာလန်သည် ဗီယက်နမ်နှင့် ကုန်သွယ်မှုအများဆုံးနိုင်ငံဖြစ်သည်။

ဗီယက်နမ်နိုင်ငံဆိုင်ရာ ဂျာမနီကုန်သွယ်ရေးဥက္ကဋ္ဌ မာကိုဝေါဒီက ဂျာမနီကုမ္ပဏီများသည် တရုတ်နိုင်ငံအပြင် အခြားနိုင်ငံများတွင်လည်း ရင်းနှီးမြှုပ်နှံမှုလုပ်ဆောင်ရန် နည်းလမ်းရှာကြံလာကြောင်း၊ ကုမ္ပဏီ ၄၀ ရာခိုင်နှုန်းကျော်သည့် အရှေ့တောင်အာရှဒေသတွင်းရှိ ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့တွင် ရင်းနှီးမြှုပ်နှံမှုပိုမိုလုပ်ဆောင်ရန် ရွေးချယ်လာကြောင်း ပြောကြားသွားသည်။

ဘာလင်အနေဖြင့် ပေကျင်းနှင့် ဆက်ဆံရေးထူထောင်ရာတွင် ၎င်း၏စီးပွားရေးဆိုင်ရာ အကျိုးဖြစ်ထွန်းမှုနှင့် လူ့အခွင့်အရေးဆိုင်ရာ မူဝါဒများအပေါ် လိုက်နာဆောင်ရွက်မှုတို့ကြား ပွတ်တိုက်မှုများကို ချိန်ဆဆောင်ရွက်သွားရန် လိုအပ်ပေသည်။ ထို့ပြင် ဗီယက်နမ်နိုင်ငံတွင်လည်း လွန်ခဲ့သောနှစ်များအတွင်း နိုင်ငံရေးဆိုင်ရာ တက်ကြွလှုပ်ရှားသူများကို ဖိနှိပ်မှုများရှိခဲ့သဖြင့် ဂျာမနီနှင့်ဆက်ဆံရေး ခပ်တန်းတန်းဖြစ်ခဲ့ရသည်။

ဗီယက်နမ်နိုင်ငံအတွက် ဂျာမနီ၏အာရုံစိုက်မှုများရရှိလာခြင်းသည် အလုံးစုံကောင်းမွန်သော လက္ခဏာတော့ မဟုတ်ချေ။ လွန်ခဲ့သော ငါးနှစ်ကျော်ကာလအတွင်း အနောက်အုပ်စုသည် တရုတ်ဗဟိုပြုသော ထောက်ပံ့ရေးကွင်းဆက်ကို လျှော့ချခဲ့သောကြောင့် ဗီယက်နမ်သည် အကျိုးစီးပွားများစွာ ဖြစ်ထွန်းခဲ့သည်။ လက်ရှိအချိန်တွင် ဂျာမနီ၏ချဉ်းကပ်မှုသည် ဆိုခဲ့သောနည်းလမ်းအတိုင်း ဆောင်ရွက်လာခြင်းဖြစ်သည့်အတွက် တရုတ်နှင့်အနောက်အုပ်စုတို့ကြား ဆက်ဆံရေးသည် ပိုနေမြဲကျားနေမြဲအတိုင်းသာ ခပ်တန်းတန်း ဖြစ်နေဦးမည်ဖြစ်သည်။ ထို့ကြောင့် ဗီယက်နမ်သည် တရုတ်နိုင်ငံကို ပထဝီနိုင်ငံရေး၊ စီးပွားရေးတို့အရ ထိပ်တိုက်ရင်ဆိုင်မှုများလုပ်ဆောင်ခြင်းသည် ကြီးမားသောစွန့်စားမှုများဖြစ်ပြီး နောက်ဆက်တွဲဆိုးကျိုးကိုလည်း ထည့်သွင်းဆောင်ရွက်သွားရန် လိုအပ်ပေသည်။

အမှန်တော့ ဂျာမနီသည် ကိုဗစ်-၁၉ ရောဂါအလွန် စီးပွားရေးပြန်လည်ကုစားမှုများ လုပ်ဆောင်နေချိန်တွင် ယူကရိန်းအရေးကြောင့် စွမ်းအင်အကျပ်အတည်း ကြုံတွေ့ပြီး စီးပွားရေးကျဆင်းလာခဲ့သည်။ ထိုသို့သောအခြေအနေမျိုးတွင် နိုင်ငံ့ခေါင်းဆောင်များသည် တိုင်းပြည်အကျိုးစီးပွားအတွက် ကြံဆဆောင်ရွက်ရလေ့ရှိသည်။ ထိုသဘောတရားအရ ဂျာမနီဝန်ကြီးချုပ်သည် အနောက်နိုင်ငံများ၏ ဝေဖန်မှုများကြားကပင်လျှင် တရုတ်နိုင်ငံသို့သွားရောက်ခဲ့ပြီး စီးပွားရေးဆိုင်ရာအခွင့်အလမ်းများ ရှာကြံခဲ့သည်။ ထို့ပြင် ဝန်ကြီးချုပ်ရှောလက်ဇ်သည် အရှေ့တောင်အာရှတွင် စီးပွားရေးလျင်မြန်စွာတိုးတက်လျက်ရှိသော ဗီယက်နမ်နိုင်ငံသို့လည်း ချစ်ကြည်ရေးခရီးသွားရောက်ကာ ရင်းနှီးမြှုပ်နှံမှုများ တိုးချဲ့နိုင်ရေးအတွက် နည်းလမ်းရှာကြံဆောင်ရွက်ခဲ့သည်။ လက်ရှိအချိန်တွင် တရုတ်နိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်လျက်ရှိသော ဂျာမနီကုမ္ပဏီကြီးများသည် နိုင်ငံရေးဖိအားများကြောင့် ဗီယက်နမ်နှင့်ထိုင်းနိုင်ငံသို့ရွှေ့ပြောင်းကာ ရင်းနှီးမြှုပ်နှံမှုများ လုပ်ဆောင်လာကြသည်။ ထို့ကြောင့် ဗီယက်နမ်နိုင်ငံအနေဖြင့် အနောက်အုပ်စုနှင့်တရုတ်တို့ကြား ပွတ်တိုက်မှုများကြားတွင် ရင်းနှီးမြှုပ်နှံသူများလက်ခံဆောင်ရွက်ရာ၌ တရုတ်နိုင်ငံက ပထဝီနိုင်ငံရေးနှင့် စီးပွားရေးတို့အရ တုံ့ပြန်ဆောင်ရွက်လာနိုင်မှုများကိုလည်း ထည့်သွင်းစဉ်းစားဆောင်ရွက်သွားရန်လိုအပ်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

**ကိုးကား** –

**German Chancellor Calls for Deeper Trade Ties With Vietnam by The Diplomat.**

**ဝင်းဇင်(သုတေသန)**

# လှည်းကူးမြို့နယ် ဗောဓိဆာယာတောရသီလရှင်ကျောင်းတိုက်အတွက် အဆိုတော် လေးဖြူမိသားစုက ငွေကျပ် ၁၀ သိန်း လှူဒါန်း



**ရန်ကုန် နိုဝင်ဘာ ၂၀**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ရှိ ဗောဓိဆာယာတောရ သီလရှင် ကျောင်းတိုက်အတွက် အဆိုတော် လေးဖြူမိသားစုက ငွေကျပ် ၁၀ သိန်းကို နိုဝင်ဘာ ၁၉ ရက်က နေအိမ်တွင် အဆိုပါ ကျောင်းတိုက် ဦးဆောင်နာယက သီလရှင်ဆရာကြီးအား လှူဒါန်းခဲ့ကြောင်း သိရသည်။

ဗောဓိဆာယာတောရသီလရှင် ကျောင်းတိုက်သည် လှည်းကူးမြို့နယ် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင် (၁၈ မိုင် ၃ ဖာလုံ) ရွှေစည်တော်ရိပ်သာအနီးရှိ မင်းကုန်းကျေးရွာတွင် တည်ရှိကြောင်း၊ အဆိုပါကျောင်းတိုက်တွင် အဆိုတော် လေးဖြူ၏ဇနီးဖြစ်သူ ဒေါ်ခင်နွယ်နွယ်သန်းသည် ငါးကြိမ်မြောက်အဖြစ် သီလရှင်ဝတ်၍ ကိုးရက်တာတရားစခန်း ဝင်ရောက်ပြီးနောက် ယခုကဲ့သို့ လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ဇနီးသည်က အဲဒီမှာ သီလရှင်ဝတ်ပြီးတော့ တရားစခန်းဝင်နေတာ ငါးကြိမ်ရှိပါပြီ။ အခု ငါးကြိမ်မြောက်အပြီးမှာ လှူဒါန်းဖြစ်တာဖြစ်ပါတယ်။ သီလရှင်ကျောင်းတိုက်အတွက် မြေ၊ ဆေး၊ လမ်း၊ ယာဉ်အလှူအတွက် ငွေကျပ် ၁၀ သိန်း လှူဖြစ်ပါတယ်"ဟု အဆိုတော် လေးဖြူက ပြောပြသည်။

အဆိုတော် လေးဖြူမိသားစုသည် ဗောဓိဆာယာတောရ သီလရှင်ကျောင်းတိုက်အတွက် ယာဉ်ဒါနအလှူအဖြစ် ငွေကျပ် ငါးသိန်း၊ ဆေးဒါနအလှူအဖြစ် ငွေကျပ် နှစ်သိန်း၊ သာသနာ့မြေအလှူအဖြစ် ငွေကျပ်တစ်သိန်း၊ ကွန်ကရစ်လမ်းအလှူအဖြစ် ငွေကျပ်နှစ်သိန်း စုစုပေါင်းငွေကျပ် ၁၀ သိန်းကို လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ASH

# Freaky Tales ဇာတ်ကားတွင် မင်းသား ပက်ဒရိုပက်စကယ် ပါဝင်မည်

**နယူးယောက် နိုဝင်ဘာ ၂၀**

Freaky Tales အမည်ရှိ ဒရာမာဇာတ်ကားတွင် မင်းသား ပက်ဒရိုပက်စကယ် ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က နိုဝင်ဘာ ၁၉ ရက်တွင် ရေးသားတင်ပြထားသည်။

အဆိုပါ ဇာတ်ကားတွင် မင်းသား ပက်ဒရိုပက်စကယ်နှင့်အတူ မင်းသား ဘင်မင်ဒယ်ဆိုးနှင့် ဂျေးအယ်လစ်တို့လည်း ပါဝင်မည်ဖြစ်သည်။

Freaky Tales ဇာတ်ကားကို ဒါရိုက်တာ ရိုင်ယန်ဖလက်နှင့် အန်နာဘိုဒန်တို့က တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

ဒါရိုက်တာ ရိုင်ယန်ဖလက်နှင့် အန်နာဘိုဒန်တို့သည် မာဗယ်စတူဒီယို၏ Captain Marvel ဇာတ်ကားကို ဖန်တီးခဲ့သူများဖြစ်သည်။

လက်ရှိတွင် Freaky Tales ၏ ဇာတ်လမ်းဇာတ်အိမ်အသေးစိတ်ကို ထုတ်လုပ်သူများက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

သို့ရာတွင် အဆိုပါဇာတ်ကားသည် ဒါရိုက်တာ ရိုင်ယန်ဖလက်၏ ကလေးဘဝအတွေ့အကြုံများကို အခြေခံရိုက်ကူးမည့်ဇာတ်ကားဖြစ်ကြောင်း သိရသည်။

KKO



# မော်လမြိုင်မြို့တွင် ပထမဆုံးအကြိမ် မော်လမြိုင်ခြစ်သူများ ခဲခြစ်ပန်းချီပြပွဲ ပြသ

**မော်လမြိုင် နိုဝင်ဘာ ၂၀**

မွန်ပြည်နယ် မော်လမြိုင်မြို့တွင် ပထမဆုံးအကြိမ် မော်လမြိုင်ခြစ်သူများ ခဲခြစ်ပန်းချီပြပွဲကို နိုဝင်ဘာ ၁၉ ရက်က ပြသကြောင်း ဒေါက်တာလှဘေ ပညာပါရမီ စာကြည့်တိုက်ဥက္ကဋ္ဌ ဦးသောင်းထိုက်က ပြောပြ၍ သိရသည်။

အဆိုပါပန်းချီပြပွဲကို မော်လမြိုင်မြို့ မင်းကြီးလမ်း သံလွင်ဥယျာဉ်ဝင်းအတွင်းရှိ ဒေါက်တာလှဘေ ပညာပါရမီစာကြည့်တိုက်တွင် နိုဝင်ဘာ ၁၉ ရက်မှ နိုဝင်ဘာ ၂၃ ရက် နံနက် ၉ နာရီမှ ညနေ ၄ နာရီထိ ပြသသွားမည်ဖြစ်သည်။

"ဒီပန်းချီပြပွဲက မော်လမြိုင်မြို့အတွက်တော့ ပထမဆုံး ပြသတဲ့ ပန်းချီပြပွဲဖြစ်ပါတယ်။ မော်လမြိုင်မြို့နဲ့ ပတ်ဝန်းကျင်မြို့တွေက ပန်းချီဆရာ ၁၇ ယောက်ရဲ့ ခဲခြစ်ပန်းချီကားတွေကို စုစည်းပြသပေးတာဖြစ်ပါတယ်။ စုစုပေါင်း ပန်းချီကား ၁၁၅ ကား ပြသပေးထားပါတယ်"ဟု ဒေါက်တာလှဘေ ပညာပါရမီ စာကြည့်တိုက်ဥက္ကဋ္ဌ ဦးသောင်းထိုက်က ပြောပြသည်။




မော်လမြိုင်ခြစ်သူများ ခဲခြစ်ပန်းချီပြပွဲတွင် ပန်းချီ ခင်ကျော်၊ ပန်းချီ သော်တာ၊ ပန်းချီ မင်းစံရှား၊ ပန်းချီ စီအမ်အမ်၊ ပန်းချီမောင်ဇော်၊ ပန်းချီဝသုန်၊ ပန်းချီမြတ်သဇင်ခိုင်၊ ပန်းချီစိန်စိန်လင်း၊ ပန်းချီထွန်းဝင်း၊ ပန်းချီဌေးလွင်လေး၊ ပန်းချီ ကေစန်း၊ ပန်းချီညွန့်ဝင်း၊ ပန်းချီ ဝင်းထိန်၊ ပန်းချီ မင်းဝီရိယ၊ ပန်းချီ စင်ပါ၊ ပန်းချီ စောခူဆဲနှင့် ပန်းချီ အေတီအိတ်ချ်တို့၏ ခဲခြစ်ပန်းချီများကို ပြသထားသည်။

အဆိုပါပန်းချီပြပွဲတွင် မော်လမြိုင်မြို့၏ ရှေးကျသော အဆောက်အအုံပုံစံများကို ပန်းချီဆရာ ၁၇ ဦးတို့၏ ခဲခြစ်ပန်းချီ လက်ရာမျိုးစုံတို့ဖြင့် ရေးဆွဲထားသော ပန်းချီကား ၁၁၅ ကား ပြသထားခြင်းဖြစ်ကြောင်း၊ ပန်းချီကားဈေးနှုန်းများမှာ အနည်းဆုံးငွေကျပ် လေးသောင်းမှ အများဆုံးငွေကျပ် နှစ်သိန်းထိရှိကြောင်း သိရသည်။

ASH

# Black Panther:Wakanda Forever ပြည်တွင်းဝင်ငွေအကောင်းဆုံး ဇာတ်ကားအဖြစ်ရပ်တည်ရန် အခြေအနေရှိနေ

**နယူးယောက် နိုဝင်ဘာ ၂၀**

မာဗယ်စတူဒီယို၏ Black Panther: Wakanda Forever ဇာတ်ကားသည် အမေရိကန်ပြည်တွင်းဈေးကွက်၌ နိုဝင်ဘာ ၁၁ ရက်က ရုံတင်ပြီး ဒုတိယသီတင်းပတ်ကုန်တွင် ပြည်တွင်းဝင်ငွေအကောင်းဆုံးဇာတ်ကားအဖြစ် ဆက်လက်ရပ်တည်ရန် အခြေအနေရှိနေကြောင်း Screen Rant သတင်းဝက်ဘ်ဆိုက်က နိုဝင်ဘာ ၁၉ ရက်တွင် ရေးသားတင်ပြထားသည်။

Black Panther: Wakanda Forever ဇာတ်ကားရုံတင်ပြီး ဒုတိယ သီတင်းပတ်ကုန်ကာလ ဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၆၅ သန်းနှင့် သန်း ၇၀ ကြားရှိလာနိုင်သည်ဖြစ်ရာ အဆိုပါဇာတ်ကား၏ ပြည်တွင်းဝင်ငွေမှာ အခြေအနေကောင်းသို့ ရောက်ရှိလာနိုင်သည်။

အဆိုပါဇာတ်ကား၏ စုစုပေါင်း ပြည်တွင်းဝင်ငွေသည် နိုဝင်ဘာလအတွင်း အမေရိကန်ဒေါ်လာသန်း ၃၀၀ ထိရှိလာနိုင်ကြောင်း ရုပ်ရှင်ဈေးကွက် ကျွမ်းကျင်သူများက သုံးသပ်ထားသည်။

Black Panther: Wakanda Forever ကို အမေရိကန် ပြည်တွင်းဈေးကွက်၌ နိုဝင်ဘာ ၁၁ရက်တွင် စတင်ရုံတင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

KKO




# ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်ရှိ ရပ်ကွက်တချို့မှ အိမ်ထောင်စု ၂၀၀ ကို သရုပ်ဆောင် ခိုင်နှင်းဝေနှင့် စေတနာရှင်၊ အလှူရှင်များက ဆန်များ ပံ့ပိုးပေးခဲ့

**ရန်ကုန် နိုဝင်ဘာ ၂၀**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် ဆိပ်ကမ်းမြို့နယ်ရှိ ရပ်ကွက်တချို့မှ ဝင်ငွေနည်း အိမ်ထောင်စု ၂၀၀ အား သရုပ်ဆောင် ခိုင်နှင်းဝေနှင့် စေတနာရှင်၊ အလှူရှင်များက ဆန်များကို နိုဝင်ဘာ ၁၉ ရက်က ပံ့ပိုးပေးခဲ့ကြောင်း သိရသည်။

အဆိုပါ အိမ်ထောင်စု ၂၀၀ ကို တစ်အိမ်ထောင်လျှင် ဆန်နှစ်ပြည်နှုန်း ပံ့ပိုးကူညီခြင်းကို ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်ရှိ သစ်ဆိပ်၊ သိမ်ချောင်း၊ (၈၈) ရပ်ကွက်နှင့် ပွိုင့်ထိပ်ရပ်ကွက်တို့သို့ သွားရောက်လှူဒါန်းခဲ့ခြင်းဖြစ်ပြီး ဆန်အိတ် ၅၀ ခန့် ခန့်မှန်းငွေကျပ် ၁၇ သိန်းကျော်ဖြစ်ကြောင်း သိရသည်။

"ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်ထဲက ရပ်ကွက်တချို့က အခက်အခဲရှိတဲ့ အိမ်ထောင်စု ၂၀၀ ကို နေရာလေးနေရာခွဲပြီး ပံ့ပိုးပေးခဲ့ပါတယ်။ အိမ်ထောင်စုတစ်စုကို ဆန်နှစ်ပြည်စီ ပံ့ပိုးပေးခဲ့တာဖြစ်ပါတယ်"ဟု သရုပ်ဆောင် ခိုင်နှင်းဝေက ပြောပြသည်။

သရုပ်ဆောင် ခိုင်နှင်းဝေနှင့် စေတနာရှင်၊ အလှူရှင်များသည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်တချို့တွင် ဝင်ငွေနည်းအခက်အခဲရှိ အိမ်ထောင်စုများ၊ ဆေးဝါးကုသရန်လိုအပ်နေသည့် ဘိုးဘွားများကို အခါအားလျော်စွာ ငွေကြေး၊ ဆေးဝါးနှင့် ဆန်၊ ဆီ စသည့် စားသောက်ကုန်များကို ပံ့ပိုးကူညီလှူဒါန်းပေးလျက်ရှိကြောင်း သိရသည်။

ASH

# Plan to entertain variety concert at open-air theatre of city hall in Nay Pyi Taw


Photo shows the front part of Nay Pyi Taw City Hall.

**Nay Pyi Taw November 20**

The Ministry of Information stated that a plan is underway to host the variety concert in commemoration of the Didmond Jubilee Independence Day at the open-air theatre of the city hall in Nay Pyi Taw.

The concert will last for five days from 26 to 30 November. Artistes from various arenas including those from the Directorate of Public Relations and Psychological Warfare and the Ministry of Religious Affairs and Culture will present entertainments.

In this regard, artistes from film, theatrical and musical arenas will perform entertainments from 26 to 28 November.

The artistes from the Directorate of Public Relations and Psychological Warfare will present entertainments on 29 November and those from the Ministry of Religious Affairs and Culture on 30 November.

It will hail the Diamond Jubilee Independence Day as a national level variety concert. It will be the largest entertainment in the post-Covid period.

Currently, relevant organizations have been formed to operate preparations for successfully holding the variety concert and rehearsals. 336

# Yangon Region Chief Minister Trophy Horticultural Show to be held in January 2023

**Yangon November 20**

Arrangements are being made to hold the Yangon Region Chief Minister Trophy Horticultural Show in January 2023, according to the Yangon Region government.

The chief minister's cup show has been held annually since 1993. The Covid-19 outbreak hindered to the show in 2021 and 2022. But, the show will resume in 2023 when the Diamond Jubilee Independence Day falls.

The show will last for seven days from 2 to 8 January 2023 on a grand scale, taking place near Hsinbyudaw statues on Maha Mya-ing island of Kandawgyi Garden in Yangon.

Relevant subcommittees have been formed to organize the show in cooperation with the Agriculture Department and Myanmar Flowery Enthusiasts Association which arrange to invite the competition teams.

The Yangon City Development Committee decided to join hands with the Agriculture Department in organizing the show for grander arrangements and raising the awareness to the people.

The show aims to attract attention of the people, create change for the people to observe the advanced techniques of growing horticultural farms, distribute quality strains of crops and increase socioeconomic status of the farmers.

336


A horticultural display seen in a previous show.

# Participants in companies and BODs without following Myanmar companies law to face action

**Yangon November 20**

Participants from the companies and board of directors form the companies who do not follow Myanmar companies law will face legal action and fine in addition to other punishment, according to the Directorate of Investment and Company Administration.

The directorate verifies companies which took registration under the MyCo system as of 2018 in line with the provisions of the Myanmar Companies Law.

But, those in the companies and members of the board of directors are still weak in abiding by the Myanmar Companies Law despite establishment of the companies meeting international standards.

Some companies were suspended for failing to submit the annual reports according to the law. Moreover, larger number of companies was taken action for struck-off conditions. Some companies are failing to abide by provisions of the law with breaking the restrictions of financial, licence and other measures.

Companies easily take registration. The registration officer will warn the companies for mistakes and failures through electronic process and automatic warning system and taking action against offenders under the MyCO system.

Otherwise, those companies officials will face legal action, fine and other punishment. 336

# Club Q Colorado shooting: Five dead after attack at nightclub

**Washington November 20**

A gunman opened fire inside a gay club in the US state of Colorado on Saturday night, killing five people and injuring 18.

A suspect was in custody and being treated for injuries, police said.

Club Q, in Colorado Springs, released a statement on Facebook saying it was "devastated by the senseless attack on our community", and thanking customers who "subdued" the gunman.

In 2016, 49 people were killed in a shooting at a gay club in Florida.

Colorado Springs police said they received an initial emergency call about an active shooter at 23:57 (06:57 GMT) on Saturday.

The suspect was found inside the club when police entered.

Police did not immediately suggest a motive for the shooting and said the number of dead and injured could change as the investigation continues.

A statement on the Club Q Facebook page thanked "the quick reactions of heroic customers that subdued the gunman and ended this hate attack".

In 2016, 49 people were killed and more than 50 injured in a shooting at the Pulse gay club in Orlando, Florida. At the time it was the deadliest mass shooting in US history. BBC

# Turkey Kurdish raids: Operation Claw-Sword targets militant bases

**Istanbul November 20**

Turkey has launched air-raids on Kurdish targets in Iraq and Syria, a week after a bombing in Istanbul which it blames on Kurdish militants.

The raids - dubbed Operation Claw-Sword - struck Kurdish bases which were being used to launch attacks on Turkey, the defence ministry said.

A Syrian-Kurdish spokesperson said two villages populated with internally displaced people were hit.

The banned Kurdish PKK group denies carrying out the Istanbul attack.

As the air-raids began, the Turkish defence ministry tweeted that the "hour of reckoning" had arrived, alongside a picture of a fighter plane taking off and footage of an explosion.

"Terrorists' shelters, bunkers, caves, tunnels, and warehouses were successfully destroyed," said Turkey's Defence Minister Hulusi Akar.

Kurdish-led forces in Syria said the city of Kobane was hit as well as two densely populated villages. Unconfirmed reports say there are a number of casualties.

BBC


Turkey's defence ministry tweeted the "hour of reckoning" had come with a photo of a fighter-jet.

# Open tender to be invited for operating services on precinct of Abhaya Labha Muni Buddha Image


The Abhaya Labha Muni Buddha Image.

**Yangon November 20**

Open tender invitation will be extended to businesspersons to operate services on the platform of Lawka Chantha Abhaya Labha Muni Buddha Image for one year period, according to the board of trustees on 18 November.

The Buddha image is located on Mindhamma Hillock in East Gyogon Ward of Insein Township.

The image was carved on the marble rock obtained from Sagyin Hill of Madaya Township of Mandalay. The image is weighing some 560 tons with the posture of Abhaya Mudra to prevent dangers.

The image was placed on Mindhamma hillock on 5 August 2000. It is one of the eminent religious edifices in Yangon City.

The image board of trustees arranges services such as car park, shoe cases, flower sale, feeding fish and turtles and toilets.

The tender will be arranged for one-year permit to operate the services from 1 January 2023 to 31 December 2023.

Tender proposals and disciplines can be purchased at the office of the image board of trustees as of 1 December.

Tender will be closed on 10 December 2022 and it will be opened. Deposits for tender proposals expressing the low-floor prices will not be issued for deposit.

336

# Contract farming to be implemented for crop production

**Nay Pyi Taw November 20**

The Ministry of Agriculture, Livestock and Irrigation stated that arrangements are being made to implement the contract farming system for production of agricultural produce.

Implementation of the project will comprise formation of farmer groups, farmer cooperative societies, selection of the persons to apply contract farming system, negotiation with input companies, signing of agreements, distribution of inputs, subsidization for inputs, purchase of crops, taking insurance for crop produces and repaying the loans back to the companies.

The contract farming is inclusive of crop cultivation and production, livestock farming by farmer groups or farmer cooperative societies, input companies and operation of rice mills, oil mills and gram crushing machines.

The Agriculture Department, Myanmar Rice Federation, Myanmar Beans and Pulses, Maize and Sesame Merchants Association, Myanmar Fertilizers, Seeds and Agricultural Drug Entrepreneurs Association invite the companies to operate the contract farming system for summer paddy and green gram in 2022-23 fiscal year.

For further information, contact 01-218266 and 01-2301128 of Myanmar Rice Federation, 01-2314828 and 01-2314836 of Myanmar Beans and Pulses, Maize and Sesame Merchants Association, and 09-765411370 and 09-5012662 of Myanmar Fertilizers, Seeds and Agricultural Drug Entrepreneurs Association.

336

# BEd degree holders to be appointed as SAT, BSc and AGTI diploma holders as upper division clerks

**Yangon November 20**

BEd degree holders will be recruited as senior assistant teachers and BA and BSc degree holders and AGTI diploma holders as the upper division clerks, according to the Ministry of Border Affairs.

Deputy Minister for Border Affairs Maj-Gen Khun Thant Zaw Htoo attended the ceremony to approve selection of trainees to the first year courses of the Nationalities Youth Resource Development Degree College for 2022-23 academic year at the meeting hall of the University for Development of National Races of Union from 14 to 16 November.

The ministry approved the eligible ethnic people from 45 border youth development training schools in regions and states and self-administered zones and division to attend the Nationalities Youth Resource Development Degree College and the University for Development of National Races of the Union.

These institutions will train 320 trainees for the five-year BEd course and 362 for four-year Arts and Science degrees and AGTI diploma three-year courses.

BEd degree holders will be recruited as senior assistant teachers and BA and BSc degree holders and AGTI diploma holders as the upper division clerks. So far, 14,058 BEd graduates and 4,698 trainees from the degree colleges have been so farm appointed as government service personnel.

336

# Over 80 ships went to Shwegu, Katha, Htigyaing and Bhamo from Mandalay port carrying three basic food items

**Mandalay November 20**

More than 80 ships have sent three types of basic food from Mandalay port to cities such as Monywa, Katha, and Htigyaing, said U Win Maung, Chairman of the Private Vessels Disciplinary Committee of Mandalay Region.

At present, rice, onion, and pepper from Mandalay port are being regularly sent by cargo ships to other big cities such as Shwegu, Katha, Htigyaing, Bhamo, and Myitkyina.

Although there were only over 50 cargo ships from Mandalay port to other cities such as Monywa, Sagaing, Katha, Htigyaing and Bhamo in the first week of November, more than 90 cargo ships are being exported as it is open season currently.

There are more than 400 cargo ships that send goods from Mandalay port to other cities such as Yangon, Monywa, Sagaing, Katha, Htigyaing and Bhamo, and there are more than 300 shuttle boats carrying passengers and cargos.

184

# Myanmar sends elephant sculptures to Burmese Store souvenir shops in Dhaka and Chittagong


Two elephant sculptures to be exported.

**Yangon November 20**

Myanmar elephant sculptures and statues are mainly sent to Burmese Store souvenir stores in Dhaka and Chittagong in Bangladesh, according to U Maung Maung Aye, the managing director of Myanmar Mandine Souvenirs and Gifts Center in Thingangyun Township, Yangon Region.

There are Burmese Store souvenir shops owned by Myanmar citizens in Dhaka and Chittagong, and Burmese souvenirs are usually ordered from these shops. In the middle of this month, it is reported that the main orders for the statues of the elephants are being shipped from the border trade stations in Rakhine State.

"We sent statues to Burmese stores in Dhaka and Chittagong through border trade. Small sculptures, small lacquerware and paintings are mainly sent." U Maung Maung Aye said.

Myanmar souvenirs are not only sent to local souvenir shops but also to Myanmar souvenir shops that have been opened, such as Hong Kong, Macao, Dhaka, Chittagong, Kyalgaung, Mae Sot and Mae Sai.

ASH

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ယူကရိန်း သို့မဟုတ် ရုရှားနိုင်ငံမှ ပစ်လွှတ်ခဲ့သော S-300 ဒုံးကျည်သည် ပိုလန်နိုင်ငံတွင် ပျက်ကျခဲ့ခြင်းအပေါ် သုံးသပ်ချက်



ပိုလန်နယ်စပ်တွင် S-300 ဒုံးကျည်များ ပျက်ကျခဲ့မှုအပြီးတွင် Army Recognition အယ်ဒီတာအဖွဲ့သည် S-300 လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ်တွင် တပ်ဆင်ပစ်လွှတ်နိုင်သော 5V55 ဒုံးကျည်အားဆန်းစစ်လေ့လာခြင်းကို ပြုလုပ်ခဲ့သည်။ ထို့ပြင် ၎င်းသည် ရုရှား သို့မဟုတ် ယူကရိန်းဒုံးကျည် ဖြစ်နိုင်ခြေအပေါ် ထင်မြင်ယူဆချက်ကို သုံးသပ်ပြထားသည်။

စစ်ဘက်သတင်းရင်းမြစ်များအရ ယူကရိန်းစစ်ဘက်လက်နက်ကိုင်တပ်ဖွဲ့များသည် S-300P/PS/PT (Nato Code-10 Grumble) အပါအဝင် S-300 လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်များကို တပ်ဖြန့်အသုံးပြုလျက်ရှိသည်။ ၂၀၂၂ ခုနှစ် ဧပြီ ၈ ရက်တွင် ကာကွယ်ရေးဝန်ကြီးဌာနသည် ဆလိုဗက်ကီးယားသမ္မတနိုင်ငံမှ S-300 PM ၏ ပြည်ပတင်ပို့မှုဗားရှင်း S-300 PMU လေကြောင်းရန်ကာကွယ်ရေးစနစ်များကို ယူကရိန်းအား ပံ့ပိုးပေးခဲ့ကြောင်း အတည်ပြုပြောကြားထားခဲ့သည်။ S-300PM စနစ်အတွက် Fakel 48N6 နှင့် 48N6E ဒုံးကျည်အသစ်များကို တီထွင်ထုတ်လုပ်ခဲ့ကြသည်။

S-300 သည် S-300 PMU1 နှင့် S-300 PMU2 Favorit (NATO ဟုအခေါ်အဝေါ် SA-20B Gargoyle B) အပါအဝင် ခေတ်မီဗားရှင်းအသစ်များထိ ထုတ်လုပ်နိုင်ခဲ့ပြီး ရုရှားအနေဖြင့် ၁၉၉၇ ခုနှစ်ကတည်းက တပ်ဖြန့်အသုံးပြုလျက်ရှိသည်။ 48N6E2 ဒုံးကျည်ကို ထပ်မံထုတ်လုပ်နိုင်ခဲ့ပြီး အကွာအဝေး ၁၉၅ ကီလိုမီတာထိ တိုက်ပွဲဝင်နိုင်စွမ်းရှိလာကာ S-300 PMU1 ၏ အဆင့်မြှင့်တင်မှုဗားရှင်းလည်းဖြစ်သည်။ အဆိုပါစနစ်သည် တာတိုပစ်ပဲ့ထိန်းဒုံးကျည်များသာမက ယခုအခါ တာလတ်ပစ်နည်းဗျူဟာမြောက်ပဲ့ထိန်းဒုံးကျည်များကိုပါ ကြားဖြတ်ဟန့်တားနိုင်စွမ်းရှိကြောင်း သိရသည်။

5V55 ဒုံးကျည်တွင် ရေဒီယိုလှိုင်းနှုန်းအခြေပြုထိန်းကျောင်းလမ်းညွှန်စနစ်ပါရှိပြီး အမြင့်ဆုံးအမြန်နှုန်းမှာ ခန့်မှန်းခြေ Mach 5.5 ဖြစ်သည်။ 5V55 ဒုံးကျည်တွင် (High-Explosive) ပေါက်ကွဲအားမြင့်သော ထိပ်ဖူးအမျိုးအစား တပ်ဆင်အသုံးပြုထားသည်။ 5V55 ဒုံးကျည်ကို အလုံပိတ်ဆလင်ဒါပုံဒုံးပြွန်၊ Canister ဖြင့် တပ်ဆင်ထားပြီး ဒုံးကျည်ကို မော်တာ စတင်အလုပ်မလုပ်မီ ဒေါင်လိုက်ပစ်ထုတ်ရန် အအေးဓာတ်ငွေ့ထုတ်ပေးသည့် ဂျင်နရေတာကို အသုံးပြုထားသည်။ ဒုံးကျည်တွင် အလိုအလျောက်ပျံသန်းကာ ပစ်မှတ်ကို ထိမှန်ဖျက်ဆီးနိုင်သည့် ထိန်းကျောင်းလမ်းညွှန်စနစ် တပ်ဆင်အသုံးပြုထားသည်။

5V55 ဒုံးကျည်များတွင် (High-Explosive) ပေါက်ကွဲအားမြင့်မားသော Fragmentation Warhead ကို တပ်ဆင်အသုံးပြုထားပြီး ပစ်မှတ်များကို တိုက်ခိုက်ဖျက်ဆီးရန် Proximity နှင့် Impact Fuses များကို အသုံးပြုထားသည်။ 5V55K ဒုံးကျည်တွင် အများဆုံးထိရောက်အကွာအဝေး ၄၇ ကီလိုမီတာရှိပြီး 5V55R နှင့် 48N6 တို့တွင် အများဆုံးထိရောက်အကွာအဝေး ၇၅ ကီလိုမီတာနှင့် ၁၅၀ ကီလိုမီတာ အသီးအသီးဖြစ်ကြသည်။ ခေတ်မီအဆင့်မြင့်ဒုံးကျည် S-300 များကဲ့သို့ပင် ပစ်မှတ်နှင့် လွဲချော်သွားခဲ့ပါက အလိုအလျောက်ဖျက်ဆီးနိုင်သည့် Self-Destruction Mode လုပ်ဆောင်ချက်ပါရှိပြီးဖြစ်သည်။ စစ်ဘက်ကျွမ်းကျင်သူများအဆိုအရ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၅ ရက်က ပိုလန်နိုင်ငံ လယ်ကွင်းတစ်ခုကို ထိမှန်ပြီး လူနှစ်ဦးသေဆုံးခဲ့သော S-300 Missile သည် ထိရောက်ပေါက်ကွဲမှုမဖြစ်မီ အလိုအလျောက် ဖောက်ခွဲဖျက်ဆီးမှု ပြုလုပ်ခဲ့ခြင်းဖြစ်နိုင်ကြောင်း သုံးသပ်ပြောကြားထားကြသည်ကို တွေ့ရှိရသည်။

ရုရှားတို့သည် S-300 ဒုံးကျည်များကို GPS လမ်းညွှန်ထိန်းကျောင်းမှုစနစ်ဖြင့်ပြုပြင်မွမ်းမံခဲ့ပုံရှိသည်။ ရုရှားစစ်ဘက်သည် မြေပြင်ပစ်မှတ်များကို တိုက်ခိုက်ဖျက်ဆီးရန် S-300 မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည်စနစ်၏ စွမ်းရည်ကို ကာလအတန်ကြာ စမ်းသပ်နေသော်လည်း တိကျမှုအားနည်းခဲ့သည်။ ရုရှားစစ်ဘက်၏အဆိုအရ အဆိုပါဒုံးကျည်များသည် Ballistic Trajectory ဖြင့် ပျံသန်းမည်ဆိုပါက ၁၂၀ ကီလိုမီတာ အကွာအဝေးထိ တိုက်ခိုက်ဖျက်ဆီးရန် အသုံးပြုနိုင်ကြောင်း သိရသည်။

၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၅ ရက်က ရုရှား၏ ဒုံးကျည်တိုက်ခိုက်မှုများကြောင့် ယူကရိန်း လက်နက်ကိုင်တပ်ဖွဲ့များသည် S-300 ဒုံးကျည် (ဗားရှင်း)ဟောင်းများ အပါအဝင် ဒုံးကျည်အများအပြား တုံ့ပြန်ပစ်လွှတ်ခဲ့သည်။ စစ်ရေးကျွမ်းကျင်သူတစ်ဦးကို ကိုးကား၍ ယူကရိန်းလက်နက်ကိုင်တပ်ဖွဲ့များ အသုံးပြုသည့် S-300 ဒုံးကျည်များသည် သက်တမ်းနှစ် ၂၀ မှ ၂၅ နှစ်ထိရှိနေနိုင်သည်ဟုသိရသည်။ ပစ်လွှတ်လိုက်သောဒုံးကျည်သည် သတ်မှတ်ထားသော အချိန်အတိုင်းအတာတစ်ခုအတွင်း ပစ်မှတ်ကို ထိမှန်ဖျက်ဆီးနိုင်ခြင်းမရှိဘဲ လွဲချော်သွားပါက ဒုံးကျည်သည် ဝေဟင်၌တွင်ပင် မိမိဘာသာ ပေါက်ကွဲဖျက်ဆီးနိုင်မည်ဖြစ်သည်။ ထို့ကြောင့် ဒုံးကျည်၏ သက်တမ်းကြာမြင့်မှုသည် ၎င်း၏ ပစ်မှတ်ကို ထိမှန်ဖျက်ဆီးရန် လွဲချော်ခဲ့မှုနှင့်အတူ ပိုလန်နယ်စပ်တွင် ပျက်ကျ၊ ပေါက်ကွဲခဲ့ခြင်း ဖြစ်နိုင်သည်။

**Analysis: S-300 missile that crashed in Poland launched by Ukraine or Russia ကို ဘာသာပြန်ဆိုထားပါသည်။**

## တရုတ်(တိုင်ပေ) က Single-Rotor ကင်းထောက် Drones များကို ထုတ်ဖော်ပြသခဲ့

တရုတ်(တိုင်ပေ) သည် ထောက်လှမ်းရေးနှင့် ကင်းထောက်မစ်ရှင်များအတွက် ၎င်း၏ Single-Rotor တပ်ဒရုန်းအမျိုးအစားသစ်တစ်ခုကို ထုတ်ဖော်ပြသခဲ့သည်။

နိုဝင်ဘာ ၁၅ ရက်က ပြုလုပ်ခဲ့သော သရုပ်ပြသမှုတစ်ခုအတွင်း National Chung-Shan Institute of Science and Technology (NCSIST)က အဆိုပါ မောင်းသူမဲ့လေယာဉ်ကင်းထောက်စနစ်ကို ထုတ်ဖော်ပြသခဲ့ခြင်းလည်းဖြစ်သည်။

ဒေသတွင်း မီဒီယာများအဆိုအရ အဆိုပါ ဒရုန်းအမျိုးအစားသစ်သည် တရုတ်(တိုင်ပေ) က ပိုင်ဆိုင်ထားသော အခြားမောင်းသူမဲ့လေယာဉ်အမျိုးအစားများထက် ပိုမိုကြီးမားသော(PAYLOAD) ဝန်အားကို သယ်ဆောင်နိုင်စွမ်းရှိကြောင်း ရေးသားဖော်ပြထားကြသည်။

၎င်းသည် အကွာအဝေး ၃၀ ကီလိုမီတာ (၁၈ ဒသမ ၆ မိုင်) ကျော်ကို တစ်နာရီထက်ပို၍ ပျံသန်းနိုင်ပြီး သီးခြားဧရိယာများကို စောင့်ကြည့်ထောက်လှမ်းနိုင်စွမ်းရှိသည်။ လေတိုက်နှုန်း အဆင့်-၆ ကိုခံနိုင်ရည်ရှိသောဒရုန်းသည် ဆိုးရွားသော ရာသီဥတုအခြေအနေတွင်ပင် အချိန်နှင့်တစ်ပြေးညီ ထောက်လှမ်းမှုနှင့် မျက်မြင်ထောက်လှမ်းနိုင်မှုစွမ်းရည်များ မြှင့်တင်ပေးနိုင်လိမ့်မည်ဟု မျှော်မှန်းထားသည်။

ထို့ပြင် အဆိုပါဒရုန်းသည် ၎င်း၏ ကိုယ်ပိုင်ပျံသန်းမှုလမ်းကြောင်းကို အလိုအလျောက် အစီအစဉ်ရေးဆွဲနိုင်ခြင်း၊ အရေးကြီးသော သတင်းအချက်အလက်များကို စုဆောင်းရန်နှင့် အလိုအလျောက်ပျံသန်း၊ ဆင်းသက်နိုင်စွမ်းရှိမည်။

ဒလက်တစ်ခုတည်းထောက်လှမ်းခြင်းဒရုန်းအပြင် တရုတ်(တိုင်ပေ)က NCSIST သည် ၎င်း၏တောင်ပံပုံသေတပ်ဒရုန်း Teng Yun ကို ထုတ်ဖော်ပြသခဲ့သေးသည်။

Teng Yun သည် ဂြိုဟ်တုလမ်းညွှန်မှုကိုအသုံးပြုပြီး လေထဲတွင် နာရီ ၂၀ ထိ ပျံသန်းစစ်ဆင်နိုင်သည်။

၎င်းစနစ်သည် အလယ်အလတ်မှ အမြင့်သို့ မြေပြင်၊ အတက်အဆင်း အလိုအလျောက်ပျံသန်းနိုင်သည်။

Teng Yun သည် တာဝေးထောက်လှမ်းရေးသတင်း စုဆောင်းခြင်းနှင့် အချိန်နှင့်တစ်ပြေးညီစောင့်ကြည့်ခြင်းအပေါ် အာရုံစိုက်လုပ်ဆောင်နိုင်စေရန် ဒီဇိုင်းထုတ်ထားသည်။ တရုတ်(တိုင်ပေ)ကို ဖိအားပေးရန် ပေကျင်းက ၎င်း၏စစ်ရေးလှုပ်ရှားမှုများကို အရှိန်မြှင့်လုပ်ဆောင်နေချိန်တွင် တရုတ်(တိုင်ပေ)အနေဖြင့် ထောက်လှမ်းရေးနှင့် ကင်းထောက်ဒရုန်းများကို ထုတ်ဖော်ပြသလိုက်ခြင်းဖြစ်သည်။ ကျွန်းနိုင်ငံသည် ၎င်း၏ပိုင်နက်အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်းနှင့် လိုအပ်ပါက အင်အားသုံး၍ ပြန်လည်ပေါင်းစည်းသင့်သည်ဟု ပေကျင်းက အခိုင်အမာဆိုထားသည်။




**Taiwan Unveils Single-Rotor Intelligence, Reconnaissance Drones ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ကန့်ဘလူမြို့နယ်တွင် နွေစပါးဧက ၂၆၇၀၀ စိုက်ပျိုးရန် လျာထား



ယခုနှစ် မိုးစပါးစိုက်ခင်းကို တွေ့ရစဉ်။

**ကန့်ဘလူ နိုဝင်ဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်၌ ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် နွေစပါးဧက ၂၆၇၀၀ စိုက်ပျိုးရန် လျာထားကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပြီးခဲ့သည့်နှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် ကန့်ဘလူမြို့နယ်၌ နွေစပါးဧက ၂၃၁၃၀ သာ စိုက်ပျိုးနိုင်ခဲ့ပြီး ယခုနှစ်တွင် မနှစ်ကထက် နွေစပါးဧက တိုးချဲ့စိုက်ပျိုးရန် လျာထားကြောင်း သိရသည်။

“မနှစ်က ဆောင်းရာသီကာလ ကန့်ဘလူမြို့နယ်မှာ နွေစပါးဧက ၂၃၀၀၀ ကျော်ပဲ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဒီနှစ်တော့ နွေစပါးဧက ၂၆၇၀၀ စိုက်ဖို့လျာထားပါတယ်။ ဒီနှစ် နွေစပါးကို ပိုမိုစိုက်ပျိုးဖို့ လျာထားပါတယ်။ မိုးစပါးစိုက်ပျိုးမှုကတော့ တစ်နှစ်ထက်တစ်နှစ် တိုးစိုက်နိုင်တဲ့ အနေအထားမှာရှိပါတယ်”ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးဇော်က ပြောပြသည်။

ယခုနှစ် ကန့်ဘလူမြို့နယ်တွင် နွေစပါးစိုက်ပျိုးမည့်တောင်သူများအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ စပါးမျိုးကောင်း၊ မျိုးသန့်များ စိုက်ပျိုးရန်အတွက် သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲနည်းပညာများ၊ နွေသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရန်၊ စီးပွားမျိုးများ စိုက်ပျိုးကြရန်အတွက် နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးချိန်၌ ကန့်ဘလူမြို့နယ်တွင် မိုးစပါး ၁၄၅၁၁၅ ဧက စိုက်ပျိုးရန်လျာထားခဲ့ရာ ၁၅၂၁၁၆ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး လျာထားဧကထက် ၇၀၀၁ ဧက ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ (၂၀၆)

# လားရှိုးမြို့တွင် ရေပိုက်သွယ်တန်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**လားရှိုး နိုဝင်ဘာ ၂၀**

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့နယ် စည်ပင်သာယာရေးဌာနက လားရှိုးမြို့တွင် သောက်သုံးရေ လုံလောက်စွာရရှိစေရေးအတွက် ကချင်ရွာဟောင်း ရေထွက် (၂)မှ မြို့တွင်းရေစုကန်သို့ ရေပိုက်သွယ်တန်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် လားရှိုးမြို့နယ် စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးကျော်ဇင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးလှမျိုးတို့က ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် စည်ပင်သာယာရေးရန်ပုံငွေကျပ် ၃၂၅ ဒသမ ၅ သန်းဖြင့် Authentic ကုမ္ပဏီကဆောင်ရွက်သည့် ကချင်ရွာဟောင်းရေထွက်(၂)မှ အမှတ် (၉၁၂) ရေစုကန်သို့ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို စစ်ဆေးကြပြီး အမှုဆောင်အရာရှိ ဦးကျော်ဇင်က လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းအတိုင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ရေး သက်ဆိုင်ရာ ကုမ္ပဏီ တာဝန်ရှိသူများကို မှာကြားကာ လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



လားရှိုးမြို့တွင် ဆောင်ရွက်လျက်ရှိသော ကချင်ရွာဟောင်း ရေထွက် (၂) မှ အမှတ် (၉၁၂) ရေစုကန်သို့ ၂၀၀ မီလီမီတာပိုက် အရှည် ၆၃၀၉ ပေနှင့် ၁၆၀ မီလီမီတာပိုက်အရှည် ၁၆၃၄ ပေရှိ ရေပိုက်လိုင်းသွယ်တန်းခြင်း လုပ်ငန်းများကို တင်ဒါအောင်မြင်သည့် Authentic ကုမ္ပဏီက ယခုနှစ် စက်တင်ဘာလ ပထမပတ်တွင် စတင်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် လုပ်ငန်းများ ၆၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း၊ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက လားရှိုးမြို့ပေါ်ရပ်ကွက်များတွင် သောက်သုံးရေလုံလောက်အောင် ပေးဝေနိုင်မည်ဖြစ်ရာ မြို့နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေကို ရရှိသုံးစွဲနိုင်တော့မည်ဖြစ်ကြောင်း၊ ဒေသခံပြည်သူများ လူမှုစီးပွား ဘဝဖွံ့ဖြိုးတိုးတက်စေရန် အကျိုးပြုစေမည်ဖြစ်ကြောင်း လားရှိုးမြို့နယ် စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးကျော်ဇင်က ပြောပြ၍ သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**

# ဆင်ပေါင်ဝဲမြို့နယ် နားပဲ့ကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းဆောင်ရွက်နေမှု စစ်ဆေး

**ဆင်ပေါင်ဝဲ နိုဝင်ဘာ ၂၀**

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေ၊ ပြည်သူထည့်ဝင်ငွေတို့ဖြင့် ဆင်ပေါင်ဝဲမြို့နယ် အင်ရုံကျေးရွာအုပ်စု၊ နားပဲ့ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်ဘီးလမ်းခင်းခြင်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို ယနေ့နံနက် ၉ နာရီက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်းသိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဆင်ပေါင်ဝဲမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းဦးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ နားပဲ့ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ရန်ပုံငွေ၊ ပြည်သူထည့်ဝင်ငွေတို့ဖြင့် ကျေးရွာတွင်း ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့သည်။

အဆိုပါ နားပဲ့ကျေးရွာတွင် အရှည်ပေ ၁၂၀၀၊ အကျယ် သုံးပေ၊ အမြင့် ခြောက်လက်မရှိ နှစ်ဘီးသွား ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ရန်ပုံငွေကျပ် သိန်း ၁၀၀၊ ကျေးရွာနေပြည်သူများ၏ ထည့်ဝင်ငွေကျပ် ၄၇ ဒသမ ၇၇၅ သိန်း စုစုပေါင်းငွေကျပ် ၁၄၇ ဒသမ ၇၇၅ သိန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုလဒုတိယပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းများ ၄၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းဦးက ပြောပြ၍ သိရသည်။

**ကျော်ဦး**


# လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံခေတ်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂၁-၁၁-၂၀၂၂

| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၅၉၀၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၅၁၀၀၀၀ |
| **(ခွဲထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| နွေဧယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၁၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၆၆၀၀/၆၈၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၅၅၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၆၃၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၀၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၀၈၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၁၉၀ |
| **(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၈၅)

# အသက်ထက်မြတ်သောဂုဏ်သိက္ခာဇာတ်တော်ကြီးတွင် ပါဝင်ဖျော်ဖြေခဲ့ကြသည့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များနှင့် ကူညီဆောင်ရွက်ခဲ့ကြသူများကို ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံ



**မန္တလေး နိုဝင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့က အမျိုးသားဇာတ်ရုံ(မန္တလေး)၌ တင်ဆက်ကပြသွားသည့် အသက်ထက်မြတ်သော ဂုဏ်သိက္ခာဇာတ်တော်ကြီးတွင် ပါဝင်ဖျော်ဖြေခဲ့ကြသည့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များနှင့် ကူညီဆောင်ရွက်ခဲ့ကြသူများကို ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခြင်း အခမ်းအနားကို ယမန်နေ့ညပိုင်းက မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီရုံး မြို့တော်ခန်းမတွင်ကျင်းပရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို၊ တိုင်းဒေသကြီးဝန်ကြီးများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များ ကူညီဆောင်ရွက်ခဲ့ကြသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက အသက်ထက်မြတ်သော ဂုဏ်သိက္ခာဇာတ်တော်ကြီးကို ဖျော်ဖြေတင်ဆက်ပေးခြင်းနှင့်ပတ်သက်၍ နှုတ်ခွန်းဆက်စကား ပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကိုက အသက်ထက်မြတ်သော ဂုဏ်သိက္ခာဇာတ်တော်ကြီး ဖျော်ဖြေတင်ဆက်ခဲ့သည့်အပေါ် ကျေးဇူးတင်စကား ပြောကြားရာတွင် တက္ကသိုလ်၊ ကျောင်း၊ ကောလိပ်နှင့် အခြေခံကျောင်းများမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ကျောင်းအုပ်များနှင့် ကျောင်းသား၊ ကျောင်းသူများ သမိုင်းအမှန်ကိုဖော်ပြသည့် ဇာတ်တော်ကြီးကို ပြသခွင့်ရသည့်အတွက် ဝမ်းသာမိပါကြောင်း၊ ကြည့်ရှုသူနှင့် တင်ဆက်သူ အပြန်အလှန်နားလည်မှုရှိခဲ့လျှင် တင်ဆက်ရသူများနှင့် ကြည့်ရှုသူများမှာ များစွာအကျိုးရှိပါကြောင်း၊ ဇာတ်တော်ကြီးနှင့်စပ်လျဉ်း၍ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်၊ ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းလိုစိတ်များဖြစ်ပေါ်စေရေး၊ လူမျိုးဘာသာ သာသနာကို ချစ်မြတ်နိုးစောင့်ထိန်းစေရေးတို့ကို ဖြစ်ပေါ်စေလို၍ ရည်ရွယ်ကပြတင်ဆက်ခဲ့သည့်အတွက် အမျိုးဘာသာ သာသနာ စောင့်ရှောက်ထိန်းသိမ်းလိုစိတ်၊ တိုင်းတစ်ပါးကို အထင်ကြီးအားကိုးမိပါက ပျက်စီးဆုံးရှုံးကြရမှု၊ ယဉ်ကျေးမှုအမွေအနှစ် သမိုင်းအမှန်များကိုသိရှိရခြင်း စသည့် အကျိုးကျေးဇူးများစွာရရှိကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များနှင့် ကူညီဆောင်ရွက်ခဲ့ကြသည့် အနုပညာရှင်အားလုံး စည်းလုံးညီညွတ်စွာ၊ နားလည်မှုပြည့်ဝစွာဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းကြောင့် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့က အမျိုးသားဇာတ်ရုံ(မန္တလေး)တွင် တင်ဆက်ကပြခဲ့သည့် အသက်ထက်မြတ်သောဂုဏ်သိက္ခာဇာတ်တော်ကြီးတွင် ပါဝင်သရုပ်ဆောင်ခဲ့ကြသူများနှင့် ကူညီဆောင်ရွက်ခဲ့ကြသူများကို ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံကာ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများက ပါဝင်သရုပ်ဆောင်ခဲ့ကြသူများနှင့် ကူညီဆောင်ရွက်ခဲ့ကြသူများကို ဂုဏ်ပြုငွေကျပ် သိန်း ၃၀၀ နှင့် မန္တလေးမြို့မ တေးဂီတအဖွဲ့ကို ဂုဏ်ပြုငွေကျပ် ၁၅ သိန်းတို့ကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**



**အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်စိုင်း ဆေးရုံတက်ရောက်ကုသမှုခံယူနေသည့် ဒေသခံပြည်သူများကို အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။**

(၁) ရှေ့ဖုံးမှအဆက်

ဆက်လက် ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၃၄၆ ဦး၊ ခွဲစိတ်ရောဂါ ၂၇ ဦး၊ သားဖွား၊ မီးယပ်ရောဂါ ၂၂ ဦး၊ ကလေးရောဂါ ၅၅ ဦး၊ အရိုးရောဂါ ၁၄၈ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၅၄ ဦး၊ မျက်စိရောဂါ ၃၁၂ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၁၀၂ ဦး စုစုပေါင်း ၁၀၆၆ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။

ထို့ပြင် ခွဲစိတ်ကုသရန်လိုအပ်သူ မျက်စိခွဲစိတ်လူနာ ၁၀ ဦးကို ခွဲစိတ်ကုသမှုများဆောင်ရွက်ပေးပြီး ဓာတ်မှန်ရိုက်လူနာ နှစ်ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၅၅ ဦး၊ ECG ဖြင့် နှလုံးစမ်းသပ် လူနာ ၅၇ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၅၅ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့်လူနာများကို နီးစပ်ရာ တပ်မတော်ဆေးရုံနှင့် ပြည်သူ့ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်စိုင်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး မစ္စစ်ဆူဖတ်ထရာဆရီမိုင်းသရီဖိတပ်၏နေရာတွင် မစ္စတာမုံခွန်းဝိစစ်စတန်အား ခန့်အပ်ရန်သဘောတူ

**နေပြည်တော် နိုဝင်ဘာ ၂၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ထိုင်းနိုင်ငံသံအမတ်ကြီး မစ္စစ်ဆူဖတ်ထရာဆရီမိုင်းသရီဖိတပ်၏နေရာတွင် မစ္စတာမုံခွန်းဝိစစ်စတန်အားခန့်အပ်ရန် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာမုံခွန်းဝိစစ်စတန်ကို ၁၉၆၇ ခုနှစ် ဩဂုတ် ၁၄ ရက်တွင် မွေးဖွားခဲ့သည်။ ၎င်းသည် ထိုင်းနိုင်ငံ သမားဆတ်တက္ကသိုလ်မှ နိုင်ငံတကာရေးရာဘာသာရပ်ဖြင့် ဝိဇ္ဇာဘွဲ့ကိုလည်းကောင်း၊ နိုင်ငံတကာဆက်ဆံရေး ဘာသာရပ်ဖြင့် မဟာဝိဇ္ဇာဘွဲ့ကိုလည်းကောင်းရရှိခဲ့သည်။

မစ္စတာမုံခွန်းဝိစစ်စတန်သည် ၁၉၉၁ ခုနှစ်တွင် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၌ သံအရာရှိအဖြစ် စတင်တာဝန်ထမ်းဆောင်ခဲ့ပြီး နိုင်ငံခြားရေးဝန်ကြီးဌာန ဟန်ွိုင်းမြို့ ထိုင်းနိုင်ငံသံရုံး၊ အိုဆာကာမြို့ ထိုင်းနိုင်ငံကောင်စစ်ဝန်ချုပ်ရုံးနှင့် ပေကျင်းမြို့ ထိုင်းနိုင်ငံသံရုံးတို့၌ ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ လက်ရှိတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့ရှိ ထိုင်းနိုင်ငံကောင်စစ်ဝန်ချုပ်ရုံးတွင် ကောင်စစ်ဝန်ချုပ်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စတာမုံခွန်းဝိစစ်စတန်သည် အိမ်ထောင်ရှင်တစ်ဦးဖြစ်သည်။ **(သတင်းစဉ်)**

# ဒုတိယဝန်ကြီး ဦးမြင့်စိုး ရှမ်းပြည်နယ်(တောင်ပိုင်း) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၂၀**

ဒေသအတွင်း အကောင်အထည်ဖော်ဆောင်ရွက်နေသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ရုံးအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် ယမန်နေ့နံနက်ပိုင်းက ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး၌ တွေ့ဆုံညှိနှိုင်းဆွေးနွေးသည်။

ယင်းနောက် ဒုတိယဝန်ကြီး၊ ဒေသဦးစီးဥက္ကဋ္ဌနှင့်အဖွဲ့သည် ဟိုပုံးမြို့နယ် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်နေသော ၅၈×၅၃×၂၄ ပေ RC နှစ်ထပ် ရုံးအဆောက်အအုံ တည်ဆောက်နေမှုနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ ဟိုပုံးမြို့နယ်ရုံးဆောက်လုပ်မည့်မြေနေရာတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တောင်ကြီးခရိုင် ဟိုပုံးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်ပေးခဲ့သော အရှည် ၁ ဒသမ ၅ ကီလိုမီတာရှိ ဝမ်လွယ်-ဟိုတီ-ကုန်းကျိုင်း ကျေးရွာချင်းဆက်မြေသားလမ်းဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံတိုင်းရင်းသားများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး၊ ဒေသဦးစီးဥက္ကဋ္ဌနှင့် အဖွဲ့သည် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ခေတ်မီစံပြကျေးရွာ (SMART Village) အဖြစ် အကောင်အထည်ဖော် ဆောင်ရွက်နေသော ဟိုပုံးမြို့နယ် ကျောက်တန်းကျေးရွာသို့ ရောက်ရှိပြီး ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ဒေသဦးစီးအဖွဲ့ဝင် ဦးခွန်ကောင်းချစ်ထွန်းနှင့် ဒေသခံပြည်သူများ၏ တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးနှင့် ဒေသဦးစီးဥက္ကဋ္ဌတို့က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ခေတ်မီစံပြကျေးရွာအတွင်း ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သော ကျေးရွာတွင်း လမ်းအမှတ်(၁) ကွန်ကရစ်ခင်းနေမှုကိုလည်းကောင်း၊ ကျေးရွာရေပေးရေးအတွက် ပေ ၄၀၀ အဝီစိတွင်း တူးဖော်နေမှုကိုလည်းကောင်း၊ Cash For Work စီမံကိန်းခွင့်ပြုရန်ပုံငွေကျပ် သိန်း ၁၀၀ ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင်ဆောင်ရွက်နေသော သုသာန်အဝင်လမ်း ဖောက်လုပ်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ပြီး လုပ်ငန်းလိုအပ်ချက်များအပေါ် ဒုတိယဝန်ကြီးနှင့် ဒေသဦးစီးဥက္ကဋ္ဌတို့က လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ကမ္ဘာ့ကလေးများနေ့အခမ်းအနား တက်ရောက်

**ထားဝယ် နိုဝင်ဘာ ၂၀**

“အားလုံးအကျုံးဝင်ဖွံ့ဖြိုးဖို့ ကလေးတိုင်းအတွက် ဆောင်ရွက်စို့” ဟူသော ဆောင်ပုဒ်နှင့်အညီ (၃၃)နှစ်မြောက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းနှစ်ပတ်လည်နေ့ အထိမ်းအမှတ် ကမ္ဘာ့ကလေးများနေ့အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ မြို့တော်ခန်းမ၌ကျင်းပသည်။



အခမ်းအနားသို့ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို တက်ရောက်၍ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ်တွင်ပါရှိသော ကလေးသူငယ်အခွင့်အရေး လေးရပ်မှာ ကလေးသူငယ်များ အသက်ရှင်သန်ခွင့်၊ ကလေးသူငယ်များ ဖွံ့ဖြိုးတိုးတက်ခွင့်၊ ကလေးသူငယ်များကို အကြမ်းဖက်မှု၊ လျစ်လျူရှုမှုနှင့် ခေါင်းပုံဖြတ်မှုအမျိုးမျိုးမှ ကာကွယ်စောင့်ရှောက်ခံပိုင်ခွင့်နှင့် ကလေးသူငယ်များ၏အရေးကိစ္စများတွင် ကလေးသူငယ်များကိုယ်တိုင် ပူးပေါင်းပါဝင်ဆောင်ရွက်ခွင့်တို့ဖြစ်ကြောင်း၊ ကလေးသူငယ်များ၏ မွေးရာပါအခွင့်အရေး မဆုံးရှုံးစေရန် ကလေးသူငယ်များ၏ အခွင့်အရေးများကို ကလေးမိဘများ၊ ကလေးများနှင့် ပြည်သူလူထုတစ်ရပ်လုံးသိရှိရန်နှင့် ကလေးတိုင်း လက်လှမ်းမီတန်းတူညီတူရရှိနိုင်ရန်အတွက် တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအသီးသီးကနေ၍ စဉ်ဆက်မပြတ်ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

အခမ်းအနားတွင် မူလတန်းကြိုကျောင်းမှ သားငယ်သမီးငယ်များက တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေတင်ဆက်ကပြခဲ့ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများက သားငယ်၊ သမီးငယ်လေးများကို အမှတ်တရလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တောင်သူအကျိုးရှိစေမည့် သီးနှံပုံစံဖြစ်စေရေးအတွက် ဝန်ကြီးဌာနက စီမံဆောင်ရွက်ပေးမှုအပေါ် စိုက်ပျိုးထုတ်လုပ်သူတောင်သူများအနေဖြင့် ဟန်ချက်ညီပူးပေါင်းဆောင်ရွက်ကြစေလို

**နေပြည်တော် နိုဝင်ဘာ ၂၀**

ဆည်ရေသောက် ဧရိယာများအားလုံး သီးနှံစိုက်ပျိုးထုတ်လုပ်နိုင်စွမ်း မြှင့်မားရေး၊ တစ်နှစ် သုံးသီးအထိ သီးထပ်စွမ်းအားတိုးတက်ရေး၊ သီးနှံသက်တမ်းနှင့် ရေလိုအပ်ချက်ကိုအခြေခံရေးဆွဲထားပြီး တောင်သူအကျိုးရှိစေမည့် သီးနှံပုံစံဖြစ်စေရေးတို့အတွက် ဝန်ကြီးဌာနက စီမံဆောင်ရွက်ပေးမှုအပေါ် စိုက်ပျိုးထုတ်လုပ်သူတောင်သူများအနေဖြင့် ဟန်ချက်ညီပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ယမန်နေ့က နေပြည်တော် တပ်ကုန်းမြို့နယ် ကင်းသာရေလှောင်တမံ၌ ဆည်ရေသောက်ဧရိယာအတွင်းရှိ ဒေသခံတောင်သူများဖြင့် ဖွဲ့စည်းထားသည့် ရေအသုံးချသူများအဖွဲ့(WUG)နှင့် တွေ့ဆုံစဉ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက တိုက်တွန်းပြောကြားခဲ့သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက ဝင်ငွေအများဆုံးသီးနှံပုံစံ အသုံးပြုစိုက်ပျိုးရေး၊ မြေဆီလွှာ ထက်သန်ရေးနည်းလမ်းများ၊ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာများ အချိုးညီအသုံးပြုရန် လိုအပ်ချက်များ၊ ရာသီဥတုအခြေအနေ ကောင်းမွန်ပြီး ဆည်ရေသောက်ချာသည့်ဒေသဖြစ်၍ တစ်နှစ်နှစ်သီးစားမှ သုံးသီးစား တိုးချဲ့စိုက်ပျိုးထုတ်လုပ်ရေး၊ စိုက်ကွင်းများ ရေသွင်းရေထုတ်မှန်ကန်ရေးနှင့် ရေတင်နည်းမျိုးစုံဖြင့် စိုက်ပျိုးရေအသုံးပြုနိုင်ရေး၊ ရေအလေအလွင့်မရှိစေရေးဆိုင်ရာ ကိစ္စရပ်များကို ထည့်သွင်းဆွေးနွေးပြောကြားသည်။

တပ်ကုန်းမြို့နယ်သို့ ရောက်ရှိစဉ် ဒုတိယဝန်ကြီးသည် ကင်းသာရေလှောင်တမံအတွင်း ရေသိုလှောင်ထားရှိမှုနှင့် တမံကြံ့ခိုင်မှု အခြေအနေများကိုလည်းကောင်း၊ တပ်ကုန်းမြို့ ကင်းသာကျေးရွာအုပ်စု ကင်းသာကျေးရွာရှိ ဒေါက်တာဇော်ထူးမြင့်၏ အသားတိုးဝက်မွေးမြူရေးခြံသို့လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေဘဲ ဒေသဝမ်းစာဖူလုံရေးအပြင် ဈေးကွက်လိုအပ်ချက်ရှိနေသည့် အသားကဏ္ဍ တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးလာရန် လိုအပ်နေမှုများ၊ မွေးမြူရေးကိုအခြေခံသည့် ခေတ်မီကုန်ချောထုတ်လုပ်မှုအားကောင်းလာစေရန် လုပ်ငန်းစဉ်ကွင်းဆက်တစ်လျှောက်တွင် ပါဝင်သူများအားလုံး ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ချက်များ၊ တိရစ္ဆာန်အစာစိုက်ပျိုးကျွေးမွေးသည့် မွေးမြူရေးစနစ်ထွန်းကားလာစေရေးအတွက် အသေးစားမွေးမြူရေးလုပ်ကိုင်သူများနှင့် မွေးမြူရေးခြံတည်ထောင်ဆောင်ရွက်လုပ်ကိုင်လိုသူများကို လက်တွဲခေါ်ယူပူးပေါင်းဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# ကမ္ဘာ့ကလေးများနေ့အခမ်းအနား ကျင်းပ




**ဘားအံ နိုဝင်ဘာ ၂၀**

“အားလုံးအကျုံးဝင်ဖွံ့ဖြိုးဖို့ ကလေးတိုင်းအတွက်ဆောင်ရွက်စို့” ဆောင်ပုဒ်ဖြင့် (၃၃)နှစ်မြောက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း အထိမ်းအမှတ် ကမ္ဘာ့ကလေးများနေ့အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီက ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ကရင်ပြည်နယ်အတွင်း ကလေးသူငယ်များ၏ မွေးရာပါအခွင့်အရေးမဆုံးရှုံးစေရေး၊ ကလေးသူငယ်များ၏အခွင့်အရေးများကို ကလေးများအားလုံးသိရှိစေရေးနှင့် ကလေးတိုင်း လက်လှမ်းမီ တန်းတူညီတူရရှိနိုင်ရေးအတွက် တာဝန်ရှိသူများက အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ပေးကြရန် သက်ဆိုင်ရာကဏ္ဍအသီးသီးက စဉ်ဆက်မပြတ်ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ကမ္ဘာ့ကလေးများနေ့အထိမ်းအမှတ် ဗီဒီယိုကလစ်ကို ကြည့်ရှုကြပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်း၊ ကရင်ပြည်နယ် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာကော်မတီဥက္ကဋ္ဌ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီးခင်ဇော်တို့က ကမ္ဘာ့ကလေးများနေ့ အကြိုလှုပ်ရှားမှုပြိုင်ပွဲများတွင် ဆုရရှိကြသော ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် လူမှုဝန်ထမ်းဦးစီးဌာန၏ ဌာနတွင်း၊ ပုဂ္ဂလိကနှင့် ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းများမှ ရင်သွေးငယ်များက တေးသရုပ်ဖော်များဖြင့် ဖျော်ဖြေတင်ဆက်ကြရာ ကရင်ပြည်နယ်အစိုးရအဖွဲ့နှင့် လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်များက တေးသရုပ်ဖော်ဖြင့်ဖျော်ဖြေတင်ဆက်ကြသည့် ရင်သွေးငယ်များကို ဂုဏ်ပြုဆုငွေများကိုလည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ရင်သွေးငယ်များကို လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာလျှင်ငွေကျပ် ၄၃၈၀ ဖြစ်ကြောင်းထုတ်ပြန်ကြေညာ

**နေပြည်တော် နိုဝင်ဘာ ၂၀**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ နိုဝင်ဘာ ၂၁ ရက်မှ နိုဝင်ဘာ ၂၇ ရက်ထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၄၃၈၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့်လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အဆိုပါ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်တွင် မှတ်ဝ(၂) ကြိုးပြင်ကာကွယ်တော သတ်မှတ်



**နေပြည်တော် နိုဝင်ဘာ ၂၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် သစ်တောဥပဒေပုဒ်မ(၆)၊ ပုဒ်မခွဲ(င)အရ အပ်နှင်းထားသော အခွင့်အာဏာများကိုကျင့်သုံး၍ စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင် ကောလင်းမြို့နယ်အတွင်းကျရောက်နေသည့် ဧရိယာအကျယ်အဝန်း ဧက ၈၅၀ ရှိသော နယ်မြေကို **"မှတ်ဝ(၂)ကြိုးပြင်ကာကွယ်တော"**အဖြစ် အမိန့်ကြော်ငြာစာအမှတ် (၁၆၄/၂၀၂၂)အရ ၁၃၈၄ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်၊ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၅ ရက်မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

မှတ်ဝ(၂)ကြိုးပြင်ကာကွယ်တော ဧရိယာသည် ဒေသခံပြည်သူများ၏ စိုက်ပျိုးမြေများအတွက် ရေဝေရေလဲဒေသကို ထိန်းသိမ်းရန်၊ ဒေသခံပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်နှင့် သဘာဝတောရိုင်းတိရစ္ဆာန်များကို ကာကွယ်စောင့်ရှောက်ရန် ရည်ရွယ်၍ ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ခြင်းဖြစ်ပါသည်။

မှတ်ဝ(၂)ကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်းဖြင့် ဧရိယာအတွင်း ပေါက်ရောက်လျက်ရှိသော ကျွန်း၊ သစ်ယာ၊ အင်ကြင်း စသည့်အဖိုးတန်သစ်မျိုးများနှင့် သစ်ပြူ၊ သရင်းကြီး၊ သစ်မကျည်း စသည့်သစ်မျိုးများကို ထိန်းသိမ်းနိုင်မည့်အပြင် နေထိုင်ကျက်စားလျက်ရှိသော ဂျီ၊ တောင်ဆိတ်၊ တောကြက်နှင့် မျောက်စသည့် တိရစ္ဆာန်များအတွက် ကျက်စားရာဒေသ တိုးပွားလာခြင်း၊ မူးမြစ်အတွင်းစီးဝင်သော သော်ချောင်း၏ ရေဝေရေလဲဧရိယာကို ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်းနှင့် သစ်တောသယံဇာတများကို စနစ်တကျ စီမံအုပ်ချုပ်နိုင်မည်ဖြစ်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ကြောင်း သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။

# ရွှေကျင်မြို့နယ် ရွှေကျင်-ကျောက်ကြီးသွား ကားလမ်းပေါ်ရှိ သရက်ချောင်း ချောင်းကူးတံတားကို PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီး

**နေပြည်တော် နိုဝင်ဘာ ၂၀**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် ရွှေကျင်-ကျောက်ကြီးသွား ကားလမ်းပေါ်ရှိ သရက်ချောင်း ချောင်းကူးတံတားကို ယနေ့နံနက် ၇ နာရီ ၁၀ မိနစ်ခန့်တွင် PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။

အဆိုပါနေရာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ တုံးတံတားကျေးရွာ၏ မြောက်ဘက်မိုင် ၂၀၀၀ ခန့်အကွာ၊ ရွှေကျင်-ကျောက်ကြီးသွားကားလမ်းပေါ်ရှိ အရှည်ပေ ၅၀၊ အကျယ်ပေ ၃၀ သံကူကွန်ကရစ်အမျိုးအစား သရက်ချောင်း ချောင်းကူးတံတားကို PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းခွဲဖျက်ဆီးထားသည်ကို တွေ့ရှိရပြီး တံတားကြမ်းခင်းအလျား ၁၂ ပေ၊ အကျယ် ၂၅ ပေခန့် ပြိုကျပျက်စီးခဲ့သည်ကို တွေ့ရှိရသည်။

အကြမ်းဖက်သမားများ အနေဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကို သွားလာမှု ခက်ခဲစေရန်နှင့် အထိတ်တလန့်ဖြစ်ပြီး ကြောက်ရွံ့လာစေရန်ရည်ရွယ်၍ ယခုကဲ့သို့ ဖောက်ခွဲဖျက်ဆီးခြင်းဖြစ်ကြောင်း၊ အဆိုပါ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှုကြောင့် လက်ရှိတွင် မော်တော်ယာဉ်များ ဖြတ်သန်းသွားလာနိုင်ခြင်းမရှိကြောင်းနှင့် တံတားပျက်စီးမှုကို သက်ဆိုင်ရာတာဝန်ရှိသူများက အမြန်ဆုံးပြင်ဆင်နိုင်ရေး ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။



ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် ရွှေကျင်-ကျောက်ကြီးသွားကားလမ်းပေါ်ရှိ သရက်ချောင်း ချောင်းကူးတံတားကို PDF အမည်ခံအကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးထားရှိမှုကို တွေ့ရစဉ်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် နိုဝင်ဘာ ၂၀**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့်ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများကတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နေပြည်တော် ပြည်ထောင်စုနယ်မြေ ပုဗ္ဗသီရိမြို့နယ် ဝဏ္ဏာဒီပရပ်ကွက်နေ ထူးနိုင်အောင်သည် ၎င်းအသုံးပြုသည့် "Htoo Naing Aung" Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် အမရဌာနီအနောက်ရပ်ကွက်နေ အိသက်သက်ဖြူသည် ၎င်းအသုံးပြုသည့် "Ei Thet Thet Phyu" Facebook အကောင့်၊ မေယဂီရိရပ်ကွက်နေ သိန်းကြွယ်သည် ၎င်းအသုံးပြုသည့် "U Thein Kyawal" Facebook အကောင့်၊ မတ္တရာမြို့နယ် ကျောက်တံတားကျေးရွာနေ ဇော်လင်းဦးသည် ၎င်းအသုံးပြုသည့် "Zaw Linn Oo" Facebook အကောင့်နှင့် ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် ခရမ်းညောင်ပင်ကျေးရွာနေ ဝေဖြိုးလင်း(ခ)ကိုဖြိုးသည် ၎င်းအသုံးပြုသည့် "Wai Phyo Lin (Ko Phyo)" Facebook အကောင့်တို့သည် အသိပေး သတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

## နိုဝင်ဘာ ၂၀ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၈ ဦး တွေ့ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၀**

နိုဝင်ဘာ ၁၉ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၆၀၆၂ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၈ ဦး တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

## ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၃၀၀၅ ဦး |
| သေဆုံးသူ | ၁၉၄၈၇ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၀၇၃၈၄ ဦး |

# သီတဂူသာသနာပြုလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်နှင့် တပ်ရင်း၊ တပ်ဖွဲ့များရှိ မိသားစုများက အလှူတော်ငွေ ပေးအပ်လှူဒါန်း



သီတဂူ သာသနာပြု လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အတွက် ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်နှင့် တပ်ရင်း၊ တပ်ဖွဲ့များရှိ မိသားစုများက အလှူတော်ငွေ ပေးအပ်လှူဒါန်းပွဲ ကျင်းပစဉ်။

**နေပြည်တော် နိုဝင်ဘာ ၂၀**

သီတဂူသာသနာပြုလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်နှင့် တပ်ရင်း၊ တပ်ဖွဲ့များရှိ အရာရှိ၊ စစ်သည်၊ မိသားစုများက အလှူတော်ငွေပေးအပ်လှူဒါန်းခြင်းကို ယနေ့ နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ တိုင်းရန်အောင်ခန်းမ၌ပြုလုပ်ရာ ကမ္ဘာ့ဗုဒ္ဓသာသနာပြု သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏ အဓိပတိ ရွှေကျင်နိကာယဥပဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဒေါက်တာဘဒ္ဒန္တဉာဏိဿရ ကြွရောက်ချီးမြှင့်တော်မူပြီး တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သီတဂူဆရာတော်ကြီးထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက တိုင်းစစ်ဌာနချုပ်နှင့် တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်၊ မိသားစုများက စုပေါင်းလှူဒါန်းသည့် အလှူတော်ငွေကျပ် ၁၅၄ သိန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြရာ သီတဂူဆရာတော်ကြီးက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ချီးမြှင့်သည်။ ယင်းနောက် သီတဂူဆရာတော်ကြီးထံမှ အနုမောဒနာတရားနာကြားကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြကြောင်း သတင်းရရှိသည်။

■ **ဆောင်းခိုငှက်မျိုးစိတ်မှ**

ရေပျော်ငှက် ၉၇၀ ကျော် ဝင်ရောက်ခဲ့ပြီး ယခုနှစ်ဆောင်းဦးရာသီ၌ ရေပျော်ငှက်ဝင်ရောက်မှု အနည်းငယ်လျော့ကျသော်လည်း သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်မှုနှင့် အင်းတော်ကြီးကန်၏ ရေသယံဇာတနှင့် သစ်တောဧရိယာ ထိန်းသိမ်းထားမှုကြောင့် ဆောင်းခိုငှက်များ ဆက်လက်ဝင်ရောက်လျက်ရှိသည်။

အင်းတော်ကြီးအိုင်သို့ ကမ္ဘာ့မြောက်ခြမ်းမှ ဆောင်းခိုရေပျော်ငှက်များဖြစ်သော ခရစုပ်အနက်ကောင်ရေ ၂၀၀ ခန့်၊ ခရုတုတ်ကောင်ရေ ၃၀ ကျော်၊ တလိုင်းလေးကောင်ရေ ၂၀ ခန့်၊ ရေကြက်ဒုံကောင်ရေ ၉၀ ခန့်၊ ဇင်ယော်ခေါင်းညိုကောင်ရေ ၂၀၀ ခန့်၊ ဇင်ယော်ခေါင်းမဲကောင်ရေ ၉၀ ခန့်၊ ဘဲဖြူနက်ကောင်ရေ ၁၅၀ ခန့်၊ ကြိုးကြာခေါင်းမဲ ငါးကောင်၊ ငါးဟစ်မွဲငှက် ၁၀ ကောင်၊ ဝှစ်စကားမြစ်တွေးကောင်ရေ ၁၀၀ ခန့်နှင့် ဘောင်တုတ်ငှက် သုံးကောင်၊ ငှက်ကြီးဝံပို၊ လင်းဝက်၊ မြူတိုးဗျိုင်း၊ တလိုင်းကောင်၊ မြစ်တွေး၊ တစ်တီတူးခေါင်းမဲ၊ ဘဲကြားလေးနှင့် ရေညှောင့်ငှက်များ ဝင်ရောက်ကျက်စားလျက်ရှိသည်။ ဒေသမျိုးရင်းငှက်မျိုးစိတ် ၂၀ မှ ကောင်ရေ ၃၂၀၀ ကျော် အင်းတော်ကြီးကန်အတွင်း လှည့်လည်ကျက်စားလျက်ရှိပြီး ဒေါင်းလန်းခြေထောက်၊ တာပဲ့နှင်း၊ တာပဲ့နှင်းမြီးရှည်၊ ကျွဲကျောင်းဗျိုင်း၊ သာယာဝတီဗျိုင်း၊ ဝေသာလီဗျိုင်း၊ လစ်တစ်အီးကွဲလ်ဗျိုင်း၊ ဒင်ကျီး၊ တစေးမှုန့်၊ ရေကြက်၊ ကလားကပ်၊ စစ္စလီ၊ ဗျိုင်းအောက်ကျောညို၊ ငဟစ်၊ မယ်ညို၊ ရေကြက်ရင်ဖြူ၊ ဥပန်း၊ တစ်တီတူး၊ ဝမ်းဘဲကြား၊ စပ်ဗျိုင်း စသည့်ဒေသမျိုးရင်းငှက်များလည်း အင်းတော်ကြီးအိုင်အတွင်း ကျက်စားလျက်ရှိသည်။

အင်းတော်ကြီးကန် ဘေးမဲ့တောအုပ်ချုပ်ရေးမှူး ဦးမောင်ဝင်းက ဆောင်းခိုငှက်ဝင်ရောက်လာမှုနှင့် စပ်လျဉ်း၍ "မနှစ်က ဒီရာသီမှာ ဆောင်းခိုငှက်မျိုးစိတ် ၂၀ မှာ ကောင်ရေ ၉၇၀ ဝင်ရောက်ပြီး ဒီနှစ်တော့မျိုးစိတ် ၁၉ မျိုးမှာ ရေပျော်ငှက် ၉၆၀ ကျော် စတင်ဝင်ရောက်နေပါပြီ။ ပြီးခဲ့တဲ့လက ဆောင်းခိုငှက်များကြိုဆိုပွဲလုပ်ခဲ့ပါတယ်။ ဒေသခံပြည်သူတွေ ဆောင်းခိုငှက်တွေကို ပစ်ခတ်ဖမ်းဆီးမှု မရှိဘဲ နိုင်ငံရဲ့ဂုဏ်ယူဖွယ်အဖြစ် တန်ဖိုးထားစောင့်ရှောက်နိုင်အောင် အသိပေးဆိုင်းဘုတ်တွေထောင်ပြီး ကြိုဆိုပွဲလုပ်ပါတယ်။ အင်းတော်ကြီးကန်မှာ နားခိုပြီး အန္တရာယ်ကင်းစွာ နေထိုင်နိုင်အောင်နဲ့ မူရင်းဒေသကို အန္တရာယ်ကင်းစွာနဲ့ ပျံသန်းနိုင်ဖို့အတွက် အသိပညာပေးလုပ်ငန်းတွေကိုလည်း ဒီဇင်ဘာလမှာ ဆက်လက်ဆောင်ရွက်သွားဖို့ရှိပါတယ်" ဟု ပြောပြသည်။

ယခုနှစ်တွင် ဆောင်းခိုငှက်များအတွက်ဆောင်ပုဒ်မှာ "ဆောင်းခိုငှက်များ ရှင်သန်ရေး အလင်းသုံးစွဲမှုလျှော့ချပေး" ခေါင်းစဉ်ဖြစ်ပြီး အောက်တိုဘာ ၁၀ ရက်က မိုးအင်းကြီး၊ အင်းလေး၊ အင်းတော်ကြီးနှင့်ရမ်ဆာရေဝပ်ဒေသတို့တွင် ညပိုင်းအလင်းရောင်များကြောင့် ဆောင်းခိုငှက်များ ပျံသန်းမှုကို ထိခိုက်မှုမရှိစေရန် လူထုပူးပေါင်းလှုပ်ရှားမှုအဖြစ် ဆောင်ရွက်လျက်ရှိသည်။ အင်းတော်ကြီးအိုင်တွင် ကမ္ဘာ့ပေါ်၌ မျိုးသုဉ်းရန်ရင်ဆိုင်နေရသည့် ဆောင်းခိုငှက်များဖြစ်သော ငှက်ကြီးဝံပိုနှင့် မြစ်တွေးငှက်တို့ ကျက်စားလျက်ရှိပြီး ဒေသမျိုးရင်းငှက်များဖြစ်သည့် ဒေါင်းလန်းခြေထောက်၊ ဥဘန်းနှင့် မယ်ညိုငှက်တို့သည် မျိုးသုဉ်းရန်အန္တရာယ်နှင့် ရင်ဆိုင်ရလျက်ရှိကာ အင်းတော်ကြီးအိုင်တွင် ရေပျော်ငှက်မျိုးစိတ် ၁၀၅ မျိုးနှင့် သစ်တောငှက်မျိုးစိတ် ၄၀၀ ကျော် နှစ်စဉ်ဝင်ရောက်ကျက်စားလျက်ရှိကြောင်း သိရသည်။



အင်းတော်ကြီးအိုင်သည် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော ဆက်စပ်ဧရိယာ စတုရန်းမိုင် ၁၀၀ ကျယ်ဝန်းပြီး ကန်ဝန်းကျင်ရှိ ကြိုးဝိုင်းဧရိယာမှာ ၂၁၄ ဒသမ ၆၇ စတုရန်းမိုင်ဖြင့် စုစုပေါင်း ၃၁၄ ဒသမ ၆၇ စတုရန်းမိုင်ကျယ်ဝန်းသည်။ ရေပြင်ကျယ်၍ ရေကြည်လင်ပြီး အမြင့်ပေ ၁၀၀၀ ကျော်မှ ပေ ၄၀၀၀ ကျော်ထိရှိသော တောင်တန်းများ ဝန်းရံထားမှုကြောင့် အင်းတော်ကြီးတောရိုင်းတိရစ္ဆာန် ဘေးမဲ့တော၌ ရှားပါးနို့တိုက်သတ္တဝါများ၊ ရွှေ့ပြောင်းငှက်များ၊ ဆောင်းခိုငှက်များ၊ ဌာနေငှက်များနှင့် ငါးမျိုးစိတ်များစွာ ကျက်စားနိုင်ခြင်းဖြစ်သည်။ အရှေ့တောင်အာရှ၌ ကမ္ဘောဒီးယားနိုင်ငံရှိ Tonke Sap အိုင်သည် ပထမအကြီးဆုံးအိုင်ဖြစ်ပြီး ဖိလစ်ပိုင်နိုင်ငံရှိ Laguna de Bay အိုင်သည် ဒုတိယအကြီးဆုံးဖြစ်ကာ မြန်မာနိုင်ငံရှိ အင်းတော်ကြီးအိုင်သည် တတိယအကြီးဆုံးအိုင်ဖြစ်သောကြောင့် ဆောင်းခိုငှက်များ အများဆုံးဝင်ရောက်ကျက်စားလေ့ရှိပြီးဆောင်းဦးရာသီ၌ ဆောင်းခိုငှက်မျိုးစိတ် ၁၉ မျိုးမှ ရေပျော်ငှက် ၉၆၁ ကောင် စတင်ဝင်ရောက်နားခိုလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



၂၀၂၂ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲတွင် အားကစားနည်းများအလိုက် ယှဉ်ပြိုင်ကစားကြစဉ်။


☆ **ကျောဖုံးမှအဆက်**

(ခ)အဆင့် ပင်းဝိတ်တန်း ၅၄ ကီလိုအောက်၊ (ဂ)အဆင့်ပင်းဝိတ်တန်း ၅၄ ကီလိုအောက်၊ (ခ)အဆင့် ပင်းဝိတ်တန်း ၅၄ ကီလိုအောက်၊ (က)အဆင့် ပင်းဝိတ်တန်း ၅၄ ကီလိုအောက်၊ (ခ)အဆင့်လိုက် ဝိတ်တန်း ၆၈-၇၄ ကီလို၊ (က)အဆင့်လိုက် ဝိတ်တန်း ၆၈-၇၄ ကီလို၊ (ဂ)အဆင့် ပင်းဝိတ်တန်း ၅၄ ကီလိုအောက်၊ (ခ)အဆင့် ပင်းဝိတ်တန်း ၅၄ ကီလိုအောက်၊ (က)အဆင့် ပင်းဝိတ်တန်း ၅၄ ကီလိုအောက်၊ (ခ) အဆင့်လိုက်ဝိတ်တန်း ၆၈-၇၄ ကီလို၊ (က)အဆင့်လိုက်ဝိတ်တန်း ၆၈-၇၄ ကီလို၊ (ဂ)အဆင့် ပင်းဝိတ်တန်း ၅၄ ကီလိုအောက်၊ (ခ)အဆင့် ပင်းဝိတ်တန်း ၅၄ ကီလိုအောက်၊ (က)အဆင့် ပင်းဝိတ်တန်း ၅၄ ကီလိုအောက်၊ (ခ)အဆင့်လိုက်ဝိတ်တန်း ၆၈-၇၄ ကီလို၊ (က)အဆင့်လိုက် ဝိတ်တန်း ၆၈-၇၄ ကီလိုနှင့် (ဂ)အဆင့်တစ်ဦးချင်း(ကကွက်) နှင့် (ဂ)အဆင့် အသင်းလိုက်(ကကွက်) ရှုံးထွက်ပွဲစဉ် ဆီမီးဖိုင်နယ်ပွဲစဉ်များကိုလည်းကောင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)ဝင်းအတွင်းတွင် ပိုက်ကျော်ခြင်းပြိုင်ပွဲမှ အလွတ်တန်းသုံးယောက်တွဲ အသင်းလိုက်၊ ရှုံးထွက်ပွဲစဉ်များနှင့် ၂၅ နှစ်အောက်အလွတ်တန်း သုံးယောက်တွဲ အဖွဲ့လိုက် ရှုံးထွက်ပွဲစဉ်တို့ကိုလည်းကောင်း အသီးသီးယှဉ်ပြိုင်ကစားကြသည်။


အလားတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား (က)အဆင့် ဘောလုံးပြိုင်ပွဲ တတိယလုပွဲကို အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းနှင့် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းတို့သည် ယနေ့ညနေပိုင်းတွင် ဇေယျာသီရိ တပ်မတော်အားကစားကွင်း၌ တတိယနေရာလုပွဲစဉ်အဖြစ် ဆက်လက်ယှဉ်ပြိုင်ကစားကြရာ မြောက်ပိုင်းတိုင်းဌာနချုပ်ကိုယ်စားပြုအသင်းက အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းကို ငါးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါ အားကစားပြိုင်ပွဲများသို့ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

# မုန်းတိုင်းငယ် (Deep Depression) မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိသဖြင့် အဝါရောင်အဆင့်သတ်မှတ်



၂၀.၁၁.၂၀၂၂ ရက်နေ့ မြန်မာစံတော်ချိန် (၁၇:၃၀)နာရီအချိန် တိုင်းထွာချက်အရ မုန်တိုင်းငယ် လမ်းကြောင်းပြမြေပုံ




**နေပြည်တော် နိုဝင်ဘာ ၂၀**

ယနေ့မြန်မာစံတော်ချိန် ညနေ ၅နာရီခွဲ အချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင်ဖြစ်ပေါ်နေသောမုန်တိုင်းငယ် (Depression) သည် အနောက်မြောက်ဘက်သို့ရွေ့လျားခဲ့ပြီး မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့(Coco-Island)၏ အနောက်တောင်ဘက် ရေမိုင် ၅၂၀ ခန့် ဟိုင်းကြီးကျွန်းမြို့ (Haing-gyikyun)၏ အနောက်တောင်ဘက်ရေမိုင် ၆၃၀ ခန့် သီရိလင်္ကာနိုင်ငံ ဂျက်ဖ်နာမြို့ (Jaffna)၏ အရှေ့ဘက် ရေမိုင် ၃၂၀ ခန့်နှင့် အိန္ဒိယနိုင်ငံ ချင်းနိုင်မြို့ (Chen-nai)၏ အရှေ့တောင်ဘက်ရေမိုင် ၃၃၅ မိုင်ခန့်အကွာ ပင်လယ်ပြင်ကိုဗဟိုပြုနေပြီး မုန်တိုင်းငယ်(Depression)၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့်အခြေအနေ မရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

အဆိုပါမုန်တိုင်းငယ်၏ တည်နေရာ၊ ဗဟိုချက်လေဖိအားနှင့် လေတိုက်နှုန်းမှာ မြန်မာစံတော်ချိန် ညနေ ၅ နာရီခွဲအချိန်တွင် မြောက်လတ္တီကျူ ၁၀ ဒသမ ၃ ဒီဂရီနှင့် အရှေ့လောင်ဂျီကျူ ၈၅ ဒသမ ၃ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၁၀၀၅ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၃၀ နှုန်းခန့် ဖြစ်ပါသည်။

မုန်တိုင်းငယ် (Depression)သည် အနောက်-အနောက်မြောက်ဘက်သို့ ဖြည်းညင်းစွာရွေ့လျားနိုင်ပြီး နောက် ၄၈ နာရီအတွင်း အိန္ဒိယနိုင်ငံ တမီးလ်နာဒူးမြောက်ပိုင်း-ပူဒူချယ်ရီနှင့် အင်ဒရာပရာဒေ့ရှ် တောင်ပိုင်းကမ်းခြေအနီးသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

အဆိုပါ မုန်တိုင်းငယ်(Depression) ၏ အရှိန်ကြောင့် ယနေ့ညမှ နိုဝင်ဘာ ၂၁ရက်အတွင်း တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၇ ပေမှ ၉ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မုန်တိုင်းငယ်(Depres-sion)၏အရှိန်ကြောင့် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်းများဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနေထိုင်ကြပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ အသိပေးနှိုးဆော်ထားသည်။

# တရားမဝင်သစ်မျိုးစုံ၊ စားသောက်ကုန်၊ လူသုံးကုန်၊ လုပ်ငန်းသုံးများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၂၀**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၁၈ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးရှိ မြန်မာစက်မှုဆိပ်ကမ်းကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာနှစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာ (ID)တွင် ကြေညာထားခြင်းမရှိသည့် လျှပ်စစ်ပစ္စည်းများနှင့် လုပ်ငန်းသုံးစက်ပစ္စည်းများ ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၇၈၀၆၂၀ ကိုလည်းကောင်း၊ မြဝတီ-ဘားအံ-ရန်ကုန်သွားကားလမ်း အမှတ်(၁)လမ်းမကြီးနှင့်အမှတ်(၂)လမ်းဆုံ၊ မင်းလွင်ကုန်းကျေးရွာအနီး၌ မော်တော်ယာဉ်နှစ်စီးပေါ်တွင် သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသော လုပ်ငန်းသုံးစက်ပစ္စည်းများ ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၀၀၀၀၀၀ နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် နောက်တွဲယာဉ် နှစ်တွဲနှင့် Tractor Head နှစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၀၀၀၀၀၀၀ ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၂၇၈၀၆၂၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် ဆိပ်ကမ်းများ၏ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့ဦးဆောင်သော ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ လေဆိပ်ကုန်လှောင်ရုံ၌ သွင်းကုန်ကြေညာလွှာ (ID)တွင် ကြေညာထားသည်နှင့် ကွဲလွဲတင်သွင်းလာသည့် ကုန်ပစ္စည်း ၁၃ မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၆၄၆၀၀၀၀ ကိုလည်းကောင်း၊ ထီးတန်းဆိပ်ကမ်းကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာ (ID)တွင် ကြေညာထားခြင်းမရှိသည့် စတီးပစ္စည်းများ ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀ ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၄၆၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် မြိတ်-ထားဝယ်ကားလမ်းပေါက်တိုင်းတံတားစစ်ဆေးရေးဂိတ်၌ တာဝန်ကျပူးပေါင်းအဖွဲ့ကစစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ခရီးသည်တင်မော်တော်ယာဉ်တစ်စီးပေါ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် အလှကုန်ပစ္စည်းမျိုးစုံ ခန့်မှန်းတန်ဖိုးငွေကျပ်





၂၃၂၃၇၅၀၀ နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Scania Bus အမျိုးအစားမော်တော်ယာဉ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၀၀၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၈၂၃၇၅၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မွန်ပြည်နယ် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့သွားရောက်မည့်မော်တော်ယာဉ်တစ်စီးပေါ်၌သွင်းကုန်ကြေညာလွှာ (ID)တွင် ကြေညာထားခြင်းမရှိသည့်ကြွေပြားချပ်များ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၉၉၄၀၀ နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Hino Profia အမျိုးအစားမော်တော်ယာဉ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၁၄၉၉၄၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် နိုဝင်ဘာ ၁၉ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ကိုင်းမြို့နယ် တကောင်းရပ်ကွက် ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တရားဝင်စာရွက်စာတမ်းအထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် အေးခဲအမဲသား ပိဿာ ၆၀၀၀ ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ နိုဝင်ဘာ ၂၀ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်နှင့် တောင်ငူခရိုင်တို့အတွင်း တရားမဝင်သစ်မျိုးစုံ ၃ ဒသမ ၉၅၈၈ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၈၃၂၀၈ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ နိုဝင်ဘာ ၁၈ ရက်မှ ယနေ့ထိ ဖမ်းဆီးရမိမှု အမှုတွဲ ၁၇ မှုမှ ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၇၆၆၀၇၂၈ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

0 w Kw d @

# ခဏလေး စောင့်ပေးပါ

မယ်လေးခင်(မန္တလေး)




(၁)

ခြေထောက်တို့သည် တစ်လှမ်းလောက်ထပ်လှမ်းရန်ပင် ခွန်အားမရှိတော့ပေ။ ကမ်းစပ်မှဖြတ်လျှောက်လာရသည်မှာ အချိန်အကြာကြီးပင်။ ခေါင်းပေါ် ရွက်ထားသည့်အဝတ်ထုပ်သည် သဲမြေကိုဖြတ်လျှောက်လာရခြင်းကြောင့် ပိုလေးလံလာသည်။ တပေါင်း၊ တန်ခူးရောက်တိုင်း ညောင်ပင်သာရွာရှိ ကမ်းစပ်သည် သဲသောင်ပြင်တဖွေးဖွေးပင်။ ဧရာဝတီမြစ်ရေခန်းခြောက်မှုကြောင့် သဲမြေများက ပိုများနေသည်။ မိုးကြီးသည့်အချိန်ဆို ရွာထိ စက်လှေသွား၍လည်းရ၊ ရေကလဲ အိမ်ထိဝင်ပြီး အိမ်များမြုပ်ကုန်သည်။ နွေရောက်လျှင်တော့ ကမ်းစပ်မှ ရွာထိ တစ်မျှော်တစ်ခေါ်ဖြတ်လျှောက်ရတော့သည်။ ဒူးလောက်ထိနစ်ဝင်သွားသည့်သဲကို ကိုယ်လွတ်သာ ရုန်းလိုက်ချင်တော့သည်။ မြက်ခင်းပြင်ကို လှမ်းမြင်လိုက်ရသည်မို့ အေးသိန်းအားတက်သွားမိသည်။ သည်တစ်လှမ်းလောက်ထပ်လှမ်းပြီးလျှင် အေးသိန်း သွားချင်သည့်နေရာသို့ ရောက်တော့မည်ပင်။ လွမ်းလှသည့်နားခိုရာ ရင်ခွင်လေးဆီသို့ပင်။

(၂)

"နင်က အရီးတင်တင်ရဲ့သမီး အေးသိန်းလား"

အေးသိန်း စားပွဲရှေ့ထိုင်ရင်း လှမ်းမေးလာသည်မို့ ခေါင်းညိတ်ပြလိုက်သည်။

"နင့်မှာလဲ နေနိုင်တာဟယ်။ အမေကိုတောင် ပြန်လာကြည့်ဖော်မရဘူး"

"ကျွန်မ မအားသေးဘူးအန်တီ။ နှစ်လုံးထီ၊ ချဲထီရောင်းတာက ဂဏန်းမှားလို့မရဘူး"

တင်းမာပြတ်သားလွန်းသည့်အသံကြောင့် အန်တီကြီး ပါးစပ်ပိတ်သွားတော့သည်။ ရွာဘယ်နေ့ ပြန်မလဲ အန်တီ၊ လိပ်စာပေးခဲ့။ အန်တီကြီးပေးသည့်လိပ်စာကို ရေးမှတ်ထားလိုက်သည်။ အလုပ်ကို စိတ်ပြန်နှစ်ရင်း လုပ်စရာရှိသည်ကို ဆက်လုပ်နေလိုက်သည်။ လကုန်ရက်မို့ ထိုးသားများနှင့်လက်မလည်။ စာရင်းပိတ်တော့လည်း ငွေအရေအတွက်မှန်၊ မမှန်ပြန်စစ်ရပြန်သည်။ စာရင်းအားလုံးပြီးတော့ အိပ်ရေးဝအောင် အရင်အိပ်လိုက်သည်။ ညနေယောက်ျားပြန်လာလျှင် ဈေးလိုက်ပို့မည်ပြောထားသောကြောင့် အိပ်ရာနိုးလျှင် ရေချိုးပြီးစောင့်နေရန် စိတ်ကူးအစီအစဉ်ဆွဲလိုက်သည်။ အရင်တစ်ခါကလို လျှော်ပေးလိုက်ရသည်မျိုးမဖြစ်အောင်ပင်။ ငွေကျပ် ၁၅ သိန်းလျှော်ရမည်ဆိုတော့ အေးသိန်းတို့လင်မယားနှစ်ယောက် မကြံတတ်ကြ။ နောက်တော့ ယောက်ျားဖြစ်သူအသိက ကူညီပေးသည်ဆိုကာ ငွေကျပ် ၁၅ သိန်းရလာမှ အေးသိန်းအသက်ရှဲရှဲရှိရဲတော့သည်လေ။ အိပ်ရာထဲရောက်တော့ ဖုန်းဝင်လာသည့်အသံကြောင့် ထကိုင်လိုက်သော်-

"မိန်းမရေ မောင့်သူငယ်ချင်းက ချဲထီထိုးလို့ရသေးလားတဲ့"

"ရတယ်မောင်ရေ"

မောင့်သူငယ်ချင်းပေးသည့်ဂဏန်းကို ငွေကျပ် ၁၀၀၀၀ ဖိုး ပိုထိုးတင်လိုက်သည်။ ညနေချဲထီထွက်ချိန်နီးတော့ ရင်ခုန်ရပြန်သည်။ အိပ်မည့်စိတ်ကူးလည်း ပျက်သွားသည်မို့ လုပ်စရာရှိသည်ကိုလုပ်ရင်း ရေချိုးလိုက်သည်။ ဖုန်းမြည်သံသည် အဆက်မပြတ်။ မကိုင်မချင်းခေါ်နေမည်လားမသိ။ ရေချိုးနေရင်း ပြေးပြီးလာကိုင်တော့-

"အေးသိန်းရေ ချဲထီပေါက်တယ်ဟ"

ဝမ်းသာအားရဖြစ်နေသော မောင့်အသံသည် အပျော်များပါကူးလာစေသည်။ မောင့်သူငယ်ချင်းက ချဲပေါက်တယ်ဆိုတော့ အေးသိန်းတို့ပါ ပေါက်သည်။ ပျော်လိုက်သည့်ဖြစ်ခြင်း။ ကံတရားက အေးသိန်းကို မျက်နှာသာပေးပြီပင်။ အေးသိန်းတို့လင်မယားချဲထီမရောင်းတော့ ကုန်စုံဆိုင်ဖွင့်ကာ ဈေးရောင်းဖို့လုပ်ငန်းစသည်။ အိမ်နှင့်တွဲလျက် ဆိုင်ခန်းလေးဖွင့်လိုက်သည်။ ကံတရားက အေးသိန်းတို့ဘက် မျက်နှာသာပေးတုန်းရှာဖွေကြရမည်ပင်။ ဈေးရောင်းသည့်လုပ်ငန်းကလည်း အကျိုးပေးပြန်သည်။

"ဈေးရောင်းနေတာလား အေးသိန်း"

အရင်တစ်ခါကနှုတ်ဆက်ပြီး အမေ့ဆီ ဆက်သွယ်ရန်ပြောသည့် အန်တီကြီးပင်။ အမေ့အိမ်က အေးသိန်းထွက်လာကတည်းက အမေ့ဆီမပြန်ဖြစ်။

"ခဏလောက်စောင့်ပေးပါလားအန်တီ။ အမေ့အတွက် မုန့်နည်းနည်းလောက်ထည့်ပေးချင်လို့ပါ"

အမေကြိုက်သည့် ကော်ဖီအထုပ်သေး ၁၀ ထုပ်နှင့် မရွှေအထုပ်ကြီးတစ်ထုပ် ထည့်ပေးလိုက်သည်။ ကန်တော့ငွေ ၁၀၀၀၀ ထည့်ပေးရင်း အမေ့ကိုပေးပေးပါဟုပြောတော့ အန်တီကြီးမျက်နှာသည် အေးသိန်းကိုကြည့်နေသည်မှာမမြင်စဖူးမြင်ကွင်းကို မြင်တွေ့နေသူလိုဖြစ်နေသည်။ ထိုအန်တီကြီးထွက်သွားတော့ အေးသိန်းအတွေးတို့က အမေ့အိမ်တွင် နေခဲ့ရသည်တို့ကို ပြန်ရောက်သွားသည်။

(၃)

မမကြီးကလည်း သူ့အိမ်ထောင်နှင့်သူဖြစ်သွားပြီ။ ယခုက အလတ်မတစ်ယောက်ပင် အမေ့ကို ရှာကျွေးနေသည်။ အမေ့ကို အေးသိန်းရှာကျွေးနိုင်ပါသည်။ မမလတ်အတွက်ဆိုပြီး အရာရာကို ဦးစားပေးသည့် အမေ။ သည်နံနက် ပုစွန်ကြီးများချက်နေသည်ကို အသေအချာတွေ့ခဲ့သည်ပင်။ အေးသိန်းနေ့လယ်စာထမင်းချိုင့်မထုပ်တော့ဘဲ အိမ်ပြန်စားမည်ဆိုကာ ပြန်လာစားခြင်းပင်။ ဗိုက်ဆာဆာနှင့် အုပ်ဆောင်းကို ဖွင့်ကြည့်တော့ ချဉ်ရည်ဟင်းတစ်ခွက်သာတွေ့ရသည်။ အိမ်ရှေ့မှာထိုင်နေသည့် အမေ့ဆီ ထမင်းပန်းကန်ကိုင်ရင်း ပုစွန်ဟင်းအကြောင်းမေးတော့-

"ညည်းက စာအေးအေးဆေးဆေးသင်နေရတာ အေးသိန်းရယ်။ ချဉ်ရည်ဟင်းနဲ့စားပေါ့"

အမေ့စကားကြောင့် ထမင်းပန်းကန်ကို ပစ်ချရင်း မစားခဲ့။

"အေးသိန်း ထမင်းမစားတာ ဟင်းမပါလို့"ဟု အမေကပြောတော့ အစ်မဖြူဖြူက "အကျင့်ပါတယ် အမေ"ဟုဆိုကာ မကျွေး။ အမေ့ကိုရော အစ်မဖြူဖြူကိုပါ စိတ်နာမိသည်။

"အေးသိန်း နင်တို့အမေ အဝတ်အစားတွေဝယ်သွားတာ အလှဆုံးအရောင်တွေတဲ့၊ နှစ်စုံတဲ့"

အေးသိန်း အဝတ်အစားအသစ်မဝတ်ရသည်မှာ အတော်ကြာပြီပင်။ အမေဒီတစ်ခါတော့ အေးသိန်းအတွက်ပါ ဝယ်ပေးထားပုံပင်။ အတွေးတို့နှင့် အေးသိန်းပျော်နေမိသည်။ ဒီနှစ်တပေါင်းပွဲကို အဝတ်အစားအသစ်လေးနှင့် ဆင်နွှဲချင်သည်။ နေ့လယ်စာထမင်းကို ကျောင်းမှာပဲစားလိုက်တာကြောင့် အိမ်မပြန်ဖြစ်။ မိဝေကတော့ အိမ်ပြန်သည်မို့ အမေ အဝတ်အစားအသစ်များ ဝယ်ပေးသည်ကိုသိလာသည်ပင်။

အေးသိန်းအိမ်ပြန်ရောက်တော့ အမေထမင်းချက်နေသည်ပင်။ အဝတ်အစားလဲပြီး အမေ့ကို ရေကူခပ်ပေး၊ လုပ်စရာရှိတာလုပ်ပေးလိုက်သည်။ ကျောင်းကပြန်လာလာချင်း အဝတ်အစားရော မမေးရဲသည်မို့ အမေ့ရှေ့မှာ အမေမြင်အောင်အိမ်အလုပ်များ ကူလုပ်ပေးနေမိသည်။ အမေသည် အေးသိန်းကိုမြင်လျက်နှင့် အဝတ်အစားအသစ်ဝယ်ထားသည်ကို စကားမဟ။ အမေများမေ့နေသည်လားမသိ။ အမေ့ကို အေးသိန်း ဘယ်လိုမေးရပါ့။ အေးသိန်း တအားလည်းမြင်ချင်တွေ့ချင်လာသည်မို့ အမေ့ကို မေးဖို့ဆုံးဖြတ်လိုက်သည်။

"အမေ အဝတ်အစားဝမ်းဆက်နှစ်စုံဝယ်ခဲ့တယ်ဆို"

"အေးလေ ကြည့်ချင်လို့လား"

"ဟုတ်အမေ အေးသိန်းကြည့်ချင်တယ်"

အမေသည် သေတ္တာသော့ကိုဖွင့်ရင်း ဝယ်ထားသည့်ဝမ်းဆက်ကို ထုတ်ပြလေသည်။ အမျိုးအမည်မခေါ်တတ်သည့် အစလေးသည် ပိုးနှင့်ရက်လုပ်ထားသည့်ထင်။ ပန်းနုရောင်ကိုမှ ပန်းရောင်လည်းမကျတကျလှလိုက်သည့်ဖြစ်ခြင်း။

"အေးသိန်း ဒီအရောင်ယူမယ်အမေ"

"နှစ်စုံစလုံး နင့်အစ်မဖြူဖြူအတွက်ဟဲ့။ မြို့ပေါ်အလုပ်လုပ်ရတာ လူအမြင်တင့်အောင် သူက ဝတ်စားဆင်ယင်ရမှာ။ ညည်းက ဘယ်နေရာသွားပြီး အဝတ်အစားအသစ်ဝတ်မလို့လဲ"

"တပေါင်းပွဲရှိတယ်လေ အမေရ"

မျက်ရည်များကျလာသည့် အေးသိန်းကို အမေသည် မျက်စောင်းလှမ်းထိုးရင်း-

"မိဖြူဆီက ငါတောင်းပေးမယ် သူ့အကျႌတွေဝတ်ပေါ့"

အေးသိန်းမျက်လုံးတို့က ပန်းရောင်အစလေးဆီကိုသာ။ အေးသိန်းမဝတ်ရလျှင် အစ်မလည်းမဝတ်ရ။ အဝတ်စကိုပိုက်ရင်း မီးဖိုချောင်ဘက်ပြေးလာခဲ့လိုက်သည်။ ထရံမှာထိုးထားသည့် ကတ်ကြေးကို ဆွဲယူရင်း အဝတ်စကို ကိုက်ညှပ်လိုက်သည်။ အနောက်က ပြေးလိုက်လာသည့် အမေသည် အေးသိန်းဆံပင်ကို ဆောင့်ဆွဲရင်း အဝတ်စကို ပြန်လုနေပေသည်။ အေးသိန်းပါးကို အမေရိုက်ချလိုက်သည်ကြောင့် အေးသိန်းအမေ့ကို စိတ်နာသည်။ အမေ့အိမ်မှာ အေးသိန်းမနေချင်တော့။ အမေ့ကိုလည်း အေးသိန်း စကားမပြောတော့ပေ။

"အေးသိန်း ညနေကျရင် မိုးစက်တို့အိမ် လိုက်အုံးမလား။ မိုးစက်ကျောင်းထွက်ပြီး မြို့ပေါ်မှာ အလုပ်သွားလုပ်မလို့တဲ့။ မနက်စောစောထွက်တဲ့သင်္ဘောနဲ့သွားမှာ"

အေးသိန်းနှင့်မိဝေတို့ မိုးစက်ကို သွားတွေ့ကြသည်။

"ငါကောလိုက်လို့ရလား မိုးစက်"

"နောက်မနေနဲ့အေးသိန်းရယ်။ နင်တို့မှာ အစ်မဖြူဖြူရှာကျွေးနေတာ ဘာပူစရာလိုလို့လဲ"

အေးသိန်း မိုးစက်ကို ဘာမှပြန်မပြောဖြစ်တော့။ အေးသိန်းအတွေးတို့သည် မိုးစက်တို့အိမ်က ပြန်လာကတည်းက မြို့ကိုအလုပ်တက်လုပ်ချင်သည့်စိတ်သာကြီးစိုးနေတော့သည်။ အေးသိန်း ဆုံးဖြတ်ချက်တို့က မိုးလင်းလာလေ ပိုပြီး သေချာလာလေပင်။ နံနက်ရှစ်နာရီလောက်မှ ထတတ်သည့်အေးသိန်းကို အမေ သတိထားမိမှာမဟုတ်။ ဆုံးဖြတ်ချက်တို့နှင့် အမေ့အိမ်က ခိုးထွက်လာခဲ့သည်။ စက်လှေဆိပ်ရောက်တော့ မိုးစက်က အေးသိန်းကိုမြင်တော့ တအံ့တသြ။ အိမ်ပြန်သွားဖို့ပြောပေမဲ့ အေးသိန်းမပြန်ဖြစ်တော့။ စက်လှေခေါ်ဆောင်ရာမြို့ကြီးပြကြီးသို့။

(၄)

"သမီးလေးကိုတွေ့ချင်လိုက်တာ အစ်မလှရယ်။ သမီးဆီက ဘာမှမလိုချင်ပါဘူးရှင်။ ကျွန်မ နောင်တတွေလဲရပါတယ်။ သမီးအဖေကို မုန်းမိတဲ့ကျွန်မ၊ သူ့အဖေနဲ့တစ်ပုံစံတည်းတူတဲ့ သမီးအေးသိန်းကိုမြင်ရင် အလိုလိုမုန်းနေမိတာ။ ကျွန်မရဲ့အတ္တတွေကြီးပါတယ် အစ်မလှရယ်"

သမီးထည့်ပေးလိုက်သည့် ငွေနှင့် စားစရာသည် မကောင်းတတ်၍ ပေးလိုက်မှန်း နားလည်လိုက်သည်။ သမီးထွက်သွားတုန်းက သူ့အဖေဆီ လိုက်သွားတာနေမှာဟုတွေးကာ သမီးအကြောင်းမစုံစမ်းခဲ့။ သမီးကို မိုးစက်နှင့်အတူ မြို့ပေါ်မှာတွေ့လိုက်ကြသည်ဆိုသည့် စကားကြောင့် မိုးစက်တို့အိမ်သွားစုံစမ်းလိုက်မိသည်။ ရွာကထွက်သွားကတည်းက အတူတူ စီးပွားရှာကြသည်တဲ့။ မနှစ်က မင်္ဂလာဆောင်တာ မိဘတွေဆီ တောင်းရမ်းလက်ထပ်ယူပါ့မယ်ဆိုတော့ အေးသိန်းက ကျွန်မက မိဘမရှိတဲ့တစ်ကောင်ကြွက်ပြောရင်း လက်မှတ်ထိုးအကျဉ်းရုံးသာ လုပ်ခဲ့ကြသည်တဲ့လေ။ သမီးအကြောင်းကြားရတော့ အမေဖြစ်သူဒေါ်တင်တင် ရင်ထဲမကောင်းလှ။ သူ့အစ်မဖြူဖြူကတော့ သူ့အမှားများလည်းပါသည်ဆိုကာ အမေ့အိမ်ကို ညီမလေးသာ ပေးလိုက်ပါဟုဆိုလေသည်။

စာမျက်နှာ ၂၅သို့ ➤

# လောကချမ်းသာ အဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး၏ ဝန်ဆောင်မှုလုပ်ငန်းများကို မြန်မာနိုင်ငံသား ဗုဒ္ဓဘာသာဝင်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် အငှားချထားပေးမည်



**ရန်ကုန် နိုဝင်ဘာ ၂၀**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ လောကချမ်းသာအဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး၏ ဝတ္တုကံမြေပေါ်ရှိဝန်ဆောင်မှုလုပ်ငန်းများကို မြန်မာနိုင်ငံသားဗုဒ္ဓဘာသာဝင်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် တစ်နှစ်စာအငှားချထားပေးသွားမည်ဖြစ်ကြောင်း အဆိုပါရုပ်ပွားတော်မြတ်ကြီး ဂေါပကအဖွဲ့၏ သတင်းများအရ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ လောကချမ်းသာအဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီးတွင် ပြည်တွင်း၊ ပြည်ပဘုရားဖူးပြည်သူများ နေ့စဉ်မပြတ်လာရောက်ဖူးမြော်နေသည့် တန်ခိုးကြီးဘုရားတစ်ဆူဖြစ်ကြောင်း၊ ထို့ကြောင့် မင်းဓမ္မကုန်းတော်ဂေါပကအဖွဲ့အနေဖြင့် ဘုရားဖူးများအဆင်ပြေစွာဖူးမြော်နိုင်ရေးအတွက် ရုပ်ပွားတော်မြတ်ကြီး၏ ဝတ္တုကံမြေပေါ်ဘတွင် ယာဉ်ရပ်နားရန်၊ ဖိနပ်အပ်ရန်၊ ပန်းများလှူဒါန်းနိုင်ရန်၊ ငါးနှင့် လိပ်များကို ကုသိုလ်ယူအစာကျွေးမွေးနိုင်ရန်နှင့် ကျန်းမာရေးအတွက် သန့်စင်ခန်းများကို စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ယခုအခါ အဆိုပါဝန်ဆောင်မှုလုပ်ငန်းများကို ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်ထိ တစ်နှစ်စာလုပ်ကိုင်ခွင့်ကို မြန်မာနိုင်ငံသား ဗုဒ္ဓဘာသာဝင်များသို့ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် အငှားချထားပေးသွားရန် စီစဉ်ဆောင်ရွက်နေကြောင်း၊ တစ်နှစ်စာအငှားချထားပေးမည့်ဝန်ဆောင်မှုလုပ်ငန်းများမှာ မြောက်ဘက်ယာဉ်ရပ်နားကွင်း၊ တောင်ဘက် ယာဉ်ရပ်နားကွင်း၊ မြောက်ဘက် ဖိနပ်အပ်လုပ်ငန်း၊ တောင်ဘက် ဖိနပ်အပ်လုပ်ငန်း၊ တောင်ဘက်သန့်စင်ခန်း၊ မြောက်ဘက်သန့်စင်ခန်း၊ အရှေ့ဘက်သန့်စင်ခန်း၊ မြောက်ဘက်ပန်းအရောင်းဆိုင်၊ တောင်ဘက်ပန်းအရောင်းဆိုင်၊ ငါးနှင့် လိပ်အစာအရောင်းဆိုင်၊ မြောက်ဘက်စောင်းတန်းရှိ မြန်မာ့လက်မှုအနုပညာပစ္စည်းဆိုင်၊ တောင်ဘက်စောင်းတန်းရှိ မြန်မာ့လက်မှုအနုပညာပစ္စည်းဆိုင်နှင့် ကန်တော့ပွဲရောင်းချခြင်းလုပ်ငန်းတို့ဖြစ်ကြောင်း သိရသည်။

ဝန်ဆောင်မှုလုပ်ငန်းများအတွက် တင်ဒါအဆိုပြုလွှာနှင့် စည်းကမ်းချက်များကို ဂေါပကအဖွဲ့ရုံးတွင် ဒီဇင်ဘာ ၁ ရက်မှစ၍ လာရောက်လျှောက်ထားနိုင်ပြီး ဒီဇင်ဘာ ၁၀ ရက်တွင် တင်ဒါပိတ်သိမ်းမည်ဖြစ်ကြောင်း သိရသည်။ (၃၃၆)

---

➤ စာမျက်နှာ ၂၄မှအဆက်

"ကျွန်မအကြောင်းကို မေးသေးလားအစ်မလှ"

"မမေးပါဘူးဟယ် အမေမွေးလို့ လူဖြစ်လာတာမို့သာ ပေးလိုက်တာတဲ့။ စိတ်နာလွန်းလို့ အမေလို့မခေါ်ချင်ဘူးတဲ့ဟယ်။ ငါလဲ ညည်းအမေမဟာဘူးပြောတော့ ကျွန်မက သူ့သမီးမဟုတ်ဘူးတဲ့"

သမီးအေးသိန်းက တင်တင်ဆိုသည့် ကျွန်မကို အမုန်းကြီးမုန်းသွားခဲ့ပြီပင်။ သမီးထွက်သွားကတည်းက ဒေါ်တင်တင်တစ်ယောက် အရင်လိုမပျော်ရွှင်တော့။ ဘာဝယ်ဝယ် သမီးအတွက် ပိုဝယ်ခဲ့ဖြစ်သည်။ သမီးလေး စိတ်ကောက်ပြေရင် ပြန်လာမည်ဟုသာ ဒေါ်တင်တင်တွေးခဲ့သည်။ အစ်မလှပြန်သွားတော့ ဒေါ်တင်တင် အရင်ကထက် ပို၍ သမီးကိုလွမ်းဆွတ်မိသည်။ နေ့နေ့ညညရှင်သန်ရသည်က ပင်ပန်းလာသလိုပင်။ စိတ်ကိုလျှော့လိုက်တော့သည်။ ဒီတစ်သက် ဒေါ်တင်တင် သမီးကို မမြင်ရတော့။

အိမ်ပေါ်တက်လာသည့် ခြေသံနှင့် စကားပြောသံများကြောင့် ဒေါ်တင်တင် ခေါင်းငဲ့ကြည့်လိုက်သည်။ သမီးကြီးနှင့်သမီးလတ်ဖြူဖြူ။ သမီးငယ်များပါလေမလား အနောက်ကို မျှော်လင့်တကြီးကြည့်လိုက်သည်။

"အမေရယ် အစားလဲစားပါအုံး။ အငယ်မကို သွားခေါ်လာခဲ့ပါ့မယ်"

ဒေါ်တင်တင့်လက်ကိုဆုပ်ကိုင်ကာ ပြောလာသည့်သမီးဖြူဖြူ။ သမီးဖြူဖြူလည်း ယောက္ခမအိမ်မှာလိုက်နေတာကြောင့် တစ်အိမ်လုံးမှာ ဒေါ်တင်တင် တစ်ယောက်တည်းသာ။

"နေပါစေသမီးရယ်။ သမီးငယ်က အမေ့ကိုစိတ်နာနေပြီဆိုတာ အမေသိပါတယ်"

ဒေါ်တင်တင် ဘယ်သူ့ကိုမှစကားမပြောချင်တော့။ အစားလည်း မစားချင်တော့ စိတ်ကိုသာ လျှော့ချလိုက်တော့သည်။

(၅)

"မိန်းမရေ မင်းအစ်မဖြူဖြူရောက်နေတယ်"

အစ်မဖြူဖြူဆိုသည့်အသံကြောင့် အေးသိန်း သနပ်ခါးလိမ်းနေရာမှ သေတ္တာဖွင့်ကာ ရှိသမျှရွှေများအကုန်ထုတ်ဝတ်လိုက်သည်။ အကောင်းဆုံးဆိုသည့် အဝတ်အစားကိုဝတ်လိုက်သည်။ မာနကြောင့် အေးသိန်းမျက်နှာသည် တင်းမာလျက်။

"လှလို့ပါလား ညီမလေး"

အစ်မဖြူဖြူသည် ထိုင်ရာမှထကာ အေးသိန်းကို လောကွတ်ပြုနေပြန်သည်။

"ကျွန်မအိမ်ဘာလို့လာတာလဲ အစ်မဖြူဖြူ။ အမေ့အကြောင်းဆိုရင် မသိချင်ဘူး။ ပြန်လိုက်တော့အစ်မ"

အိမ်ထဲပြန်လှည့်ဝင်လာသည့် ကျွန်မကိုကြည့်ရင်း ယောက်ျားဖြစ်သူကိုမိုးစက်ကတော့ အစ်မဖြူဖြူကို အားနာသည့်ထင်။ စကားထိုင်ပြောနေသည်။ အေးသိန်းကတော့ အစ်မဖြူဖြူမပြန်မချင်း အိမ်ထဲကမထွက်ဘဲ ဖုန်းထိုင်ပွတ်နေလိုက်သည်။ အစ်မဖြစ်သူပြန်သွားတော့ အမေ့အကြောင်း ပြန်ပြောပြဖို့ပြင်နေသည့် ယောက်ျားဖြစ်သူကို နားမထောင်ချင်ဘူးဟုသာ ပြောလိုက်မိသည်။ နောက်ထပ်လည်း ရှာက အမေ့အကြောင်းတွေ သယ်မလာနဲ့ဟုသာ အပြတ်ပြောလိုက်သည်။

"ယောက်ျားရေ အေးသိန်းမီတာခသွင်းရင်း ဈေးကြီးဘက်သွားအုံးမယ်"

ဈေးထဲဝယ်စရာရှိသည်များဝယ်ရင်း အချိန်ပင်အတော်ကုန်သွားသည်။ အေးသိန်းပြန်လာတော့ ယောက်ျားဖြစ်သူကိုမတွေ့။ သေချာကြည့်မှ ဖုန်းပြောနေသည်ကို တွေ့လိုက်ရသည်။ အသာလေးခြောက်လှန့်မည် အတွေးနှင့် တိတ်တိတ်လေးကပ်သွားမိသည်။ အေးသိန်းဆိုသည့် သူ့နာမည်ပါလာသည်ကြောင့် ရပ်နားထောင်မိသည်။

"အေးသိန်းကို သူ့အစ်မဖြူဖြူကိုယ်တိုင်လာပြောကတည်းက အမေဆီသွားဖို့ တိုက်တွန်းပါတယ်။ ပိုက်ဆံ ၁၅ သိန်းကလဲ အေးသိန်းအမေပေးတာလို့ ဖွင့်ပြောဖို့ခဏခဏစဉ်းစားတယ်။ ဖွင့်ပြောဖို့ကြိုးစားပြီး အမေလို့ စကားစလိုက်တာနဲ့ ပြောခွင့်မပေးတာ။ ဆိုင်ခန်းအတွက်လိုတုန်းကလဲ အေးသိန်းအမေနဲ့ အစ်မတွေက ၁၀ သိန်းထပ်ပို့ပေးတာ အေးသိန်းမသိဘူး"

ကြားလိုက်ရသည့်စကားတို့ကို အေးသိန်းမယုံချင်။ အမေသည် အေးသိန်းအပေါ် အဲဒီလိုကောင်းမည့်အမေမဟုတ်ဟု အေးသိန်းတွေးသည်၊ ထင်သည်။ ပစ္စည်းများကိုပစ်ချရင်း အေးသိန်းထိုင်ချလိုက်မိသည်။

"မိန်းမ မင်းကြားသွားပြီလား"

ယောက်ျားဖြစ်သူပြောပြနေသည့် အမေ့ကျေးဇူးများ၊ ကူညီမှုများက အမေက ပေးခဲ့သည်တဲ့လား။ အေးသိန်းအပေါ် အချစ်မပျက်သည့်အမေ့ကို အေးသိန်းက ပိုက်ဆံရှိမှလာပတ်သက်သည်ထင်ကာ ကော်ဖီလေး ၁၀ ထုပ်၊ ငွေကျပ် ၁၀၀၀၀ လောက်သာမကောင်းတတ်၍ ပေးခဲ့သည်။ အမေကတော့။

"အေးသိန်း အမေ့ဆီသွားမယ်ယောက်ျား"

အမေကြိုက်တတ်သည့်ကော်ဖီများ၊ မုန့်များ၊ အဝတ်စများဝယ်ပြီး အမေ့ဆီထွက်ခဲ့လိုက်သည်။ မရောက်တာကြာပြီဖြစ်သည့်အမေ့ရွာ။ မြစ်ရေခန်းခြောက်မှုကအလွန်အမင်း။ မလျှောက်တာကြာပြီဖြစ်သည့် သဲမြေတို့ကိုဖြတ်ကျော်ရင်း အေးသိန်းအဖျားများကြီးပြီး ကယောင်ကတမ်းဖြစ်ကာ မြို့ဆေးရုံပို့ရမည်ဆိုတုန်းက သည်သဲသောင်ပြင်ကို အေးသိန်းကိုပိုးထားရင်း အမေရအောင်ဖြတ်လျှောက်ခဲ့သည်ပင်။ မြက်ခင်းစိမ်းစိမ်းကိုဖြတ်လျှောက်တော့ ရွာဘက်ဆီက ကြေးစည်သံက အချိန်အခါမဟုတ် လွင့်ပျံ့လာလေသည်။

"ဘုရား မဟုတ်ပါစေနဲ့"

အေးသိန်း ရွာကို အပြေးပြေးလာခဲ့မိသည်။ ရွာတန်းရှည်လူအုပ်ကြီးရှေ့တွင် မမကြီးနှင့်အစ်မဖြူဖြူသည်ငိုရှိုက်ရင်း။

"အို. . . မဟုတ်တာ"

အမေ့ရင်ခွင်ထဲကိုနားခိုဖို့ အပြေးလာခဲ့သည့်အေးသိန်းကို နောင်တတွေနှင့်မထားရစ်ခဲ့ပါနဲ့။ အပြေးလာနေသည့်အေးသိန်းကို အမေဘာလို့ ခဏလေးမစောင့်ခဲ့တာလဲ။ အမေရေ အမေ။ အမေ့ကို တွေ့ရုံလေးသာတွေ့ခွင့်ရခဲ့သည်က အမေ့ရဲ့အသက်မရှိတော့တဲ့ အလောင်းတဲ့လားအမေရယ်။

---

## သူတော်ကောင်းနှင့် ပေါင်းခြင်းအကျိုး

- သူတော်သူမြတ် ဆည်းကပ်လေလျှင်
ဒုစရိုက်မှု မပြုအစဉ်
လူတော်လူကောင်း ဖြစ်ကြောင်းမှန်ပင်
တို့အများ မှတ်သားသည်းဘဝင်။

- သူတော်သူမြတ် ဆည်းကပ်ဖန်ဖန်
ပညာသုတ ကြွယ်ဝအမှန်
ပွဲလယ်အတွင်း ထင်လင်းဂုဏ်လျှံ
သူတော်ကောင်း တူပေါင်းမြတ်သုခံ။

- သူတော်သူမြတ် ဆည်းကပ်မှန်သော်
သုစရိုက်၌ ပျော်ပိုက်မွေ့လျော်
လောဘဒေါသ မောဟရည်ပျော်
သူမြတ်အား မှီထားအကျိုးနော်။

- သူတော်သူမြတ် ဆည်းကပ်ယုံကြည်
ဆွေတော်မျိုးကြား ထင်ရှားလိမ့်မည်
နတ်လူအံ့ရ ထူးစွဂုဏ်ရည်
သင်းပျံ့မွှေး လေသွေးတိုင်းရပ်ချီ။

- သူတော်သူမြတ် ဆည်းကပ်လျှင်ကွယ်
နောက်နောင်ဘဝ သုခပြည့်ကြွယ်
နတ်တို့ဘုံနန်း စံမြန်းကာရယ်
သုဂတိ ရောက်ရှိမှန်တကယ်။

- သူတော်သူမြတ် ဆည်းကပ်သူငါ
သူမြတ်တရား နာကြားရင်းသာ
နတ်ဘုံဆင့်ဆင့် ကြာမြင့်ရှည်စွာ
သက်တမ်းစေ့ မရွေ့တည်လိမ့်မှာ။

- သူတော်သူမြတ် ဆည်းကပ်ပျော်နေ
ချမ်းသာဆင်းရဲ မခွဲမိတ်ဆွေ
ကောင်းမှုမြတ်နိုး ကောင်းကျိုးဝေဝေ
ဒုက္ခပေါင်း လွတ်ကြောင်းမှန်မသွေ။ ။

**စိုင်းနေဝန်း**

---

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

# နယူးယောက်ပြည်နယ်တွင် နှင်းမုန်တိုင်းတိုက်ခတ်မှုကြောင့် လူနှစ်ဦးသေဆုံး



**ဝါရှင်တန် နိုဝင်ဘာ ၂၀**

အမေရိကန်နိုင်ငံ နယူးယောက်ပြည်နယ်တွင် နိုဝင်ဘာ ၁၉ ရက်က နှင်းမုန်တိုင်းဝင်ရောက်တိုက်ခတ်မှုကြောင့် လူနှစ်ဦးသေဆုံးကာ လမ်းပိတ်ဆို့မှုများ ဖြစ်ပေါ်ခဲ့သလို လမ်းမကြီးတချို့ကို ယာယီပိတ်ထားရကြောင်း နယူးယောက်ပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု US News သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

နှင်းမုန်တိုင်းကြောင့် နယူးယောက်ပြည်နယ် အနောက်ဘက်ပိုင်းရှိ မြို့များတွင် နှင်းထူထပ်စွာကျဆင်းလျက်ရှိနေပြီး ဒေသခံနှစ်ဦးသေဆုံးသွားခဲ့ကြောင်း၊ ဆီးနှင်းများထူထပ်စွာကျဆင်းမှုကြောင့် လမ်းပိတ်ဆို့မှုများ ဖြစ်ပေါ်နေသည့်အတွက် အသွားအလာကန့်သတ်မှုပြုလုပ်ထားကြောင်း နယူးယောက်ပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။ နှင်းထူထပ်စွာကျဆင်းမှုကြောင့် နယူးယောက်ပြည်နယ် အနောက်ဘက်ပိုင်းရှိ အီရီရေကန်နှင့် အွန်တာရီယိုရေကန်တွင် နှင်းထုမှာ ၃ ပေမှ ၅ ပေထိမြင့်တက်နေကြောင်း အမေရိကန်အမျိုးသားမိုးလေဝသစင်တာက ထုတ်ပြန်ခဲ့သည်။

"နှင်းမုန်တိုင်းဝင်ရောက်တိုင်း မတော်တဆဖြစ်စဉ်တွေ မကြာခဏဖြစ်ပေါ်ခဲ့သလို မတော်တဆမှုတွေကြောင့် သေဆုံးသူတွေလဲရှိခဲ့တယ်။ ဒေသခံတွေကိုလဲ ဆီးနှင်းထူထပ်စွာကျဆင်းတဲ့အချိန် လိုက်နာဆောင်ရွက်ရမဲ့ ညွှန်ကြားချက်တွေအတိုင်း လိုက်နာဆောင်ရွက်ဖို့ ညွှန်ကြားထားပါတယ်"ဟု အီရီကောင်တီအာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ မက်ခ်ပိုလန်ကက်ဇ်က ပြောကြားခဲ့သည်။

သို့သော်လည်း နှင်းမုန်တိုင်းကျရောက်ခဲ့ပြီးနောက် နယူးယောက်ပြည်နယ်တွင် ယာဉ်မတော်တဆမှု ၉၀ နှင့် လူဦးရေ ၂၉၀ ကို ကယ်ဆယ်ရေးဝန်ထမ်းများက ကယ်ထုတ်ပေးခဲ့ရကြောင်း နယူးယောက်ပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက အတည်ပြုခဲ့ကြောင်း သိရသည်။

**နိုင်းဆက်**

# COP 26 သဘောတူညီချက်နှင့် တိုးတက်မှုများ နောက်ပြန်ဆုတ်မည်ကို ဝန်ကြီးများ စိုးရိမ်လျက်ရှိ

**ကိုင်ရို နိုဝင်ဘာ ၂၀**

အီဂျစ်နိုင်ငံတွင် ကျင်းပလျက်ရှိသော ကုလသမဂ္ဂရာသီဥတုဖောက်ပြန်မှုဆိုင်ရာညီလာခံတွင် ယခင်နှစ်များက ပြုလုပ်ခဲ့သည့် ရာသီဥတုဆိုင်ရာ သဘောတူညီချက်နှင့် တိုးတက်မှုများကို နောက်ပြန်ဆုတ်သွားစေနိုင်သဖြင့် ဝန်ကြီးများက စိုးရိမ်လျက်ရှိကြောင်း ဝါရှင်တန်ပို့စ်သတင်းဌာနက နိုဝင်ဘာ ၁၉ ရက်တွင် ရေးသားဖော်ပြထားသည်။

ကနေဒါ၊ နယူးဇီလန်နှင့်နော်ဝေနိုင်ငံမှ ဝန်ကြီးများသည် ယခင်နှစ်စကော့တလန်၌ ကျင်းပခဲ့သော ကုလသမဂ္ဂရာသီဥတုဖောက်ပြန်မှုဆိုင်ရာညီလာခံ(COP 26)ကာလထိ ရရှိခဲ့သော ရာသီဥတုဆိုင်ရာ သဘောတူညီချက်တိုးတက်မှုများ နောက်ကြောင်းပြန်လှည့်ရန် နီးစပ်နေသဖြင့် စိုးရိမ်မှုများဖြစ်ပေါ်လျက်ရှိကြောင်း သတင်းစာရှင်းလင်းပွဲတစ်ခုတွင် ပြောကြားထားကြောင်း သိရသည်။

ကနေဒါသဘာဝပတ်ဝန်းကျင်ဝန်ကြီး Steven Guilbeault က အဆိုပါ သဘောတူညီချက်တွင် ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် ၎င်းတို့နိုင်ငံများ၏ ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုလျှော့ချရေးကို တိုးမြှင့် ဆောင်ရွက်ကြမည်ဖြစ်သော်လည်း ၁ ဒသမ ၅ ဒီဂရီထိ အပူချိန်လျှော့ချရေးကိုမည်ကဲ့သို့ ဆောင်ရွက်ကြမည်ကို ဝန်ကြီးများအနေဖြင့် ရှင်းရှင်းလင်းလင်းမဖော်ပြခဲ့ကြောင်း သိရသည်။

ကနေဒါ၊ နယူးဇီလန်၊ နော်ဝေနိုင်ငံတို့မှ ဝန်ကြီးများသည် ရာသီဥတု ဖောက်ပြန်မှုဒဏ်ကြောင့် ဆင်းရဲသောနိုင်ငံများတွင် ကြုံတွေ့နေရသော ပျက်စီးဆုံးရှုံးမှုများကို ကာမိစေရန်အတွက် ရန်ပုံငွေအစီအစဉ်တစ်ခုဖန်တီးရန် သဘောတူညီချက်တွင် ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရေး သဘောတူညီချက်ကို နောက်ကွယ်မှပံ့ပိုးကူညီခဲ့ကြကြောင်း သိရသည်။

ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကြောင့် ထိခိုက်နစ်နာမှုများနှင့်ပတ်သက်၍ ချမ်းသာသောနိုင်ငံများက ဆင်းရဲသောနိုင်ငံများတွင် ကြုံတွေ့နေရသော ပျက်စီးဆုံးရှုံးမှုများကို လျော်ကြေးပေးရမည့် ရန်ပုံငွေတစ်ရပ်ထူထောင်ရေးကိစ္စသည် COP27 ညီလာခံတွင် အပြင်းအထန် အချေအတင်ဖြစ်နေသော ပြဿနာများထဲမှတစ်ခုဖြစ်ကြောင်း သိရသည်။

ဥရောပသမဂ္ဂအဖွဲ့ဝင် ဝန်ကြီးများအနေဖြင့် အမေရိကန်၊ တရုတ်၊ ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် ဆွေးနွေးညှိနှိုင်းပြီး သဘောတူညီမှုတစ်ခုရရှိရန် ဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားခဲ့ပြီး ဆွေးနွေးပွဲကို နိုဝင်ဘာ ၁၈ ရက်တွင် အဆုံးသတ်ရန် မျှော်မှန်းခဲ့ကြသော်လည်း ယခုသီတင်းပတ်ကုန်သည်ထိ ဆက်လက်ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

AZH

# နယူးဇီလန်နိုင်ငံ တာရာနာကီနယ်မြေတွင် လေဆင်နှာမောင်းဝင်ရောက်တိုက်ခတ်

**ဝယ်လင်တန် နိုဝင်ဘာ ၂၀**

နယူးဇီလန်နိုင်ငံ တာရာနာကီနယ်မြေတွင် နိုဝင်ဘာ ၁၉ ရက်က အားကောင်းသည့် လေဆင်နှာမောင်း ဝင်ရောက်တိုက်ခတ်သဖြင့် အဆောက်အအုံတချို့ ပျက်စီးခဲ့ကြောင်း တာရာနာကီနယ်မြေ အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု Stuff သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် တာရာနာကီနယ်မြေတွင် လျှပ်စစ်မီးပြတ်တောက်မှုများဖြစ်ပေါ်နေပြီး တူရန်ဂီလမ်းတစ်လျှောက် အခြေခံအဆောက်အအုံတချို့ အိမ်ခေါင်မိုးများလန်ကျသဖြင့် မီးသတ်တပ်ဖွဲ့ဝင်နှင့် ကယ်ဆယ်ရေးဝန်ထမ်းများက အပျက်အစီးများကို ရှင်းလင်းမှုများပြုလုပ်ပေးနေကြောင်း သိရသည်။

"လေဆင်နှာမောင်းကြောင့် ဓာတ်တိုင်တွေ လဲကျခဲ့ပြီးတော့ လျှပ်စစ်မီးပြတ်တောက်မှုတွေဖြစ်ပေါ်နေပါတယ်။ သက်ဆိုင်ရာက လျှပ်စစ်မီး အမြန်ပြန်ရဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ထိခိုက်ဒဏ်ရာရရှိသူမရှိခဲ့သလို သေဆုံးသူလဲမရှိခဲ့ပါဘူး။ အခြေခံအဆောက်အအုံတချို့တော့ ပျက်စီးခဲ့ပါတယ်"ဟု တာရာနာကီရဲတပ်ဖွဲ့မှပြောရေးဆိုခွင့်ရှိသူ ရဲအရာရှိတစ်ဦးက ပြောကြားခဲ့သည်။



လေဆင်နှာမောင်းကြောင့် အပျက်အစီးများ ရှိခဲ့သော်လည်း ထိခိုက်ဒဏ်ရာရရှိသူ မရှိခဲ့သလို သေဆုံးသူလည်းမရှိခဲ့ပေ။ လေဆင်နှာမောင်း ဝင်ရောက်ရာလမ်းကြောင်းတစ်လျှောက်ရှိ စိုက်ခင်းများမှ ကင်းတဲများ၊ မွေးမြူရေးခြံများ ပျက်စီးခဲ့သဖြင့် သက်ဆိုင်ရာခြံပိုင်ရှင်များက ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်ကြောင်း တာရာနာကီရဲတပ်ဖွဲ့က ထုတ်ပြန်ခဲ့သည်။

ပျက်စီးခဲ့သော မွေးမြူရေးခြံများမှာ အာမခံထားရှိပြီးဖြစ်သည့်အတွက် သက်ဆိုင်ရာအာမခံကုမ္ပဏီက လျော်ကြေးပေးဆောင်သွားမည်ဖြစ်ကြောင်း တာရာနာကီ အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

**နိုင်းဆက်**

# ဩစတြေးလျနိုင်ငံ၏ စွမ်းအင်နှင့် လောင်စာကဏ္ဍဆိုင်ရာမူဝါဒများက ကုလသမဂ္ဂရာသီဥတုဖောက်ပြန်မှုတိုက်ဖျက်ရေးမူဝါဒများနှင့် ကိုက်ညီမှုမရှိဟုဆို

**ကင်ဘာရာ နိုဝင်ဘာ ၂၀**

ဩစတြေးလျနိုင်ငံသည် အီဂျစ်နိုင်ငံတွင်ကျင်းပသွားခဲ့သည့် ကုလသမဂ္ဂရာသီဥတုဖောက်ပြန်မှုဆိုင်ရာညီလာခံ(COP27)သို့ကိုယ်စားလှယ်တော်များစေလွှတ်ကာ ဩစတြေးလျနိုင်ငံ၏ ရာသီဥတုဖောက်ပြန်မှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို အလေးထားဆောင်ရွက်သွားရန် ဆွေးနွေးမှုများပြုလုပ်ခဲ့သော်လည်း ဩစတြေးလျနိုင်ငံ၏ စွမ်းအင်နှင့်လောင်စာကဏ္ဍဆိုင်ရာမူဝါဒများသည် ကုလသမဂ္ဂရာသီဥတု ဖောက်ပြန်မှုတိုက်ဖျက်ရေးမူဝါဒများနှင့်ကိုက်ညီမှုမရှိကြောင်း ဩစတြေးလျနိုင်ငံ Climate Council က ဝေဖန်ထောက်ပြခဲ့သည်ဟု SBS သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

ဩစတြေးလျနိုင်ငံ၏လောင်စာကဏ္ဍအတွက် သတ္တုမိုင်းတွင်းစီမံကိန်းများ၊ စွမ်းအင်ထုတ်လုပ်ကုန်သွယ်မှုစီမံကိန်းဆိုင်ရာမူဝါဒများသည် ရာသီဥတုဖောက်ပြန်မှုကို အထောက်အပံ့ဖြစ်စေသည့်အတွက် ၎င်းမူဝါဒများကို ကုလသမဂ္ဂရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေးဆိုင်ရာမူဝါဒများဖြင့် ကိုက်ညီမှုရှိအောင် ပြင်ဆင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း Climate Council က တိုက်တွန်းခဲ့သည်။

"ဩစတြေးလျနိုင်ငံဟာ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍထုတ်လုပ်မှုအပိုင်းမှာ အင်အားကြီးစူပါပါဝါနိုင်ငံဖြစ်တဲ့အကြောင်း တခြားနိုင်ငံတွေသိအောင် လုပ်ပြနေပါတယ်။ သန့်ရှင်းတဲ့စွမ်းအင်ထုတ်လုပ်မှုနဲ့သုံးစွဲမှုအပိုင်းမှာ တခြားနိုင်ငံတွေထက် သိသိသာသာမြင့်မားလာတဲ့ နိုင်ငံဖြစ်ပါတယ်။ ဒါပေမဲ့လဲ တစ်ဖက်ကပြန်ကြည့်ရင် အစိုးရပိုင်းအနေနဲ့ ကုလသမဂ္ဂရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေးဆိုင်ရာမူဝါဒနဲ့ ကိုက်ညီမှုမရှိတဲ့ မူဝါဒတွေကိုတော့ ပြန်လည်ပြင်ဆင်ရလိမ့်မယ်။ ဒါကို ပြင်ဆင်နိုင်မှ ရာသီဥတုဖောက်ပြန်မှုပြဿနာကို ထိရောက်စွာထိန်းချုပ်နိုင်မှာဖြစ်ပါတယ်"ဟု Climate Council မှ ပြောရေးဆိုခွင့်ရှိသူ နစ်ကီဟက်လေက ပြောကြားခဲ့သည်။

**နိုင်းဆက်**

# ၎က်ဖျားရောဂါ၊ အေအိုင်ဒီအက်စ်ရောဂါတို့ထက် လေထုညစ်ညမ်းမှုကြောင့်သေဆုံးသူ ပိုမိုများပြား

**တီဟီရန် နိုဝင်ဘာ ၂၀**

ကမ္ဘာပေါ်တွင် လေထုညစ်ညမ်းမှုကြောင့် သေဆုံးသူအရေအတွက်သည် ငှက်ဖျားရောဂါနှင့်အေအိုင်ဒီအက်စ်ရောဂါကြောင့် သေဆုံးသူအရေအတွက်ထက် ပိုမိုများပြားကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားခဲ့သည်ဟု TEHRAN TIMES သတင်းဌာနက နိုဝင်ဘာ ၁၉ ရက်က ရေးသားဖော်ပြထားသည်။

ဝင်ငွေနည်းနိုင်ငံများတွင် လေထုညစ်ညမ်းမှုကြောင့် အသက်ငါးနှစ်အောက်ကလေးငယ် သေဆုံးနိုင်ခြေမှာ ဝင်ငွေမြင့်နိုင်ငံများထက် ပိုမိုကြောင်း၊ လေထုညစ်ညမ်းမှုကြောင့် သေဆုံးသူဦးရေမှာ ငှက်ဖျားရောဂါနှင့် အေအိုင်ဒီအက်စ်ရောဂါကြောင့် သေဆုံးသူများထက်လည်း ပိုမိုများပြားကြောင်း သိရသည်။

အသက်ငါးနှစ်အောက်ကလေး သေဆုံးမှု၏ ငါးရာခိုင်နှုန်းခန့်နှင့် အသက် ၅၀ အထက် လူကြီးများ သေဆုံးမှု၏ ၁၀ ရာခိုင်နှုန်းသည် လေထုညစ်ညမ်းမှုကြောင့်ဖြစ်ပြီး အမျိုးသမီးများထက် အမျိုးသားများက သေဆုံးမှု ပိုမိုများပြားကြောင်း သိရသည်။

ထို့ပြင် PM 2.5 အမှုန်အမွှားကြောင့် အရွယ်မတိုင်မီသေဆုံးမှုသည် ဆယ်စုနှစ်တစ်ခုကျော်ကာလအတွင်း ၃၀ ရာခိုင်နှုန်းတိုးလာပြီး ကမ္ဘာပေါ်တွင် သေဆုံးသူ ၂ ဒသမ ၂ သန်းမှ ၂ ဒသမ ၉ သန်းထိ ရှိလာခဲ့ကြောင်း သိရသည်။

လေထုညစ်ညမ်းမှုသည် အရေးကြီးသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာအန္တရာယ်များထဲမှ တစ်ခုဖြစ်ကြောင်း အီရန်ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးဖြစ်သူ Abbas Shahsavani က ပြောကြားခဲ့ပြီး လေထုညစ်ညမ်းမှုကိုလျှော့ချခြင်းဖြင့် လေဖြတ်ခြင်း၊ နှလုံးရောဂါ၊ အဆုတ်ကင်ဆာနှင့် နာတာရှည်အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများနှင့်ဆက်စပ်ရောဂါများ၏ ဝန်ထုပ်ဝန်ပိုးကို လျှော့ချနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

AZH

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူး သက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့်ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများ အနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ၂၀၂၃ ခုနှစ် ဇန်နဝါရီလတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့် ပန်းမန်ပြပွဲပြိုင်ပွဲ ကျင်းပပြုလုပ်မည်



၂၀၁၉ ခုနှစ်က ကျင်းပခဲ့သည့် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့် ပန်းမန်ပြပွဲပြိုင်ပွဲ။

**ရန်ကုန် နိုဝင်ဘာ ၂၀**

၂၀၂၃ ခုနှစ် ဇန်နဝါရီလတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့် ပန်းမန်ပြပွဲပြိုင်ပွဲကို စည်ကား သိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ သတင်းများအရ သိရသည်။

အဆိုပါပြပွဲပြိုင်ပွဲကို ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂ ရက်မှ ၈ရက်ထိ ရန်ကုန်မြို့ ကန်တော်ကြီးသဘာဝဥယျာဉ်၊ မဟာမြိုင်ကျွန်း၊ ဆင်ဖြူတော်ရုပ်တုများအနီးတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ယခုအခါ အဆိုပါ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့် ပန်းမန်ပြိုင်ပွဲကို အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေးအတွက် ပြပွဲပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ၊ အခမ်းအနားပြင်ဆင်ဆောင်ရွက်ရေးလုပ်ငန်းကော်မတီ၊ ဘဏ္ဍာရေးလုပ်ငန်းကော်မတီ၊ အကဲဖြတ်နှင့် ဆုချီးမြှင့်ရေးလုပ်ငန်းကော်မတီ၊ ပြန်ကြားရေး၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး လုပ်ငန်းကော်မတီ စသည့်လုပ်ငန်းကော်မတီများ ဖွဲ့စည်းဆောင်ရွက်နေပြီး ပန်းဝါသနာများအသင်းနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့မှ ပြိုင်ပွဲဝင်မည့်အသင်းများအား အသိပေးဖိတ်ခေါ်ရန် စီစဉ်ဆောင်ရွက်နေပြီဖြစ်သည်။

အဆိုပါ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့် ပန်းမန်ပြပွဲပြိုင်ပွဲတွင် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့်ပန်းမန်များ ပိုမိုစုံလင်စွာ ပြိုင်ပွဲဝင်ရောက်ပြသနိုင်ရေး၊ ပိုမိုပြည့်စုံစွာ ခင်းကျင်းပြသနိုင်ရေး၊ ပညာပေးအစီအစဉ်များ ပိုမိုဆောင်ရွက်ပေးနိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးကော်မတီနှင့် စိုက်ပျိုးရေးဦးစီးဌာနက ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲကို ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့်ပန်းမန်စိုက်ပျိုးရေးလုပ်ငန်းများကို အများပြည်သူစိတ်ဝင်စားမှု ဖြစ်လာစေရန်၊ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့် ပန်းမန် မျိုးကောင်းမျိုးသန့်များ ပြန့်ပွားဖြန့်ဝေဆောင်ရွက်ပေးနိုင်ရန်၊ ဟင်းသီးဟင်းရွက်သစ်သီးဝလံ ပန်းမန်စိုက်ပျိုးထုတ်လုပ်သူများ၏ လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံပန်းမန် စိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် နိုင်ငံတော်၏ စီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန် စသည့် ရည်ရွယ်ချက်များဖြင့်ကျင်းပပြုလုပ်နေခြင်းဖြစ်ကြောင်း သိရသည်။

(၃၃၆)

# သထုံမြို့နယ် ကျေးရွာနှစ်ရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**သထုံ နိုဝင်ဘာ ၂၀**

မွန်ပြည်နယ် သထုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သထုံမြို့နယ် ဗုဒ္ဓသစ္စာကျေးရွာ၊ လေသာကုန်းကျေးရွာတို့၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို ယနေ့နံနက် ၉ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သထုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာဝင်းစံ၊ သထုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညဏ်မိုးနိုင်နှင့်ဝန်ထမ်းများက ကုမ္ပဏီမှ တာဝန်ရှိသူများ၊ ကျေးရွာရေပေးရေးကော်မတီဝင်များနှင့်အတူ ဗုဒ္ဓသစ္စာကျေးရွာ၊ လေသာကုန်းကျေးရွာတို့၌ သောက်သုံးရေ ဖူလုံစွာရရှိရေးအတွက် စက်ရေတွင်းတူးဖော်ခြင်းနှင့်ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ဗုဒ္ဓသစ္စာကျေးရွာ၌ သောက်သုံးရေ ဖူလုံစွာရရှိရေးအတွက် အနက်ပေ ၄၀၀၊ အကျယ် လေးလက်မ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်း၊ ရေစက်ရုံအခန်းဖွဲ့ခြင်းနှင့် ခြံစည်းရိုးကာရံခြင်းလုပ်ငန်းနှင့် လေသာကုန်းကျေးရွာ၌ သောက်သုံးရေ ဖူလုံစွာရရှိရေးအတွက် အနက်ပေ ၄၀၀၊ အကျယ်လေးလက်မ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်း၊ ရေစက်ရုံအခန်းဖွဲ့ခြင်းနှင့် ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများကို ယခုဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၂၆ ဒသမ ၄၈ သန်းဖြင့် တင်ဒါအောင်မြင်သည့် Home Garden ကုမ္ပဏီက ဇွန်လ ပထမပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သထုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးညဏ်မိုးနိုင်က ပြောပြ၍ သိရသည်။

**သန်းလွင်(မကွေး)**

# ကမ္ဘာမြေ၏ ကျန်းမာရေးအခြေအနေ

ကိုငြိမ်းငယ်(ကျွန်းဒေါင့်)



လူသားတို့နေထိုင်ရာ ဤကမ္ဘာမြေကြီးသည် သက်ရှိများ အသက်ရှင်နေထိုင်နိုင်သော မြေထု (Lithosphere)၊ ရေထု (Hydrosphere)၊ လေထု (Atmosphere)တို့ဖြင့် အချိုးညီညီဖွဲ့စည်းတည်ရှိနေခြင်းဖြစ်သည်။ ကမ္ဘာကြီး၏ကျန်းမာရေးအခြေအနေကို မပြောပြသေးမီ ကမ္ဘာကြီး၏အကြောင်းကို အနည်းငယ် မျှဝေပြောပြချင်ပါသည်။ သက်ရှိလောကကြီး (Biosphere)သည် မြေထု၊ ရေထု၊ လေထုတို့အပေါ်တွင် မှီခိုရှင်သန်နေကြရသည်။ ဓာတ်ငွေ့များစွာဖြင့် ဖွဲ့စည်းထားသော လေထုက ကမ္ဘာမြေကြီးကို လွှမ်းခြုံပေးထားပြီး နေမှဖြာထွက်လာသော အပူရှိန်ကို တိုက်ရိုက်မကျရောက်နိုင်အောင် ဒိုင်းသဖွယ်ကာကွယ်ပေးထားလေသည်။ လူသားများနှင့် သက်ရှိအားလုံး အသက်ရှင်နေထိုင်နိုင်လောက်သော အပူချိန်ရရှိရန် ကမ္ဘာ့ရေထုက ချိန်ညှိပေးသည်။ လေထုလွှာကလည်း အောက်ဆီဂျင်ဓာတ်ငွေ့များကို ပံ့ပိုးပေးနေခြင်းကြောင့် သက်ရှိများ အသက်ရှင်သန်နေထိုင်နိုင်ခြင်းဖြစ်သည်။

နေအဖွဲ့အစည်း (Solarsystem)ထဲတွင် ကမ္ဘာမြေ (Earth)သည် သောကြာဂြိုဟ် (Venus)နှင့် အင်္ဂါဂြိုဟ် (Mars) တို့ကြား၌ တည်ရှိနေပါသည်။ သောကြာဂြိုဟ်၏ လေထုထဲတွင် ကာဗွန်ဒိုင်အောက်ဆိုက်များသာရှိနေခြင်းကြောင့် အလွန်ပူပြီး အင်္ဂါဂြိုဟ်ပေါ်တွင် ကာဗွန်ဒိုင်အောက်ဆိုက်မရှိသလောက် နည်းပါးခြင်းကြောင့် အလွန်အေးနေသည်ဟု ပညာရှင်များ၏ တွေ့ရှိချက်အရ မှတ်သားရသည်။ မည်သို့ပင်ဆိုစေ လူသားများနေထိုင်သော ကမ္ဘာမြေကြီးသည် ထိုဂြိုဟ်နှစ်ခုကြားတွင် မျှမျှတတ ဟန်ချက်ညီစွာဖြင့် လှလှပပတည်ရှိနေပါသည်။

ကမ္ဘာကြီးကို လေထုက အကာအကွယ်ပေးနေသော အဓိကအကျဆုံးအချက်တစ်ခုမှာ လေထု၏ အထက်ပိုင်းရှိ အိုဇုန်းလွှာက နေမှဖြာထွက်လာသော ခရမ်းလွန်ရောင်ခြည်များကို စုပ်ယူပေးထားခြင်းပင်ဖြစ်သည်။ ကမ္ဘာမြေပေါ်သို့ ခရမ်းလွန်ရောင်ခြည် တိုက်ရိုက်ကျရောက်မှု များပြားလာပါက အရေပြားကင်ဆာရောဂါများနှင့် အခြားသောရောဂါများစွာ ဖြစ်လာတတ်သည်။ လူသားတို့အသုံးပြုပြီး ထုတ်လွှတ်လိုက်သော ကလိုရိုဖလူရိုကာဗွန်ဓာတ်ငွေ့များ၊ ဆေးဖျန်းဘူးအမျိုးမျိုးမှထွက်ရှိသော ဓာတ်ငွေ့များနှင့် လေအေးပေးစက်များမှထွက်လာသော ဖရီယွန်ဓာတ်ငွေ့များသည် လေထုအတွင်းသို့ဝင်ရောက်ပြီး အိုဇုန်းလွှာကို ဖျက်ဆီးပစ်ကြသည်။ ထိုဓာတ်ငွေ့များနှင့် နေရောင်ခြည်တို့ ပေါင်းစည်းရာမှ ဖြစ်ပေါ်လာသော ကလိုရင်းမော်လီကျူးတစ်ခုသည် အိုဇုန်းမော်လီကျူး ထောင်ပေါင်းများစွာကို ဖျက်ဆီးပစ်နိုင်ပါသည်။

ကမ္ဘာမြေကြီးနှင့် လူသားတို့အပေါ် ကောင်းကျိုးပြုနေသော လေထုသည် ကမ္ဘာ့လူသားများ၏ သိပ္ပံနှင့်နည်းပညာများ ဖွံ့ဖြိုးတိုးတက်လာမှုကြောင့် သန့်စင်နေသောအခြေအနေမှ တဖြည်းဖြည်းပြောင်းလဲဆုတ်ယုတ်လာနေသည်။ ယနေ့ ယာဉ်အမျိုးမျိုးမှထွက်လာသောဓာတ်ငွေ့များ၊ စက်ရုံအမျိုးမျိုးမှ ထွက်လာသော ဓာတ်ငွေ့များ၊ ဓာတုပစ္စည်းမျိုးစုံတို့ကြောင့် လေထုညစ်ညမ်းမှု(Air Pollution) ဖြစ်ပေါ်နေပါသည်။ နေ့စဉ်နှင့်အမျှ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များ ထွက်ရှိနေခြင်းကြောင့် ကမ္ဘာ့လေထု၏အပူချိန်မြင့်မားလာပြီး ကမ္ဘာကြီးပူနွေးလာမှု (Global Warming) ဖြစ်ပေါ်လာပါသည်။ ကမ္ဘာကြီးပူနွေးလာမှု၏အကျိုးဆက်အနေဖြင့် သစ်တောများပြုန်းတီးခြင်း ဖြစ်ပေါ်လာသည်။ ထိုအခါ ကာဗွန်ဒိုင်အောက်ဆိုက်ကို စုပ်ယူသန့်စင်ပေးမည့် သစ်တောများ ပြုန်းတီးလာခြင်းကြောင့် လေထုနှင့်အတူ မြေထုပါညစ်ညမ်းလာသည်။

ထိုသို့ လေထုညစ်ညမ်းလာသောကြောင့် လေထုအတွင်းပါဝင်သော ဓာတ်ငွေ့အချိုးအစားမှာ ပြောင်းလဲလာသည်။ ထို့ကြောင့် ရာသီဥတုများလည်း သိသိသာသာ ဖောက်ပြန်ပြောင်းလဲလာသည်။ ကမ္ဘာပေါ်ရှိ အချို့နေရာများတွင် အက်စစ်မိုး(Acid Rain) ရွာသွန်းလာမှုကို မကြာခဏဆိုသလို တွေ့မြင်ကြားသိနေရသည်။ အက်စစ်မိုးများ ရွာသွန်းခြင်းဆိုသည်မှာ ဓာတုပစ္စည်း အညစ်အကြေးများကြောင့် သဘာဝထက်လွန်ကဲပြီး အက်စစ်ဓာတ်များနေသော နှင်းမှုန်များ၊ မိုးသီးများ၊ မိုးပေါက်များ ပုံစံအမျိုးမျိုးဖြင့် ရွာသွန်းခြင်းဖြစ်သည်။ ထိုမိုးရေများသည် လယ်ခင်း၊ ယာခင်းများတွင် စိုက်ပျိုးထားသော အပင်မှန်သမျှကို ပျက်စီးသွားစေသည်။ မြေဆီလွှာကို ပျက်စီးသွားစေသည့်အပြင် မြေထုညစ်ညမ်းမှုလည်း ဖြစ်လာရသည်။ အက်စစ်မိုးရေများ မြစ်၊ ချောင်း၊ အင်း၊ အိုင်များနှင့် ပင်လယ်ထဲသို့ ရောက်လာသောအခါ ရေထုညစ်ညမ်းပြီး ရေနေသတ္တဝါများ အဆိပ်သင့်ကာ သေဆုံးကြရသည်။ ယနေ့ ကမ္ဘာ့ရာသီဥတုဖောက်ပြန်ပြောင်းလဲလာခြင်းကြောင့် ဆောင်းရာသီတွင် အအေးလွန်ကဲမှုများဖြစ်ပေါ်လာနေပါသည်။ ကမ္ဘာအရပ်ရပ်၌ မိုးရာသီတွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်နေကြပြီး နွေရာသီရောက်လျှင်လည်း ရေရှားပါးမှုနှင့် အပူချိန်မြင့်တက်လာမှုများကို ခံစားနေကြရသည်။



ဟန်ချက်ပျက်လာသော ကမ္ဘာကြီးသည် ရာသီဥတုများလည်း ဖောက်ပြန်ပြောင်းလဲလာနေပါသည်။ ထိုသို့ ရာသီဥတုများ ဖောက်ပြန်ပြောင်းလဲလာခြင်းသည် သဘာဝပတ်ဝန်းကျင် ညစ်ညမ်းလာမှု၏ လက္ခဏာတစ်ရပ်ဖြစ်သည်။ လေထုအတွင်းရှိ မီးခိုးဓာတ်ငွေ့များ၊ ရေထုအတွင်းရှိ ဓာတုပစ္စည်းများနှင့် ကမ္ဘာမြေပေါ်ရှိ အစိုင်အခဲအသွင် စွန့်ပစ်ပစ္စည်းများသည် သဘာဝပတ်ဝန်းကျင်ကို ညစ်ညမ်းစေပြီး ကမ္ဘာမြေကြီး၏ ကျန်းမာရေးကို ထိခိုက်စေပါသည်။ ကမ္ဘာမြေကြီးအပေါ်တွင် ဆိုးကျိုးများကို သက်ရောက်စေသော သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုသည် အန္တရာယ်ကြီးသည့်အလျောက် ကိုင်တွယ်ဖြေရှင်းရန်လည်း ခက်ခဲလှပါသည်။ ထိုသို့ဖြေရှင်းရန် ခက်ခဲရခြင်း၏ အဓိကအကြောင်းရင်းမှာ သဘာဝပတ်ဝန်းကျင်ကို ညစ်ညမ်းမှုဖြစ်စေသောပစ္စည်းများသည် လူသားများအတွက် တစ်ဖက်တစ်လမ်းက အကျိုးပြုနေသည့် ပစ္စည်းများဖြစ်နေသောကြောင့်ဖြစ်သည်။

ဥပမာဆိုရသော် လေထုညစ်ညမ်းမှု၏ ရာခိုင်နှုန်းအတော်များများသည် လူသားတို့ စီးနင်းနေကြသည့် ယာဉ်အမျိုးမျိုးမှ ထုတ်လွှတ်သော မီးခိုးငွေ့များနှင့် သက်ဆိုင်နေပါသည်။ သို့ရာတွင် လူသန်းပေါင်းများစွာအတွက် သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုများကို ယာဉ်အမျိုးမျိုးက ပံ့ပိုးပေးလျက်ရှိနေပြန်သည်။ ထို့ပြင် စက်ရုံ၊ အလုပ်ရုံများမှ စွန့်ပစ်ပစ္စည်းများသည် သဘာဝပတ်ဝန်းကျင်ကို ညစ်ညမ်းသွားစေသည်မှာ အမှန်ဖြစ်သော်လည်း လူသားများစွာအတွက် အလုပ်အကိုင်အခွင့်အလမ်းများနှင့် အသုံးအဆောင်ပစ္စည်းမျိုးစုံကို ထုတ်လုပ်ပေးနေပြန်ပါသည်။ နောက်တစ်ခုအနေဖြင့် စိုက်ပျိုးရေးအတွက် ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများ အသုံးပြုခြင်းသည် မြေထုညစ်ညမ်းမှုကို တိုက်ရိုက်ဖြစ်ပေါ်စေသော်လည်း ပိုးမွှားအန္တရာယ်ကင်းစေရေးနှင့် သီးနှံအထွက်နှုန်း တိုးတက်စေရေးအတွက် အထောက်အပံ့ပေးနေပြန်ပါသည်။

ထို့ကြောင့် ကမ္ဘာမြေ၏ ကျန်းမာရေးအခြေအနေကို အစဉ်တိုးတက်ကောင်းမွန်စေရေးအတွက် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းစေမှုများကို လျှော့ချရန်နှင့် အဆုံးသတ်ရန် လိုအပ်ပါသည်။ နိုင်ငံအသီးသီး၏ အစိုးရများအနေဖြင့် ပြည်သူလူထုနှင့် စီးပွားရေးလုပ်ငန်းရှင်များအပေါ်တွင် အသိပညာများ မျှဝေပေးသင့်ပါသည်။ သဘာဝပတ်ဝန်းကျင်အပေါ် ညစ်ညမ်းစေသော လုပ်ဆောင်ချက်များကို လျှော့ချရေးနှင့် ရပ်တန့်ရေးတို့အတွက် ဥပဒေများပြဋ္ဌာန်းပေးခြင်း၊ ဥပဒေကို လိုက်နာစေခြင်း စသောလုပ်ငန်းစဉ်များကို ချမှတ်လိုက်နာကြရပါမည်။

မည်သို့ပင်ဆိုစေ သာမန်ထက်ပိုသော သဘာဝဘေးအန္တရာယ်များကို ကမ္ဘာအရပ်ရပ်တွင် နှစ်စဉ်နှစ်တိုင်း ကြုံတွေ့နေကြရသည်။ လူသားများအပါအဝင် သက်ရှိသတ္တဝါတို့၏ အသက်အိုးအိမ်စည်းစိမ်များနှင့် ပျက်စီးဆုံးရှုံးမှုများကို တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် ရင်ဆိုင်နေကြရပါသည်။ ထိုအရာများသည် သဘာဝကြောင့်ဖြစ်ခြင်းလား သို့မဟုတ် လူသားတို့၏လုပ်ဆောင်မှုကြောင့်ဖြစ်ခြင်းလားဟု မေးခွန်းထုတ်စရာပင်ဖြစ်သည်။ လူသားတို့၏ မဆင်မခြင်ပြုလုပ်ခြင်းတို့ကြောင့် နောက်ဆက်တွဲဖြစ်ပေါ်လာသော ဘေးအန္တရာယ်များကို သဘာဝဘေးအန္တရာယ်ဟု ခေါင်းစဉ်လှလှပေးပြီး အဆိုပါလုပ်ရပ်များကို ဖုံးကွယ်ကြရန် မသင့်လျော်ပေ။

လူသားများ နေထိုင်သော ကမ္ဘာမြေကြီး၏ ကျန်းမာရေးအခြေအနေကို မလိမ်ညာတမ်းပြောရမည်ဆိုလျှင် ချို့တဲ့နေသည်မှာ အမှန်ပင်ဖြစ်သည်။ နောင်လာမည့် လူသားအရင်းအမြစ်များ၏ လက်ထဲသို့ ဤကမ္ဘာမြေကြီးကို စိမ်းလန်းသန့်ရှင်းစွာဖြင့် လွှဲပြောင်းပေးအပ်ကြမည်လား သို့မဟုတ် ညစ်ညမ်းသောသဘာဝပတ်ဝန်းကျင်အဖြစ် ညှိုးငယ်စွာဖြင့် လွှဲပြောင်းပေးအပ်ကြမည်လားဆိုသည်ကိုမူ ကျွန်ုပ်တို့ လူသားတစ်ဦးချင်းစီက အဖြေပေးကြရမည်ဖြစ်သည်။

**ကိုးကား**

**- သဘာဝပတ်ဝန်းကျင် မောင်တင်ဦး (ရုက္ခ)**

**❖ ကမ္ဘာမြေကြီးနှင့် လူသားတို့အပေါ် ကောင်းကျိုးပြုနေသော လေထုသည် ကမ္ဘာ့လူသားများ၏ သိပ္ပံနှင့်နည်းပညာများ ဖွံ့ဖြိုးတိုးတက်လာမှုကြောင့် သန့်စင်နေသောအခြေအနေမှ တဖြည်းဖြည်းပြောင်းလဲဆုတ်ယုတ်လာနေသည်။ ယနေ့ ယာဉ်အမျိုးမျိုးမှထွက်လာသောဓာတ်ငွေ့များ၊ စက်ရုံအမျိုးမျိုးမှထွက်လာသောဓာတ်ငွေ့များ၊ ဓာတုပစ္စည်းမျိုးစုံတို့ကြောင့် လေထုညစ်ညမ်းမှု(Air Pollution) ဖြစ်ပေါ်နေပါသည်။ နေ့စဉ်နှင့်အမျှ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များ ထွက်ရှိနေခြင်းကြောင့် ကမ္ဘာ့လေထု၏ အပူချိန်မြင့်မားလာပြီး ကမ္ဘာကြီးပူနွေးလာမှု (Global Warming) ဖြစ်ပေါ်လာပါသည်။ ❖**

# (၇၈)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲစာမူများဖိတ်ခေါ်ခြင်း

၁။ ၂၀၂၃ ခုနှစ်၊ (၇၈)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်ပါသည်။ ဆုရရှိသော စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ဖော်ပြသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား မြဝတီမဂ္ဂဇင်း၊ ငွေတာရီမဂ္ဂဇင်းနှင့်တပ်မတော်စာစဉ်တို့တွင် ဖော်ပြပေးသွားမည်ဖြစ်ပါသည်။

၂။ **စာမူများတွင်ပါဝင်ရမည့်အချက်များ။**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်ကစပြီး တပ်မတော်သည် နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်ခဲ့သည့်အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့မှုများ၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခဲ့မှုများ၊ အနစ်နာခံမှုများစွာဖြင့် ပြည်တွင်း၊ ပြည်ပရန်ဟူသမျှကိုချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများ၊ နယ်ချဲ့ဆန့်ကျင်ရေးနှင့်ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့မှုများ။

(ခ) တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာသုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသားလုပ်ဆောင်ခဲ့မှုများ၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့် အားလျော်စွာ ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ ကြိုးပမ်းဆောင်ရွက်ခဲ့မှုများနှင့်လက်ရှိခေတ်ကာလတွင်ဆောင်ရွက်မှုများ၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန်နားချိန်မရှိဘဲ အချိန်ပြည့်တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်နေမှုများ။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆိုရေးသားနိုင်သည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း သတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများ ပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများဖြစ်ရမည်။

(ဃ) အသံသွင်းပြီးသီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန် အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(ဝါသနာရှင်/အလွတ်တန်း)စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) မြန်မာဂန္ထဝင်ကဗျာရေးထုံးနှင့်ကိုက်ညီသည့် ကဗျာဖြစ်ရမည်။

(ခ) ကဗျာတွင်ပါဒ ၃၀၀ မှ ၄၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (ဝါသနာရှင်အဆင့်)၊ (အလွတ်တန်းအဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ကဗျာ(ဝါသနာရှင်အဆင့်)နှင့် ကဗျာ(အလွတ်တန်းအဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူ ဦးအုံးဖေ စာပေဆု(ကဗျာ)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ်စာမူပြိုင်ပွဲများတွင် ကဗျာ (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည်စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့် ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန်ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။

(ဃ) ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက် မများစေရ။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသောလက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (စာလုံးအရွယ်အစား ၁၄) ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ကာ ခိုင်ခံ့သေသပ်စွာ ချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့်မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်း ဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏နေရပ်လိပ်စာအပြည့်အစုံနှင့်ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက် ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုဝန်ခံချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ပေးပို့ရမည်။

၁၁။ စာမူများပေးပို့ရာတွင် Copy ၃ စုံမပါရှိခြင်း၊ Soft Copy မပါရှိခြင်း၊ သီချင်းစီဒီများမပါရှိခြင်း၊ သက်ဆိုင်ရာဝန်ခံချက်များမပါရှိခြင်း၊ ကိုယ်ရေးအချက်အလက်များမစုံလင်ခြင်းနှင့် သတ်မှတ်ရက်အတွင်း အချိန်မီမရောက်ရှိသောစာမူများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၁၂။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (၁) ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (၂) ဒုတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (၃) တတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၄) စတုတ္ထဆု | ၄၀၀၀၀၀ | ကျပ် |
| (၅) ပဉ္စမဆု | ၃၀၀၀၀၀ | ကျပ် |

၁၃။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (၁) ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (၂) ဒုတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (၃) တတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၄) စတုတ္ထဆု | ၄၀၀၀၀၀ | ကျပ် |
| (၅) ပဉ္စမဆု | ၃၀၀၀၀၀ | ကျပ် |

၁၄။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (၁) ပထမဆု | ၅၀၀၀၀၀ | ကျပ် |
| (၂) ဒုတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (၃) တတိယဆု | ၃၀၀၀၀၀ | ကျပ် |
| (၄) စတုတ္ထဆု | ၂၀၀၀၀၀ | ကျပ် |
| (၅) ပဉ္စမဆု | ၁၀၀၀၀၀ | ကျပ် |

၁၅။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (၁) ပထမဆု | ၇၀၀၀၀၀ | ကျပ် |
| (၂) ဒုတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၃) တတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (၄) စတုတ္ထဆု | ၃၀၀၀၀၀ | ကျပ် |
| (၅) ပဉ္စမဆု | ၂၀၀၀၀၀ | ကျပ် |

၁၆။ **ဝတ္ထုတိုစာမူ ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (၁) ပထမဆု | ၆၀၀၀၀၀ | ကျပ် |
| (၂) ဒုတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၃) တတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (၄) စတုတ္ထဆု | ၃၀၀၀၀၀ | ကျပ် |
| (၅) ပဉ္စမဆု | ၂၀၀၀၀၀ | ကျပ် |

၁၇။ **ဝတ္ထုရှည်စာမူ ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (၁) ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (၂) ဒုတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (၃) တတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၄) စတုတ္ထဆု | ၄၀၀၀၀၀ | ကျပ် |
| (၅) ပဉ္စမဆု | ၃၀၀၀၀၀ | ကျပ် |

**ပြိုင်ပွဲကျင်းပရေးကော်မတီ**

# ပန်းတောင်းမြို့နယ် ကျေးရွာငါးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ပန်းတောင်း နိုဝင်ဘာ ၂၀**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာငါးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို နိုဝင်ဘာ ၁၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းသန်းဇော်၊ တာဝန်ခံအင်ဂျင်နီယာနှင့်ဝန်ထမ်းများက တမာကုန်းကျေးရွာ၌ အရှည်ပေ ၈၀၀ ရှိ ရေပိုက်လိုင်းသွယ်တန်းခြင်း၊ အလျား ရှစ်ပေ၊ အနံ ရှစ်ပေနှင့် အမြင့် ခုနစ်ပေရှိ ဆိပ်ခံဇော(Pontoon) တည်ဆောက်ခြင်း၊ အလျား ၁၅ ပေ၊ အနံ ၁၀ ပေနှင့် အမြင့်ခြောက်ပေရှိ ရေကန်တည်ဆောက်ခြင်း၊ စစ်တဝင်းကျေးရွာ၌ အရှည်ပေ ၆၀၀ရှိ ရေပိုက်လိုင်းသွယ်တန်းခြင်း၊ အလျား ရှစ်ပေ၊ အနံ ရှစ်ပေနှင့် အမြင့် ခုနစ်ပေရှိ ဆိပ်ခံဇော (Pontoon) တည်ဆောက်ခြင်း၊ အလျား ၁၅ ပေ၊ အနံ ၁၀ ပေနှင့် အမြင့်ခြောက်ပေရှိ ရေကန်တည်ဆောက်ခြင်း၊ ထန်းပင်ကွင်းကျေးရွာ၌ အရှည်ပေ ၆၀၀ ရှိ ရေပိုက်လိုင်းသွယ်တန်းခြင်း၊ အလျား ငါးပေ၊ အနံ ငါးပေနှင့် အမြင့် ခုနစ်ပေရှိ ရေစက်ရုံ၊ အလျား ၁၅ ပေ၊ အနံ ၁၀ ပေနှင့် အမြင့် ခြောက်ပေရှိ ရေကန်တည်ဆောက်ခြင်း၊ မြေဝါကုန်းကျေးရွာ၌ ဆိုလာရေတင်စနစ်ဖြင့် အရှည်ပေ ၁၉၀၀ ရှိ ရေပိုက်လိုင်းသွယ်တန်းခြင်း၊ အလျား ၁၀ ပေ၊ အနံ ၁၀ ပေနှင့် အမြင့် လေးပေရှိ စင်မြင့်ရေစင်တည်ဆောက်ခြင်းနှင့် လောင်းဇလီကျေးရွာ၌ အရှည်ပေ ၅၂၀၀ ရှိ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ရေရရှိရေးလုပ်ငန်းများကို



ပြည်ထောင်စု၊ တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေကျပ် စုစုပေါင်း ၇၀ ဒသမ ၆၉၄၈၅ သန်းဖြင့် သက်ဆိုင်ရာ ကုမ္ပဏီများက ဇွန်လဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံး ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **အေးသူ**

# စစ်ကိုင်းတိုင်းဒေသကြီး၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဂျုံသီးနှံဧက ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီး



ယခင်နှစ်က စိုက်ပျိုးခဲ့သည့် ဂျုံစိုက်ခင်းကို တွေ့ရစဉ်။

**မုံရွာ နိုဝင်ဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဂျုံသီးနှံဧက ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဂျုံသီးနှံဧက ၁၀၂၆၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင်၍ စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၁၂၉ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းရာသီကာလမှာ ဂျုံသီးနှံဧက ၁၀၀၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားတာ။ အခုလက်ရှိမှာတော့ ဧက ၁၀၀၀ ကျော် စိုက်ပြီးနေပြီ။ ဆက်ပြီးစိုက်ပျိုးနေကြပါတယ်။ ဒီနှစ်ဆောင်းရာသီမှာ ဂျုံသီးနှံကို တိုးစိုက်ဖို့ရှိပါတယ်။ ဂျုံသီးနှံစိုက်ပျိုးမှုအတိုး၊ အလျှော့ကတော့ ဈေးကွက်အပေါ် မူတည်တယ်။ ဈေးမြင့်ရင် ဂျုံသီးနှံကို တိုးချဲ့စိုက်ကြတယ်။ ဂျုံသီးနှံစိုက်ပျိုးမှုက တစ်နှစ်နဲ့တစ်နှစ် မကွာပါဘူး။ နှစ်စဉ် ဧက ၁၀၀၀၀၀ ကျော်လောက်တော့စိုက်တယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးအောင်ကြည်ဝင်းက ပြောပြသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဂျုံစိုက်ပျိုးမှုအနေဖြင့် ၂၀၁၈-၂၀၁၉ စိုက်ပျိုးရာသီတွင် ၁၁၄၁၆၁ ဧက၊ ၂၀၁၉-၂၀၂၀ စိုက်ပျိုးရာသီတွင် ၁၀၇၂၃၄ ဧက၊ ၂၀၂၀-၂၀၂၁ စိုက်ပျိုးရာသီတွင် ဂျုံသီးနှံ ၁၀၂၆၁၁ ဧကနှင့် ၂၀၂၁-၂၀၂၂ စိုက်ပျိုးရာသီတွင် ၉၇၈၈၅ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဂျုံသီးနှံစိုက်ပျိုးမှုအနေဖြင့် ဂျုံတစ်ဧကစိုက်ပျိုးလျှင် ကုန်ကျစရိတ်မှာ ငွေကျပ် ၃၀၀၀၀၀ ခန့်ရှိပြီး ဂျုံတစ်ဧကစိုက်ပျိုးပါက ၂၁ တင်း ထွက်ရှိကြောင်း သိရသည်။

ဂျုံစိုက်ပျိုးမှုအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးတွင် မော်လိုက်ခရိုင်၊ တမူးခရိုင်၊ ကလေးခရိုင်၊ ခန္တီးခရိုင်၊ နာဂဒေသ၊ မုံရွာခရိုင်၊ ယင်းမာပင်ခရိုင်၊ ရွှေဘိုခရိုင်၊ ကန့်ဘလူခရိုင်၊ စစ်ကိုင်းခရိုင်နှင့် ကသာခရိုင်တို့ဖြစ်ပြီး စစ်ကိုင်းခရိုင်နှင့် မုံရွာခရိုင်တို့တွင် အများဆုံးစိုက်ပျိုးကြကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးအောင်ကြည်ဝင်းက ပြောပြ၍ သိရသည်။ (၂၀၆)

# မင်းလှမြို့နယ် ဥယျာဉ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းလှ နိုဝင်ဘာ ၂၀**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများနှင့် မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ပန်းတော်ပြင်ကျေးရွာအုပ်စု ဥယျာဉ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေနဝမအကြိမ် ထုတ်ချေးပေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

ဈေးဦးစွာ မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လှိုင်သူဇာအောင်က မြစိမ်းရောင်ကျေးရွာ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လှိုင်သူဇာအောင်နှင့် ဝန်ထမ်းများက စီမံကိန်းရန်ပုံငွေများကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များထံလွှဲပြောင်းပေးအပ်ပြီး အဆိုပါကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း နဝမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၃ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၂၄ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၃၁ ဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၂၀၈ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၁၆ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကျော်စိုး**

**ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ ဖတ်ကြစို့**












**Long Style Beauty Saloon**

ဆေးဆိုး → *(30%) off*

ဝန်ထမ်းအလိုရှိသည်

- ခေါင်းလျှော်ကျွမ်းကျင် (၅)ဦး
- အလုပ်သင် (၅)ဦး
- ဆံပင်ညှပ်ဆရာ (၃)ဦး
(ယောကျ်ားလေးညှပ်ကျွမ်းကျင်)
- ဖုန်း/ 09-2053849

၃၇ လမ်း၊ ၇၅ × ၇၆ ကြား။

**သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း**

စစ်ကိုင်းတိုင်း၊ မြင်းမူမြို့၊ တပင်ရွှေထီးရပ်ကွက်နေ ဦးလှိုင်ဝင်း(ခ)ဦးရာကောက် - ဒေါ်အေးအေးသင်း (ခ) ဒေါ်အိမာ တို့၏သမီး **မအိစိုင်ဝင်း (၅/မမတ(နိုင်) ၁၀၁၆၀၈)** သည် မိဘတို့၏ ဆိုဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**

**ပျောက်ဆုံးကြောင်း**

ရွှေတံကောင်းမြို့နယ်နေ ကောင်းမြတ်အောင် (ဘ) ဦးမြင့်မွှေး(၁၄/ပပတ(နိုင်)၂၀၂၀၉၁)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၉၄၅၁၂၉၁၆

**ပျောက်ဆုံးကြောင်း**

ရေကြည်မြို့နေ သဲမွှန်အေး (ဘ) ဦးအောင်သန်းမြင့် (၁၄/ရကန(နိုင်)၁၁၁၆၈၀)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၉၄၂၁၃၃၁၆

**စာပေမြှင့်မှ လူမျိုးတင့်မည်**

"အဂတိပယ်ခွာ ပြည်သာယာ"

**Remove Corruption, Promote Prosperity**

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာသုဒ္ဓါနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး
- (က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။
- (ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
- (ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

၂။ စီးပွားရေး
- (က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
- (ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
- (ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

၃။ လူမှုရေး
- (က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- (ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- (ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

❖ မိမိတာဝန်ယူချိန်ကာလအတွင်း အခြေခံပညာကျောင်းများတွင် စိုက်ပျိုးမွေးမြူရေးနှင့်စက်မှုဆိုင်ရာပညာရပ်များ သင်ကြားနိုင်ရန်အတွက် ခရိုင်တစ်ခုတွင် တစ်ကျောင်း ဖွင့်လှစ်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိ...

❖ စိုက်ပျိုးရေးသိပ္ပံနှင့် မွေးမြူရေးသိပ္ပံများကို ဖွင့်လှစ်မှသာ စိုက်ပျိုး၊ မွေးမြူရေး လုပ်ငန်းများနှင့် စက်မှုလုပ်ငန်းများအတွက် ကျွမ်းကျင်သည့် လူသားအရင်းအမြစ်များ ရရှိလာမည်ဖြစ်...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၄ ရက်တွင် ကျင်းပပြုလုပ်သော ပြည်မရိုင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များကိုတွေ့ဆုံ၍ စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)**

# တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများ ဆက်လက်ကျင်းပ





**၂၀၂၂ ခုနှစ် တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများ ဆက်လက်ကျင်းပစဉ်။**

**နေပြည်တော် နိုဝင်ဘာ ၂၀**

၂၀၂၂ ခုနှစ် တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် သက်ဆိုင်ရာ အားကစားနည်းများအလိုက် သတ်မှတ်ထားသော အားကစားကွင်း၊ ရုံများတွင် ဆက်လက်ကျင်းပပြုလုပ်သည်။

တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများဖြစ်သည့် လက်ဝှေ့ပြိုင်ပွဲကို နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ တပ်နယ်အားကစားခန်းမ၌ ၄၈ ကီလိုလူသစ်တန်း(ဗိုလ်လုပွဲ)၊ ၅၄ ကီလိုလူသစ်တန်း (ဗိုလ်လုပွဲ)၊ ၆၇ ကီလိုလူသစ်တန်း(ဗိုလ်လုပွဲ)၊ ၇၁ ကီလိုလူသစ်တန်း(ဗိုလ်လုပွဲ)၊ ၅၁ ကီလို (က)အဆင့် (ဗိုလ်လုပွဲ)၊ကီလို ၆၀(က)အဆင့်(ဗိုလ်လုပွဲ)၊ ၇၁ ကီလို (က)အဆင့် (ဗိုလ်လုပွဲ)၊ ၅၁ ကီလို အလွတ်တန်း(ဗိုလ်လုပွဲ)၊ကီလို ၆၀ အလွတ်တန်း (ဗိုလ်လုပွဲ)၊၆၃ ဒသမ ၅ ကီလို အလွတ်တန်း (အကြိုဗိုလ်လုပွဲ)၊ ၆၇ ကီလို အလွတ်တန်း (ဗိုလ်လုပွဲ)၊ ၇၁ ကီလိုအလွတ်တန်း (ဗိုလ်လုပွဲ) ပွဲစဉ် လက်ဝှေ့ပြိုင်ပွဲများကို လည်းကောင်း၊ ဇေယျာသီရိ တပ်မတော်အားကစားကွင်း၌ ပြေး၊ ခုန်၊ ပစ်ပြိုင်ပွဲမှ မာရသွန် အပြေးပြိုင်ပွဲကိုလည်းကောင်း၊တိုက်ကွမ်ဒို ပြိုင်ပွဲကို ဇေယျာသီရိအားကစားရုံ (A) ၌ (ဂ)အဆင့် ပင်းဝိတ်တန်း ၅၄ ကီလိုအောက်၊

စာမျက်နှာ ၂၀ ကော်လံ ၁ ☆

## အချိန်အခါမဟုတ် မိုးရွာနိုင်မည့် သတိပေးချက်

**နေပြည်တော် နိုဝင်ဘာ ၂၀**

ယနေ့ညနေ ၃ နာရီခွဲအချိန်တိုင်းထွာချက်များအရ နိုဝင်ဘာ ၂၄ ရက်မှ ၂၉ ရက်အတွင်း အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏အရှိန်ကြောင့် ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ကယားပြည်နယ်၊ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားနှင့်နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲမိုးထစ်ချုန်းရွာနိုင်သည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် အချိန်အခါမဟုတ် မိုးရွာခြင်းနှင့်အတူ မိုးထစ်ချုန်းခြင်း၊မိုးကြိုးပစ်ခြင်း၊လျှပ်စီးလက်ခြင်းနှင့်မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုထားကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

